# အင်္ဂုတ္တရနိကာယ

# ဧကကနိပါတပါဠိ

နှင့်

မြန်မာဘာသာပြန်

ဟံသာဝတီ

၁၃၃၃၆

အင်္ဂုတ္တရနိကာယ

# ဧကကနိပါတပါဠိ

နှင့်

## မြန်မာဘာသာပြန်

(အခြေခံပါဠိစကားနည်း ပါရှိသည်။)

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်

၁၃၂၇-ခု (သာသနာ-၂၅၀၉) ၁၉၆၅-ခု

**အင်္ဂုတ္တရနိကာယ**

**ဧကကနိပါတပါဠိ ပုံနှိပ်ခြင်း**


ပဌမအကြိမ် ၁၉၆၅-ခု၊ ဇူလိုင်လ

ဒုတိယအကြိမ် ၁၉၆၅-ခု၊နိုဝင်ဘာလ

Made and Printed in the Union of Burma
by the Hanthawaddy Press. Rangoon.

★

ရန်ကုန်မြို့ အမှတ် ၅၃-နတ်မောက်လမ်းသွယ်ရှိ၊ဟံသာဝတီပုံနှိပ်တိုက်
အတွက်(မှတ်ပုံတင်အမှတ်၀၀၀၃-၀၀၀၄)ဦးဇော်ဝင်းက
ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ

## ဧကကနိပါတ


| | | |
|---|---|---|
| ၁။ | ရူပါဒိဝဂ္ဂ | ၁ |
| ၂။ | နီဝရဏပ္ပဟာနဝဂ္ဂ | [illegible] |
| ၃။ | အကမ္မနိယဝဂ္ဂ | ၁၂ |
| ၄။ | အဒန္တဝဂ္ဂ | ၁[illegible] |
| ၅။ | ပဏိဟိတအစ္ဆဝဂ္ဂ | ၁၈ |
| ၆။ | အစ္ဆရာသင်္ဃာတဝဂ္ဂ | ၂၄ |
| ၇။ | ဝီရိယာရမ္ဘာဒိဝဂ္ဂ | ၂၈ |
| ၈။ | ကလျာဏမိတ္တာဒိဝဂ္ဂ | ၃၄ |
| ၉။ | ပမာဒါဒိဝဂ္ဂ | ၃[illegible] |
| ၁၀။ | ဒုတိယပမာဒါဒိဝဂ္ဂ | ၄၄ |
| ၁၁။ | အဓမ္မဝဂ္ဂ | ၅၄ |
| ၁၂။ | အနာပတ္တိဝဂ္ဂ | ၅၆ |
| ၁၃။ | ဧကပုဂ္ဂလဝဂ္ဂ | ၆၀ |
| ၁၄။ | ဧတဒဂ္ဂဝဂ္ဂ ပဌမဝဂ္ဂ | ၆၄ |
| ၁၄။ | ဧတဒဂ္ဂဝဂ္ဂ ဒုတိယဝဂ္ဂ | ၆၆ |
| ၁၄။ | ဧတဒဂ္ဂဝဂ္ဂ တတိယဝဂ္ဂ | ၆၈ |
| ၁၄။ | ဧတဒဂ္ဂဝဂ္ဂ စတုတ္ထဝဂ္ဂ | ၇၀ |
| ၁၄။ | ဧတဒဂ္ဂဝဂ္ဂ ပဉ္စမဝဂ္ဂ | ၇၂ |
| ၁၄။ | ဧတဒဂ္ဂဝဂ္ဂ ဆဋ္ဌဝဂ္ဂ | ၇၄ |
| ၁၄။ | ဧတဒဂ္ဂဝဂ္ဂ သတ္တမဝဂ္ဂ | ၇၆ |
| ၁၅။ | အဋ္ဌာနပါဠိ ပဌမဝဂ္ဂ | ၇၈ |
| ၁၅။ | အဋ္ဌာနပါဠိ ဒုတိယဝဂ္ဂ | ၈၂ |
| ၁၅။ | အဋ္ဌာနပါဠိ တတိယဝဂ္ဂ | ၈၄ |
| ၁၆။ | ဧကဓမ္မပါဠိ ပဌမဝဂ္ဂ | ၈၇ |
| ၁၆။ | ဧကဓမ္မပါဠိ ဒုတိယဝဂ္ဂ | ၈၉ |
| ၁၆။ | ဧကဓမ္မပါဠိ တတိယဝဂ္ဂ | ၉၇ |

## ကေကနိပါတ

၁၆။ ကေမမ္မပါဠိ စတုတ္ထဝဂ္ဂ .... ၁၀၂
၁၇။ ပသာဒကရဓမ္မဝဂ္ဂ .... ၁၁၁
၁၈။ အပရအစ္ဆရာသင်္ဃာတဝဂ္ဂ .... ၁၁၂
၁၉။ ကာယဂတာသတိဝဂ္ဂ .... ၁၂၂
၂၀။ အမတဝဂ္ဂ .... ၁၃၀
၂၁။ နောက်ဆက်တွဲ အခြေခံ ပါဠိစီကိုးနည်း .... ၁၃၇
၂၂။ ကံ ကတ္တား ဝါကျ ပြောင်းလဲပုံများ လေ့ကျင့်ရန် .... ၁၆၅

# ပုံနှိပ်ခြင်းအကြောင်း

ပဌမပြန် စာမေးပွဲကို အင်းဝမြို့ ညောင်ရမ်းမင်းဆယ်ဆက်တွင် သုံးဆက်မြောက် သာလွန်မင်းတရားကြီးလက်ထက်မှစ၍ မင်းအဆက်ဆက်တို့က ကြီးမှူး၍ ကျင်းပလာခဲ့ရာ ပြဌာန်းသော ကျမ်းစာများမှာ သဒ္ဒါ, သင်္ဂြိုဟ်,ဒွေမာတိကာ,ဆန်း, အလင်္ကာ, အဘိဓာန်, သဒ္ဒတ္ထဘေဒစိန္တာ, ကစ္စာယနသာရ, ဝါစ္စဝါစက, ဝိဘတျတ္ထ, မာတိကာ, ဓာတုကထာ, ယမိုက်,ပဌာန်းများ ဖြစ်ပေသည်။

မြန်မာဘုရင်များ မရှိသည့်နောက် သက္ကရာဇ် ၁၂၅၇-နှစ် အင်္ဂလိပ်အစိုးရလက်ထက်မှစ၍ ယခုတော်လှန်ရေးအစိုးရ လက်ထက်တိုင်အောင် ပဌမပြန်စာမေးပွဲကို အစိုးရအဆက်ဆက်တို့က ကြီးမှူး၍ ကျင်းပလာခဲ့သည်၊ မြန်မာဘုရင်များလက်ထက် ကျင်းပစဉ်က ပြဌာန်းခဲ့သော ကျမ်းများအနက် သဒ္ဒါငယ်လေးကျမ်းကိုပယ်ဖျက်၍ ၎င်းအစား ဘာသာပြန်ကျမ်းများကို ထည့်သွင်းပြဌာန်းခဲ့ရာ ၎င်းကျမ်းများမှာ မဟာဇနကဇာတ်အဋ္ဌကထာ,မိလိန္ဒပဉှာ,ဓမ္မပဒအဋ္ဌကထာ, ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ, ကေကနိပါတ စသော ဇာတ်အဋ္ဌကထာများ ဖြစ်ခဲ့သည်၊

ထိုပြဌာန်းခဲ့သော ကျမ်းများကို ကြည့်ရှုလျှင် မိလိန္ဒပဉှာမှလွဲ၍ ကျန်ကျမ်းများမှာ အဋ္ဌကထာများဖြစ်နေသည်ကို တွေ့ရသည်၊ ပဌမပြန်စာမေးပွဲတွင် ဘာသာပြန်ကို ထည့်သွင်းထားရာ၌ ရည်ရွယ်ချက်မှာ ပါဠိကို မြန်မာဘာသာပြန်ဆိုနိုင်ရန်နှင့် မြန်မာဘာသာကို ပါဠိဝါကျစီကုံးနိုင်ရန်ဖြစ်သည်၊ ပါဠိကိုမြန်မာဘာသာပြန်ဆိုရာ၌ စကားပြေဝါကျချောမွေ့ပြေပြစ်ဘို့လိုအပ်သလို မြန်မာဘာသာကို ပါဠိ စီကုံးရာ၌လည်း စုဏ္ဏိယဝါကျ ချောမွေ့ပြေပြစ်ဘို့ လိုအပ်ပေသည်။

ပါဠိဝါကျများမှာ ဋီကာဂတိခေါ် ဋီကာဝါကျသွားနည်း, အဋ္ဌကထာဂတိခေါ် အဋ္ဌကထာဝါကျသွားနည်း, ပါဠိဂတိခေါ် ပါဠိတော်ဝါကျသွားနည်း စသည်ဖြင့် ဝါကျသွားနည်းအမျိုးမျိုးရှိရာ အဋ္ဌကထာကျမ်းများကို မှီရလျှင် အဋ္ဌကထာဝါကျသွားနည်းအတိုင်း စီကုံးတတ်ပေမည်၊ ပါဠိတော်ကျမ်းများကိုမှီလျှင် ပါဠိတော်ဝါကျနည်းအတိုင်း စီကုံးတတ်

## ပုံနှိပ်ခြင်းအကြောင်း

ပေမည်၊ယခု၁၃၂၇-ခု(၁၉၆၆)ခုနှစ်မှစ၍အင်္ဂုတ္တရနိကာယ်ကိုပြဋ္ဌာန်းသဖြင့် ပါဠိတော်ဝါကျသွားနည်းအတိုင်း သောတုဇနတို့ ပါဠိဝါကျ စီကုံးနိုင်ကြတော့မည့်အပြင် အင်္ဂုတ္တရနိကာယ်တွင်ပါရှိသော တရားတော်များကိုလည်း သိရှိခွင့်ရတော့မည် ဖြစ်သောကြောင့် ပဌမပြန်စာမေးပွဲဝင်သူများအဘို့ အလွန်ကျေးဇူးများလှပေသည်။

ပါဠိဘာသာကို မြန်မာဘာသာပြန်ဆိုရာ၌ စာမေးပွဲဝင်အရှင်သူမြတ်တို့ ချောမွေ့ပြေပြစ်သော စကားဝါကျ စီကုံးနိုင်စေရန်အတွက်၎င်း,လွယ်လွယ်ကူကူ ပြန်ဆိုနိုင်စေရန်အတွက်၎င်း ပေါ့ပါးစွာ ကိုင်တွယ်ကြည့်ရှုနိုင်စေရန်အတွက်၎င်း ဤရည်သံချက်ဖြင့် သက်ဆိုင်ရာ အတန်းအလိုက် ပါဠိ,မြန်မာ အထက်အောက်ပူးတွဲကာ ဘာသာပြန်ကျမ်းစာအဘို့ စာအုပ်အသီးသီးရိုက်နှိပ်ခဲ့သည့်အားလျော်စွာ ယခုလည်း စာမေးပွဲဝင် သောတုဇဉ် အလိုကျဖြစ်စေရန် ဆဋ္ဌမူပါဠိတော်နှင့် မြန်မာပြန်ကို အထက်အောက် ပူးတွဲကာ စာသားအတွင်းဂဏန်းငယ်ကလေးများဖြင့် ရှေးဇာတ်နိပါတ်ရိုက်စဉ်ကကဲ့သို့ ပုဒ်တိုင်း ပုဒ်တိုင်း ဖော်ပြလျက် ရိုက်နှိပ်ထားပါသည်။

ဤဘာသာပြန် ကျမ်းစာကို ရိုက်နှိပ်ရာ၌ ဆရာဦးခင်စိုး [သာသနဓဇ သီရိပဝရ ဓမ္မာစရိယ]နှင့် ဆရာ ဦးသိန်းဟန်(၁), ဦးတင်နွယ်, ဦးဟန်ထွန်း, ဦးပု, ဦးရွှေဖူး, ဦးသိန်းဟန်(၂) ဟံသာဝတီ ပါဠိဆရာများအဖွဲ့က ကောင်းစွာ သုတ်သင် ပြင်ဆင် ပုံနှိပ်အပ်သည်ဖြစ်ပါကြောင်း။

“ဟံသာဝတီ”

# အင်္ဂုတ္တရနိကာယ

# ဧကကနိပါတပါဠိ

နှင့်

# မြန်မာဘာသာပြန်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ရူပါဒိဝဂ္ဂ

၁။ [၁]ဧဝံ မေ သုတံ—ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ [၂]တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"တိ။ [၃]"ဘဒန္တေ" တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ [၄]ဘဂဝါ ဧတဒဝေါစ—

---

၁။ [၁]အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်-အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ [၂]ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။[၃]ရဟန်းတို့သည် "အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏။ [၄]မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏-

¹နာဟံ ဘိက္ခဝေ အညံ ဧကရူပမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ဣတ္ထိရူပံ။ ²ဣတ္ထိရူပံ ဘိက္ခဝေ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတီတိ။ ။ပဌမံ။

၂။ ¹နာဟံ ဘိက္ခဝေ အညံ ဧကသဒ္ဒမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ဣတ္ထိသဒ္ဒေါ။ ²ဣတ္ထိသဒ္ဒေါ ဘိက္ခဝေ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတီတိ။ ။ဒုတိယံ။

၃။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဂန္ဓမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ဣတ္ထိဂန္ဓော။ ²ဣတ္ထိဂန္ဓော ဘိက္ခဝေ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတီတိ။ ။တတိယံ။

---

¹ရဟန်းတို့ ဤမိန်းမ၏အဆင်းသည် ယောကျ်ား၏စိတ်ကို သိမ်းကျုံးယူငင်၍ တည်သကဲ့သို့ ဤအတူ ယောကျ်ား၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြားတခုသောအဆင်းကိုမျှလည်း ငါမမြင်၊ ²ရဟန်းတို့ မိန်းမ၏အဆင်းသည် ယောကျ်ား၏စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ဟု (မိန့်တော်မူ၏)။ ။ပဌမသုတ်။

၂။ ¹ရဟန်းတို့ ဤမိန်းမ၏အသံသည် ယောကျ်ား၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူ ယောကျ်ား၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြားတခုသော အသံကိုမျှလည်း ငါမမြင်၊ ²ရဟန်းတို့ မိန်းမ၏အသံသည် ယောကျ်ား၏စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ဟု(မိန့်တော်မူ၏)။ ။ဒုတိယသုတ်။

၃။ ¹ရဟန်းတို့ ဤမိန်းမ၏အနံ့သည် ယောကျ်ား၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူ ယောကျ်ား၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြားတခုသောအနံ့ကိုမျှလည်း ငါမမြင်၊ ²ရဟန်းတို့ မိန်းမ၏အနံ့သည် ယောကျ်ား၏စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ဟု (မိန့်တော်မူ၏)။ ။တတိယသုတ်။

၄။ [1]နာဟံ ဘိက္ခဝေ အညံ ဧကရသမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ဣတ္ထိရသော။ [2]ဣတ္ထိရသော ဘိက္ခဝေ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတီတိ။ ။စတုတ္ထံ။

၅။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဖောဋ္ဌဗ္ဗမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ဣတ္ထိဖောဋ္ဌဗ္ဗော။ [2]ဣတ္ထိဖောဋ္ဌဗ္ဗော ဘိက္ခဝေ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတီတိ။ ။ပဉ္စမံ။

၆။ [1]နာဟံ ဘိက္ခဝေ အညံ ဧကရူပမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဣတ္ထိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ပုရိသရူပံ။ [2]ပုရိသရူပံ ဘိက္ခဝေ ဣတ္ထိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတီတိ။ ။ဆဋ္ဌံ။

---

၄။ [1]ရဟန်းတို့ ဤမိန်းမ၏အရသာသည် ယောကျာ်း၏စိတ်ကိုသိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူယောကျာ်း၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြားတခုသော အရသာကိုမျှလည်း ငါမမြင်၊ [2]ရဟန်းတို့ မိန်းမ၏အရသာသည် ယောကျာ်း၏စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ဟု (မိန့်တော်မူ၏။) စတုတ္ထသုတ်။

၅။ [1]ရဟန်းတို့ ဤမိန်းမ၏အတွေ့သည် ယောကျာ်း၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူ ယောကျာ်း၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြားတခုသော အတွေ့ကိုမျှလည်း ငါမမြင်၊ [2]ရဟန်းတို့ မိန်းမ၏အတွေ့သည် ယောကျာ်း၏စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ဟု (မိန့်တော်မူ၏)။ ။ပဉ္စမသုတ်။

၆။ [1]ရဟန်းတို့ ဤယောကျာ်း၏အဆင်းသည် မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူ မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍ တည်သော အခြားတခုသော အဆင်းကိုမျှလည်း ငါမမြင်၊ [2]ရဟန်းတို့ ယောကျာ်း၏ အဆင်းသည် မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ဟု (မိန့်တော်မူ၏)။ ။ဆဋ္ဌသုတ်။

၇။ ^၁^နာဟံ ဘိက္ခဝေ အညံ ဧကသဒ္ဒမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဣတ္ထိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ပုရိသသဒ္ဒေါ။ ^၂^ပုရိသသဒ္ဒေါ ဘိက္ခဝေ ဣတ္ထိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတီတိ။ ။သတ္တမံ။

၈။ ^၁^နာဟံ ဘိက္ခဝေ အညံ ဧကဂန္ဓမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဣတ္ထိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ပုရိသဂန္ဓော။ ^၂^ပုရိသဂန္ဓော ဘိက္ခဝေ ဣတ္ထိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတီတိ။ ။အဋ္ဌမံ။

၉။ ^၁^နာဟံ ဘိက္ခဝေ အညံ ဧကရသမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဣတ္ထိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ပုရိသရသော။ ^၂^ပုရိသရသော ဘိက္ခဝေ ဣတ္ထိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတီတိ။ ။နဝမံ။

၁၀။ ^၁^နာဟံ ဘိက္ခဝေ အညံ ဧကဖောဋ္ဌဗ္ဗမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဣတ္ထိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊

---

၇။ ^၁^ရဟန်းတို့ ဤယောကျ်ား၏အသံသည် မိန်းမ၏စိတ်ကိုသိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူ မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြားတခုသော အသံကိုမျှလည်း ငါမမြင်၊ ^၂^ရဟန်းတို့ ယောကျ်ား၏ အသံသည် မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ဟု (မိန့်တော်မူ၏)။ ။သတ္တမသုတ်။

၈။ ^၁^ရဟန်းတို့ ဤယောကျ်ား၏အနံ့သည် မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူမိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သောအခြားတခုသောအနံ့ကိုမျှလည်း ငါမမြင်။ ^၂^ရဟန်းတို့ ယောကျ်ား၏ အနံ့သည် မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍ တည်၏ဟု (မိန့်တော်မူ၏)။ ။အဋ္ဌမသုတ်။

၉။ ^၁^ရဟန်းတို့ ဤယောကျ်ား၏အရသာသည် မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူ မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍ တည်သော အခြားတခုသော အရသာကိုမျှလည်း ငါမမြင်၊ ^၂^ရဟန်းတို့ ယောကျ်ား၏ အရသာသည် မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ဟု (မိန့်တော်မူ၏) နဝမသုတ်။

၁၀။ ^၁^ရဟန်းတို့ ဤယောကျ်ား၏ အတွေ့သည် မိန်းမ၏စိတ်ကိုသိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူ မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သော

ယထယိဒံ ဘိက္ခဝေ ပုရိသဖောဋ္ဌဗ္ဗော။ ¹ပုရိသဖောဋ္ဌဗ္ဗော ဘိက္ခဝေ ဣတ္ထိယာ စိတ္တံ ပရိယာဒါယ တိဋ္ဌတီတိ။ ။ဒသမံ။

ရူပါဒိဝဂ္ဂေါ ပဌမော။

## ၂-နီဝရဏပ္ပဟာနဝဂ္ဂ

၁၁၊ နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နော ဝါ ကာမစ္ဆန္ဒော ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နော ဝါ ကာမစ္ဆန္ဒော ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ သုဘနိမိတ္တံ။ ¹သုဘနိမိတ္တံ ဘိက္ခဝေ အယောနိသော မနသိ ကရောတော အနုပ္ပန္နော စေဝ ကာမစ္ဆန္ဒော ဥပ္ပဇ္ဇတိ၊ ²ဥပ္ပန္နော စ ကာမစ္ဆန္ဒော ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တတီတိ။ ။ပဌမံ။

---

အခြား တခုသောအတွေ့ကိုမျှလည်း ငါမမြင်၊ ¹ရဟန်းတို့ ယောက်ျား၏အတွေ့သည် မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ ဟု(မိန့်တော်မူ၏)။ ဒသမသုတ်။

ရှေးဦးစွာသော ရူပါဒိဝဂ်ပြီး၏။

---

၁၁။ °ရဟန်းတို့ ဤသုဘနိမိတ်(၁)သည် မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒ (၂)၏ဖြစ်ပေါ်ကြောင်း,ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒ၏လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒ၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒ၏လည်း အဖန်ဖန်ပြန့်ပြောစွာ ဖြစ်ကြောင်းဖြစ်သော အခြားတခုသော တရားကိုမျှလည်းငါမမြင်၊ ¹ရဟန်းတို့ သုဘနိမိတ်ကို မသင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသောကာမစ္ဆန္ဒသည်လည်း ဖြစ်ပေါ်၏၊ ²ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒသည်လည်း အဖန်ဖန်ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ပဌမသုတ်။

---

၁-ရာဂဖြစ်ကြောင်းနှစ်သက်ဖွယ်အာရုံ။ ။၂-ကာမဂုဏ်တို့၌ ဖြစ်ပေါ်သော လိုလားတောင့်တခြင်း။

၁၂။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာ-
မိ၊ ယေန အနုပ္ပန္နော ဝါ ဗျာပါဒေါ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နော
ဝါ ဗျာပါဒေါ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တ-
တိ၊ ယထယိဒံ ဘိက္ခဝေ ပဋိဃနိမိတ္တံ။ [2]ပဋိဃနိမိတ္တံ ဘိက္ခဝေ
အယောနိသော မနသိ ကရောတော အနုပ္ပန္နော စေဝ
ဗျာပါဒေါ ဥပ္ပဇ္ဇတိ၊ [3]ဥပ္ပန္နော စ ဗျာပါဒေါ ဘိယျော-
ဘာဝါယ ဝေပုလ္လာယ သံဝတ္တတီတိ။ ။ဒုတိယံ။

၁၃။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာ-
မိ၊ ယေန အနုပ္ပန္နံ ဝါ ထိနမိဒ္ဓံ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နံ ဝါ
ထိနမိဒ္ဓံ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တတိ၊
ယထယိဒံ ဘိက္ခဝေ အရတိ တန္ဒီ ဝိဇမ္ဘိတာ ဘတ္တသမ္မ-
ဒေါ စေတသော စ လီနတ္တံ။ [2]လီနစိတ္တဿ ဘိက္ခဝေ

၁၂။ [1]ရဟန်းတို့ ဤပဋိဃနိမိတ်(၁)သည် မဖြစ်ပေါ်သေးသောဗျာပါဒ(၂)
၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ဗျာပါဒ၏လည်း အဖန်ဖန် ပြန့်
ပြောစွာ ဖြစ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ဗျာပါဒ၏
လည်း ဖြစ်ပေါ်ကြောင်း,ဖြစ်ပေါ်ပြီးသော ဗျာပါဒ၏လည်း အဖန်ဖန် ပြန့်ပြော
စွာ ဖြစ်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်၊
[2]ရဟန်းတို့ ပဋိဃနိမိတ်ကို မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်း
သောသူအား မဖြစ်ပေါ်သေးသော ဗျာပါဒသည်လည်းဖြစ်ပေါ်၏၊ [3]ဖြစ်ပေါ်
ပြီးသောဗျာပါဒသည်လည်း အဖန်ဖန်ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ဖြစ်၏ဟု (မိန့်
တော်မူ၏)။ ။ဒုတိယသုတ်။

၁၃။ [1]ရဟန်းတို့ ဤမမွေ့လျော်ခြင်း,ပျင်းရိခြင်း,ကိုယ်လက်ဆန့်ငင်ခြင်း,
ထမင်းဆီယစ်ခြင်း,စိတ်၏ဆုတ်နစ်ခြင်းသည် မဖြစ်ပေါ်သေးသော ထိန (၃)
မိဒ္ဓ(၄)၏လည်းဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသောထိနမိဒ္ဓ၏လည်း အဖန်ဖန်
ပြန့်ပြောစွာ ဖြစ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ထိနမိဒ္ဓ
၏လည်း ဖြစ်ပေါ်ကြောင်း,ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓ၏လည်း အဖန်ဖန်ပြန့်
ပြောစွာ ဖြစ်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်၊

၁-ဒေါသဖြစ်ကြောင်း မနှစ်သက်ဖွယ်အာရုံ။ ။၂-သူတပါး
ကိုပျက်စီးစေလိုခြင်း။ ။၃-စိတ်၏မခန့်ကျန်းခြင်း လေးလံထိုင်း
မှိုင်းခြင်း။ ။၄-ကိုယ်၏မခန့်ကျန်းခြင်း လေးလံထိုင်းမှိုင်းခြင်း။

အနုပ္ပန္နဉ္စေဝ ထိနမိဒ္ဓံ ဥပ္ပဇ္ဇတိ၊ [၂]ဥပ္ပန္နဉ္စ ထိနမိဒ္ဓံ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တတီတိ။ ။တတိယံ။

၁၄။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နံ ဝါ ဥဒ္ဓစ္စကုက္ကုစ္စံ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နံ ဝါ ဥဒ္ဓစ္စကုက္ကုစ္စံ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စေတသော အဝူပသမော။ [၁]အဝူပသန္တစိတ္တဿ ဘိက္ခဝေ အနုပ္ပန္နဉ္စေဝ ဥဒ္ဓစ္စကုက္ကုစ္စံ ဥပ္ပဇ္ဇတိ၊ [၂]ဥပ္ပန္နဉ္စ ဥဒ္ဓစ္စကုက္ကုစ္စံ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တတီတိ။ ။စတုတ္ထံ။

၁၅။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နာ ဝါ

---

[၁] ရဟန်းတို့ ဆုတ်နစ်သော စိတ်ရှိသူအား မဖြစ်ပေါ်သေးသော ထိနမိဒ္ဓသည်လည်း ဖြစ်ပေါ်၏၊ [၂]ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓသည်လည်း အဖန်ဖန် ပြန့်ပြော စွာ ဖြစ်ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။တတိယသုတ်။

၁၄၊ [၁]ရဟန်းတို့ ဤစိတ်၏မငြိမ်းအေး(၁)ခြင်းသည် မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စ(၂)ကုက္ကုစ္စ(၃)၏လည်းဖြစ်ပေါ်ကြောင်း,ဖြစ်ပေါ်ပြီးသောဥဒ္ဓစ္စကုက္ကုစ္စ၏လည်း အဖန်ဖန်ပြန့်ပြောစွာ ဖြစ်ကြောင်းဖြစ်သကဲ့သို့ ဤအဘူ မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စ၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ၏လည်း အဖန်ဖန်ပြန့်ပြောစွာ ဖြစ်ကြောင်းဖြစ်သောအခြားတခုသော တရားကိုမျှလည်း ငါမမြင်။ [၁] ရဟန်းတို့ စိတ်မငြိမ်းအေးသောသူအား မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စသည်လည်း ဖြစ်ပေါ်၏၊ [၂]ဖြစ်ပေါ်ပြီးသောဥဒ္ဓစ္စကုက္ကုစ္စသည်လည်း အဖန်ဖန်ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။စတုတ္ထသုတ်။

၁၅။ [၁]ရဟန်းတို့ ဤမသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်း

---

၁-ရျာန်ဖြစ်သော်၎င်း ဝိပဿနာဖြစ်သော်၎င်း မငြိမ်းအေး စေအပ်သောစိတ်။ ။၂-စိတ်၏ပျံ့လွင့်ခြင်း။ ။၃-ပြုလိုက်မိသောမကောင်းမှု မပြုလိုက်မိသောကောင်းမှုကြောင့် ဖြစ်ပေါ်သော နှလုံးမသာခြင်း။ ။၄-အနိစ္စ၌ နိစ္စဟု ဒုက္ခ၌ သုခဟု အနတ္တ၌ အတ္တဟု အသုဘ၌ သုဘဟုမှားသောနည်းလမ်းဖြင့် စိတ်၌ထားခြင်း။ ။၅-ဘုရား တရား သံဃာ သိက္ခာစသည်တို့၌ သို့လော သို့လော တွေးတောယုံမှားခြင်း။

ဝိစိကိစ္ဆာ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ အယောနိသော မနသိကာရော။ ²အယောနိသော ဘိက္ခဝေ မနသိ ကရောတော အနုပ္ပန္နာ စေဝ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ³ဥပ္ပန္နာ စ ဝိစိကိစ္ဆာ ဘိယျော-ဘာဝါယ ဝေပုလ္လာယ သံဝတ္တတီတိ။ ။ပဉ္စမံ။

၁၆။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာ-မိ၊ ယေန အနုပ္ပန္နော ဝါ ကာမစ္ဆန္ဒော နုပ္ပဇ္ဇတိ၊ ဥပ္ပ-န္နော ဝါ ကာမစ္ဆန္ဒော ပဟီယတိ၊ ယထယိဒံ ဘိက္ခဝေ အသုဘနိမိတ္တံ။ ²အသုဘနိမိတ္တံ ဘိက္ခဝေ ယောနိသော မနသိ ကရောတော အနုပ္ပန္နော စေဝ ကာမစ္ဆန္ဒော နုပ္ပ-ဇ္ဇတိ၊ ³ဥပ္ပန္နော စ ကာမစ္ဆန္ဒော ပဟီယတီတိ။ ။ဆဋ္ဌံ။

---

ခြင်း(၄)သည် မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာ(၅)၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာ၏လည်း အဖန်ဖန်ပြန့်ပြောခွာ ဖြစ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာ၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာ၏လည်း အဖန်ဖန်ပြန့်ပြောခွာ ဖြစ်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။² ရဟန်းတို့ မသင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာသည်လည်း ဖြစ်ပေါ်၏၊³ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာသည်လည်း အဖန်ဖန်ပြန့်ပြောခွာ ဖြစ်ခြင်းငှါ ဖြစ်၏ဟု(မိန့်တော်မူ၏)။ ။ပဉ္စမသုတ်။

၁၆။ ¹ ရဟန်းတို့ ဤအသုဘနိမိတ်သည် (၁) မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒ၏လည်း မဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒ၏လည်း ကင်းပျောက်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒ၏လည်း မဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒ၏လည်း ကင်းပျောက်ကြောင်းဖြစ်သော အခြားတခုသောတရားကိုမျှလည်း ငါမမြင်။ ² ရဟန်းတို့ အသုဘနိမိတ်ကို သင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒသည်လည်း မဖြစ်ပေါ်၊ ³ ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒသည်လည်း ကင်းပျောက်၏ဟု (မိန့်တော်မူ၏)။ ။ဆဋ္ဌသုတ်။

---

၁-ဥဒ္ဓုမာတက စသည့် အသုဘဆယ်ပါး၌ဖြစ်သော အာရုံနှင့်တကွသော ပဋိမချာန်။

၁၇။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နော ဝါ ဗျာပါဒေါ နုပ္ပဇ္ဇတိ၊ ဥပ္ပန္နော ဝါ ဗျာပါဒေါ ပဟီယတိ၊ ယထယိဒံ ဘိက္ခဝေ မေတ္တာ စေတောဝိမုတ္တိ။ [2]မေတ္တံ ဘိက္ခဝေ စေတောဝိမုတ္တိံ ယောနိသော မနသိ ကရောတော အနုပ္ပန္နော စေဝ ဗျာပါဒေါ နုပ္ပဇ္ဇတိ၊ [3]ဥပ္ပန္နော စ ဗျာပါဒေါ ပဟီယတီတိ။ ။ သတ္တမံ။

၁၈။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နံ ဝါ ထိနမိဒ္ဓံ နုပ္ပဇ္ဇတိ၊ ဥပ္ပန္နံ ဝါ ထိနမိဒ္ဓံ ပဟီယတိ၊ ယထယိဒံ ဘိက္ခဝေ အာရမ္ဘဓာတု နိက္ကမဓာတု ပရက္ကမဓာတု။ [2]အာရဒ္ဓဝီရိယဿ ဘိက္ခဝေ

---

၁၇။ [1]ရဟန်းတို့ ဤမေတ္တာစေတောဝိမုတ္တိ (၁) သည် မဖြစ်ပေါ်သေးသော ဗျာပါဒ၏လည်း မဖြစ်ပေါ်ကြောင်း,ဖြစ်ပေါ်ပြီးသော ဗျာပါဒ၏လည်း ကင်းပျောက်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ဗျာပါဒ၏လည်း မဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ဗျာပါဒ၏လည်း ကင်းပျောက်ကြောင်းဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ [2]ရဟန်းတို့ စေတောဝိမုတ္တိကို သင့်လျော်သောအကြောင်းအားဖြင့်နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ဗျာပါဒသည်လည်း မဖြစ်ပေါ်၊ [3]ဖြစ်ပေါ်ပြီးသောဗျာပါဒသည်လည်း ကင်းပျောက်၏ဟု(မိန့်တော်မူ၏)။ ။သတ္တမသုတ်။

၁၈၊ [1]ရဟန်းတို့ ဤအာရမ္ဘဓာတ်, (၂)နိက္ကမဓာတ်, (၃)ပရက္ကမဓာတ် (၄)သည် မဖြစ်ပေါ်သေးသော ထိနမိဒ္ဓ၏လည်း မဖြစ်ပေါ်ကြောင်း,ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓ၏လည်း ကင်းပျောက်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ထိနမိဒ္ဓ၏လည်း မဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓ၏လည်း ကင်းပျောက်ကြောင်းဖြစ်သော အခြားတခုသောတရားကိုမျှလည်း ငါမမြင်။ [2]ရဟန်းတို့ ထက်သန်သော လုံ့လရှိသောသူအား မဖြစ်ပေါ်သေး

---

၁-ဗျာပါဒမှလွတ်သော စိတ်နှင့်ယှဉ်သောမေတ္တာဈာန်။ ။ ၂-ဦးစွာအစအားထုတ်ခြင်း။ ။၃-ပျင်းရိမှုမှလွတ်မြောက်အောင် အားထုတ်ခြင်း။ ။၄-နိက္ကမဓာတ်ထက် လွန်ကဲအောင်အားထုတ်ခြင်း။

အနုပ္ပန္နဉ္စေဝ ထိနမိဒ္ဓံ နုပ္ပဇ္ဇတိ၊ [3]ဥပ္ပန္နဉ္စ ထိနမိဒ္ဓံ ပဟီယ-တီတိ။ ။အဋ္ဌမံ။

၁၉။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာ-မိ၊ ယေန အနုပ္ပန္နံ ဝါ ဥဒ္ဓစ္စကုက္ကုစ္စံ နုပ္ပဇ္ဇတိ၊ ဥပ္ပန္နံ ဝါ ဥဒ္ဓစ္စကုက္ကုစ္စံ ပဟီယတိ၊ ယထယိဒံ ဘိက္ခဝေ စေတသော ဝူပသမော။ [2]ဝူပသန္တစိတ္တဿ ဘိက္ခဝေ အနုပ္ပန္နဉ္စေဝ ဥဒ္ဓစ္စ-ကုက္ကုစ္စံ နုပ္ပဇ္ဇတိ၊ [3]ဥပ္ပန္နဉ္စ ဥဒ္ဓစ္စကုက္ကုစ္စံ ပဟီယတီတိ။ ။နဝမံ။

၂၀။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာ-မိ၊ ယေန အနုပ္ပန္နာ ဝါ ဝိစိကိစ္ဆာ နုပ္ပဇ္ဇတိ၊ ဥပ္ပန္နာ ဝါ ဝိစိကိစ္ဆာ ပဟီယတိ၊ ယထယိဒံ ဘိက္ခဝေ ယောနိသော မနသိကာရော။ [2]ယောနိသော ဘိက္ခဝေ မနသိ ကရော-

---

သော ထိနမိဒ္ဓသည်လည်းမဖြစ်ပေါ်၊ [3]ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓသည်လည်း ကင်းပျောက်၏ဟု (မိန့်တော်မူ၏)။ ။အဋ္ဌမသုတ်။

၁၉။ [1]ရဟန်းတို့ ဤစိတ်၏ ငြိမ်းအေးခြင်းသည် မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စ၏လည်း မဖြစ်ပေါ်ကြောင်း,ဖြစ်ပေါ်ပြီးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏ လည်း ကင်းပျောက်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏လည်း မဖြစ်ပေါ်ကြောင်း,ဖြစ်ပေါ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ၏လည်း ကင်းပျောက်ကြောင်းဖြစ်သော အခြားဘခုသော တရားကိုမျှလည်း ငါမမြင်။ [2]ရဟန်းတို့ ငြိမ်းအေးသောစိတ်ရှိသောသူအား မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စ ကုက္ကုစ္စသည်သည်း မဖြစ်ပေါ်၊ [3]ဖြစ်ပေါ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ သည်လည်း ကင်းပျောက်၏ဟု (မိန့်တော်မူ၏)။ ။နဝမသုတ်။

၂၀။ [1]ရဟန်းတို့ ဤသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း (၁)သည် မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာ၏လည်း မဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာ၏လည်း ကင်းပျောက်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာ၏လည်း မဖြစ်ပေါ်ကြောင်း,ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာ၏လည်း ကင်းပျောက်ကြောင်းဖြစ်သော အခြားတခုသော တရား

---

၁-အနိစ္စ၌ အနိစ္စဟု ဒုက္ခ၌ ဒုက္ခဟု အနတ္တ၌ အနတ္တဟု အသုဘ၌ အသုဘဟု မှန်သောနည်းလမ်းဖြင့် စိတ်၌ ထားခြင်း။

တော အနုပ္ပန္နာ စေဝ ဝိစိကိစ္ဆာ နုပ္ပဇ္ဇတိ၊ [၃]ဥပ္ပန္နာ စ ဝိစိကိစ္ဆာ ပဟီယတီတိ။ ။ဒသမံ။

နီဝရဏပ္ပဟာနဝဂ္ဂေါ ဒုတိယော။

## ၃-အကမ္မနိယဝဂ္ဂ

၂၁။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ အဘာဝိတံ အကမ္မနိယံ ဟောတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ [၂]စိတ္တံ ဘိက္ခဝေ အဘာဝိတံ အကမ္မနိယံ ဟောတီတိ။ ။ပဌမံ။

၂၂။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ယံ ဧဝံ ဘာဝိတံ ကမ္မနိယံ ဟောတိ၊ ယထယိဒံ

ကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာသည်လည်း မဖြစ်ပေါ်၊ [၃]ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာသည်လည်း ကင်းပျောက်၏ ဟု (မိန့်တော်မူ၏)။ ။ဒသမသုတ်။

နှစ်ခုမြောက် နီဝရဏပ္ပဟာနဝဂ် ပြီး၏။

၂၁။ [၁]ရဟန်းတို့ မပွါးများအပ်သေးသော(၁)၌စိတ် (၂)သည်ပြုခြင်းငှါ မသင့်လျော် မလွယ်ကူ (၃) သကဲ့သို့ ဤအတူ ပြုခြင်းငှါ မသင့်လျော် မလွယ်ကူသော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ မပွါးများအပ်သေးသော စိတ်သည် ပြုခြင်းငှါ မသင့်လျော် မလွယ်ကူဟု(မိန့်တော်မူ၏) ပဌမသုတ်။

၂၂။ [၁]ရဟန်းတို့ ပွါးများအပ်ပြီးသော (၄) ၌စိတ် (၅) သည် ပြုခြင်းငှါ သင့်လျော် လွယ်ကူသကဲ့သို့ ဤအတူ ပြုခြင်းငှါ သင့်လျော်လွယ်ကူသောအခြား

၁-ဘာဝနာ၏ အစွမ်းဖြင့် မပွါးများအပ်သေး မဖြစ်စေအပ်သေးသော။ ။၂-ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော လောကီစိတ်။ ။၃-ပါဒကချွန် ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်တို့သို့ ရောက်အောင် ပြုခြင်းငှါ မသင့်လျော် မလွယ်ကူ။ ။၄-ဘာဝနာ အစွမ်းဖြင့် ပွါးများအပ်ပြီး ဖြစ်စေအပ်ပြီးသော။ ။၅-ဝဋ်ဆင်းရဲမှကင်းလွတ်သော လောကုတ္တရာစိတ်။

ဘိက္ခဝေ စိတ္တံ။ [၂]စိတ္တံ ဘိက္ခဝေ ဘာဝိတံ ကမ္မနိယံ ဟောတီတိ။ ။ဒုတိယံ။

၂၃။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ အဘာဝိတံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ [၂]စိတ္တံ ဘိက္ခဝေ အဘာဝိတံ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။တတိယံ။

၂၄။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဘာဝိတံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ [၂]စိတ္တံ ဘိက္ခဝေ ဘာဝိတံ မဟတော အတ္ထာယ သံဝတ္တတီတိ။ ။စတုတ္ထံ။

၂၅။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ အဘာဝိတံ အပါတုဘူတံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ [၂]စိတ္တံ ဘိက္ခဝေ

---

တခု သော တရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ ပွါးများအပ်ပြီးသော စိတ်သည် ပြုခြင်းငှါ သင့်လျော် လွယ်ကူ၏ ဟု (မိန့်တော်မူ၏)။ ။ဒုတိယသုတ်။

၂၃။ [၁]ရဟန်းတို့ မပွါးများအပ်သေးသော ဤ စိတ်သည် များစွာ အကျိုး မဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ မပွါးများ အပ်သေးသော စိတ်သည် များစွာအကျိုးမဲ့ခြင်းငှါဖြစ်၏ ဟု (မိန့်တော်မူ၏)။ ။တတိယသုတ်။

၂၄။ [၁]ရဟန်းတို့ ပွါးများအပ်ပြီးသော ဤ စိတ်သည် များစွာ အကျိုးရှိ ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြားတခု သော တရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ ပွါးများအပ်ပြီးသော စိတ်သည် များစွာအကျိုး ရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ ။စတုတ္ထသုတ်။

၂၅။ [၁]ရဟန်းတို့ မပွါးများအပ်သေးသော ထင်ရှားမဖြစ်ပေါ်သေးသော ဤစိတ်သည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးမဲ့ခြင်း ငှါဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ မပွါး

အဘာဝိတံ အပါတုဘူတံ မဟတော အနတ္ထာယ သံဝတ္တ-တီတိ။ ။ပဥ္စမံ။

၂၆။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဘာဝိတံ ပါတုဘူတံ မဟတော အတ္ထာယ သံဝတ္တ-တိ။ယထယိဒံ ဘိက္ခဝေ စိတ္တံ။ ²စိတ္တံ ဘိက္ခဝေ ဘာဝိတံ ပါတုဘူတံ မဟတော အတ္ထာယ သံဝတ္တတီတိ။ ။ဆဋ္ဌံ။

၂၇။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ အဘာဝိတံ အဗဟုလီကတံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ ²စိတ္တံ ဘိက္ခဝေ အဘာဝိတံ အဗဟုလီကတံ မဟတော အနတ္ထာယ သံဝတ္တ-တီတိ။ ။သတ္တမံ။

၂၈။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဘာဝိတံ ဗဟုလီကတံ မဟတော အတ္ထာယ

---

များအပ်သေးသော ထင်ရှားမဖြစ်ပေါ်သေးသော စိတ်သည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ ။ပဉ္စမသုတ်။

၂၆။ ¹ရဟန်းတို့ ပွါးများအပ်ပြီးသော ထင်ရှားဖြစ်ပေါ်ပြီးသော ဤစိတ်သည် များစွာအကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးရှိခြင်းငှါဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ²ရဟန်းတို့ ပွါးများအပ်ပြီးသော ထင်ရှားဖြစ်ပေါ်ပြီးသော စိတ်သည် များစွာအကျိုးရှိခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ဆဋ္ဌသုတ်။

၂၇။ ¹ရဟန်းတို့ မပွါးများအပ်သေးသော အဖန်ဖန်အလေ့အလာ မပြုအပ်သေးသော ဤစိတ်သည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူများစွာအကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ²ရဟန်းတို့ မပွါးများအပ်သေးသော အဖန်ဖန်အလေ့အလာမပြုအပ်သေးသော စိတ်သည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။သတ္တမသုတ်။

၂၈။ ¹ရဟန်းတို့ ပွါးများအပ်ပြီးသော အဖန်ဖန်အလေ့အလာ ပြုအပ်ပြီးသောဤစိတ်သည် များစွာအကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုး

သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ [2]စိတ္တံ ဘိက္ခဝေ ဘာဝိတံ ဗဟုလီကတံ မဟတော အတ္ထာယ သံဝတ္တတီတိ။ ။အဋ္ဌမံ။

၂၉။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ အဘာဝိတံ အဗဟုလီကတံ ဒုက္ခာဓိဝါဟံ ဟောတိ။ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ [2]စိတ္တံ ဘိက္ခဝေ အဘာဝိတံ အဗဟုလီကတံ ဒုက္ခာဓိဝါဟံ ဟောတီတိ။ ။နဝမံ။

၃၀။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဘာဝိတံ ဗဟုလီကတံ သုခါဓိဝါဟံ ဟောတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ [2]စိတ္တံ ဘိက္ခဝေ ဘာဝိတံ ဗဟုလီကတံ သုခါဓိဝါဟံ ဟောတီတိ။ ။ဒသမံ။

အကမ္မနိယဝဂ္ဂေါ တတိယော။

---

ရှိခြင်း၏ငှါဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ [2]ရဟန်းတို့ ပွါးများအပ်ပြီးသော အဖန်ဖန်အလေ့အလာပြုအပ်ပြီးသောစိတ်သည် များစွာ အကျိုးရှိခြင်းငှါဖြစ်၏ ဟု (မိန့်တော်မူ၏)။ ။အဋ္ဌမသုတ်။

၂၉။ [1]ရဟန်းတို့ မပွါးများအပ်သေးသော အဖန်ဖန် အလေ့အလာ မပြုအပ်သေးသော ဤစိတ်သည် ဆင်းရဲဒုက္ခကိုဆောင်သကဲ့သို့ ဤအတူ ဆင်းရဲဒုက္ခကို ဆောင်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ [2]ရဟန်းတို့ မပွါးများအပ်သေးသော အဖန်ဖန် အလေ့အလာမပြုအပ်သေးသော စိတ်သည် ဆင်းရဲဒုက္ခကိုဆောင်၏ ဟု (မိန့်တော်မူ၏)။ ။နဝမသုတ်။

၃၀။ [1]ရဟန်းတို့ ပွါးများအပ်ပြီးသော အဖန်ဖန် အလေ့အလာပြုအပ်ပြီးသော ဤစိတ်သည် ချမ်းသာသုခကို ဆောင်သကဲ့သို့ ဤအတူ ချမ်းသာသုခကို ဆောင်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ [2]ရဟန်းတို့ ပွါးများအပ်ပြီးသော အဖန်ဖန် အလေ့အလာပြုအပ်ပြီးသော စိတ်သည် ချမ်းသာသုခကိုဆောင်၏ ဟု (မိန့်တော်မူ၏)။ ။ဒသမသုတ်။

သုံးခုမြောက် အကမ္မနိယဝဂ် ပြီး၏။

## ၄-အဒန္တဝဂ္ဂ

၃၁။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ အဒန္တံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ [၂]စိတ္တံ ဘိက္ခဝေ အဒန္တံ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။ပဌမံ။

၃၂။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဒန္တံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ [၂]စိတ္တံ ဘိက္ခဝေ ဒန္တံ မဟတော အတ္ထာယ သံဝတ္တတီတိ။ ။ဒုတိယံ။

၃၃။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ အဂုတ္တံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ [၂]စိတ္တံ ဘိက္ခဝေ အဂုတ္တံ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။တတိယံ။

---

၃၁။ [၁]ရဟန်းတို့ မဆုံးမအပ်သော ဤစိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးမဲ့ခြင်းငှါဖြစ်သော အခြားတခုသောတရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ မဆုံးမအပ်သောစိတ်သည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ပဌမသုတ်။

၃၂။ [၁]ရဟန်းတို့ ဆုံးမအပ်သော ဤစိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးရှိခြင်းငှါဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ ဆုံးမအပ်သောစိတ်သည် များစွာအကျိုးရှိခြင်း ငှါဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ဒုတိယသုတ်။

၃၃။ [၁]ရဟန်းတို့ မလုံခြုံစေအပ်သော ဤစိတ်သည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးမဲ့ခြင်းငှါဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ မလုံခြုံစေအပ်သောစိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါဖြစ်၏ဟု (မိန့်တော်မူ၏)။ ။တတိယသုတ်။

၃၄။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဂုတ္တံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ ²စိတ္တံ ဘိက္ခဝေ ဂုတ္တံ မဟတော အတ္ထာယ သံဝတ္တတီတိ။ ။စတုတ္ထံ။

၃၅။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ အရက္ခိတံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ ²စိတ္တံ ဘိက္ခဝေ အရက္ခိတံ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။ပဉ္စမံ။

၃၆။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ရက္ခိတံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ ²စိတ္တံ ဘိက္ခဝေ ရက္ခိတံ မဟတော အတ္ထာယ သံဝတ္တတီတိ။ ။ဆဋ္ဌံ။

၃၇။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ အသံဝုတံ မဟတော အနတ္ထာယ သံဝတ္တတိ၊

---

၃၄။ ¹ရဟန်းတို့ လုံခြုံစေအပ်သော ဤစိတ်သည် များစွာအကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးရှိခြင်းငှါ ဖြစ်သောအခြားတခုသောတရားကိုမျှလည်း ငါမမြင်။ ² ရဟန်းတို့ လုံခြုံစေအပ်သော စိတ်သည်များစွာအကျိုးရှိခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။စတုတ္ထသုတ်။

၃၅။ ¹ရဟန်းတို့ မစောင့်ရှောက်အပ်သော ဤစိတ်သည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ² ရဟန်းတို့ မစောင့်ရှောက်အပ်သော စိတ်သည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ပဉ္စမသုတ်။

၃၆။ ¹ရဟန်းတို့ စောင့်ရှောက်အပ်သော ဤစိတ်သည် များစွာအကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ²ရဟန်းတို့ စောင့်ရှောက်အပ်သော စိတ်သည် များစွာအကျိုးရှိခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ဆဋ္ဌသုတ်။

၃၇။ ¹ရဟန်းတို့ မဆို့ပိတ်အပ်သော ဤစိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား

ယထယိဒံ ဘိက္ခဝေ စိတ္တံ။ ²စိတ္တံ ဘိက္ခဝေ အသံဝုတံ မဟာတော အနတ္ထာယ သံဝတ္တတီတိ။ ။သတ္တမံ။

၃၈။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ သံဝုတံ မဟာတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ ²စိတ္တံ ဘိက္ခဝေ သံဝုတံ မဟာတော အတ္ထာယ သံဝတ္တတီတိ။ ။အဋ္ဌမံ။

၃၉။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ အဒန္တံ အဂုတ္တံ အရက္ခိတံ အသံဝုတံ မဟာတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။ ²စိတ္တံ ဘိက္ခဝေ အဒန္တံ အဂုတ္တံ အရက္ခိတံ အသံဝုတံ မဟာတော အနတ္ထာယ သံဝတ္တတီတိ။ ။နဝမံ။

၄၀။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဒန္တံ ဂုတ္တံ ရက္ခိတံ သံဝုတံ မဟာတော အတ္ထာ-

---

တခုသောတရားကိုမျှလည်း ငါမမြင်။ ²ရဟန်းတို့ မဆို့ပိတ်အပ်သော စိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါဖြစ်၏ဟု (မိန့်တော်မူ၏)။ ။သတ္တမသုတ်။

၃၈။ ¹ရဟန်းတို့ ဆို့ပိတ်အပ်သော ဤစိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးရှိခြင်းငှါဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ²ရဟန်းတို့ ဆို့ပိတ်အပ်သောစိတ်သည် များစွာ အကျိုးရှိခြင်းငှါဖြစ်၏ဟု (မိန့်တော်မူ၏)။ ။အဋ္ဌမသုတ်။

၃၉။ ¹ရဟန်းတို့ မဆုံးမအပ် မလုံခြုံစေအပ် မစောင့်ရှောက်အပ် မဆို့ပိတ်အပ်သောစိတ်သည် များစွာအကျိုးမဲ့ခြင်းငှါဖြစ်သကဲ့သို့ ဤအတူများစွာအကျိုးမဲ့ခြင်းငှါဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ²ရဟန်းတို့ မဆုံးမအပ် မလုံခြုံစေအပ် မစောင့်ရှောက်အပ် မဆို့ပိတ်အပ်သော စိတ်သည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ ။နဝမသုတ်။

၄၀။ ¹ရဟန်းတို့ ဆုံးမအပ် လုံခြုံစေအပ် စောင့်ရှောက်အပ် ဆို့ပိတ်အပ်သောစိတ်သည် များစွာအကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုး

ယ သံဝတ္တတိ၊ ယာထယိဒံ ဘိက္ခဝေ စိတ္တံ။ [၂]စိတ္တံ ဘိက္ခဝေ ဒန္တံ ဂုတ္တံ ရက္ခိတံ သံဝုတံ မဟတော အတ္ထာယ သံဝတ္တ-တီတိ။ ။ဒသမံ။

အဒန္တဝဂ္ဂေါ စတုတ္ထော။

---

## ၅-ပဏိဟိတအစ္ဆဝဂ္ဂ

၄၁။ [၁]သေယျထာပိ ဘိက္ခဝေ သာလိသူကံ ဝါ ယဝ-သူကံ ဝါ မိစ္ဆာပဏိဟိတံ ဟတ္ထေန ဝါ ပါဒေန ဝါ အက္ကန္တံ ဟတ္ထံ ဝါ ပါဒံ ဝါ ဘေစ္ဆတိ၊ လောဟိတံ ဝါ ဥပ္ပါဒေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။ [၂]တံ ကိဿ ဟေ-တု၊ [၃]မိစ္ဆာပဏိဟိတတ္တာ ဘိက္ခဝေ သူကဿ။ [၄]ဧဝမေဝ ခေါ ဘိက္ခဝေ သော ဝတ ဘိက္ခု မိစ္ဆာပဏိဟိတေန

---

ရှိခြင်းငှါဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ ဆုံးမအပ် လုံခြုံစေအပ် စောင့်ရှောက်အပ် ဆို့ပိတ်အပ်သော စိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ဒသမသုတ်။

ခလေးခုမြောက် အဒန္တဝဂ် ပြီး၏။

---

၄၁။ [၁]ရဟန်းတို့ ဥပမာသော်ကား မကောင်းသဖြင့်ထားအပ်သော(၁) သလေးစပါးဆူးကိုဖြစ်စေ မုယောစပါးဆူးကိုဖြစ်စေ လက်ဖြင့် နှိပ်သော်၎င်း ခြေဖြင့်နင်းသော်၎င်း လက်ကိုသော်၎င်း ခြေကိုသော်၎င်း စူးမူလည်းစူးလတ္တံ့၊ သွေးကိုဖြစ်စေမူ လည်း ဖြစ်စေလတ္တံ့ဟူသော၍အကြောင်းသည် မရှိ၊ [၂]ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ [၃]ရဟန်းတို့ ဆူးကိုမကောင်းသဖြင့် ထားအပ်သောကြောင့်ပေတည်း၊ [၄]ရဟန်းတို့ ဤအတူပင် ထိုရဟန်းသည် မကောင်းသဖြင့် ထားအပ်သောစိတ်ဖြင့်အဝိဇ္ဇာ (၂)ကိုစင်စစ်ခွဲဖျက်လတ္တံ့၊ [၅]ဝိဇ္ဇာ (၃)ကိုဖြစ်စေ

---

၁-စူးလတ္တံ့သော အခြင်းအရာဖြင့် ဆူးအဖျားကို အထက်သို့ ထောင်မထားခြင်းကို ဆိုသည်။ ။၂-သစ္စာလေးပါးကို မသိမြင်အောင် ဖုံးလွှမ်းသော မောဟမှောင်တိုက်။ ။၃-မောဟမှောင်တိုက်ကိုဖောက်ခွဲ၍ သိမြင်သော အရဟတ္တမဂ်ဉာဏ်။

စိတ္တေန အဝိဇ္ဇံ ဘေစ္ဆတိ၊ [၅]ဝိဇ္ဇံ ဥပ္ပါဒေဿတိ၊ [၆]နိဗ္ဗာနံ သစ္ဆိကရိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။ [၇]တံ ကိဿ ဟေတု၊ [၈]မိစ္ဆာပဏိဟိတတ္တာ ဘိက္ခဝေ စိတ္တဿာတိ။ ။ပဌမံ။

၄၂။ [၁]သေယျထာပိ ဘိက္ခဝေ သာလိသူကံ ဝါ ယဝသူကံ ဝါ သမ္မာပဏိဟိတံ ဟတ္ထေန ဝါ ပါဒေန ဝါ အက္ကန္တံ ဟတ္ထံ ဝါ ပါဒံ ဝါ ဘေစ္ဆတိ၊ လောဟိတံ ဝါ ဥပ္ပါဒေဿတီတိ ဌာနမေတံ ဝိဇ္ဇတိ။ [၂]တံ ကိဿ ဟေတု၊ [၃]သမ္မာပဏိဟိတတ္တာ ဘိက္ခဝေ သူကဿ။ [၄]ဧဝမေဝ ခေါ ဘိက္ခဝေ သော ဝတ ဘိက္ခု သမ္မာပဏိဟိတေန စိတ္တေန အဝိဇ္ဇံ ဘေစ္ဆတိ၊ [၅]ဝိဇ္ဇံ ဥပ္ပါဒေဿတိ၊ [၆]နိဗ္ဗာနံ သစ္ဆိကရိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ။ [၇]တံ ကိဿ ဟေတု၊ [၈]သမ္မာပဏိဟိတတ္တာ ဘိက္ခဝေ စိတ္တဿာတိ။ ။ဒုတိယံ။

၄၃။ [၁]ဣဓာဟံ ဘိက္ခဝေ ဧကစ္စံ ပုဂ္ဂလံ ပဒုဋ္ဌစိတ္တံ ဧဝံ စေတသာ စေတော ပရိစ္စ ပဇာနာမိ၊ [၂]ဣမမှိ စေ

---

လတ္တံ့၊ [၆] နိဗ္ဗာန်ကို မျက်မှောက်ပြုလတ္တံ့ ဟူသော ဤအကြောင်းသည် မရှိ။ [၇]ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ [၈] ရဟန်းတို့ စိတ်ကို မကောင်းသဖြင့် ထားအပ်သောကြောင့်ပေတည်း ဟု (မိန့်တော်မူ၏)။ ။ပဌမသုတ်။

၄၂။ [၁]ရဟန်းတို့ ဥပမာသော်ကား ကောင်းစွာထားအပ်သော သလေး စပါး ဆူးကိုဖြစ်စေ, မုယောစပါးဆူးကို ဖြစ်စေ,လက်ဖြင့်နှိပ်သော်ငြားငြား,ခြေဖြင့် နင်းသော်ငြား, လက်ကိုသော်ငြား, ခြေကိုသော်ငြား စူးမူလည်း စူးလတ္တံ့၊ သွေးကိုဖြစ်စေမူလည်း ဖြစ်စေလတ္တံ့ ဟူသော ဤအကြောင်းသည်ရှိ၏။ [၂]ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ [၃] ရဟန်းတို့ ဆူးကို ကောင်းစွာထားအပ်သောကြောင့်ပေတည်း။ [၄] ရဟန်းတို့ ဤအတူပင် ထိုရဟန်းသည် ကောင်းစွာထားအပ်သောစိတ်ဖြင့် အဝိဇ္ဇာကို စင်စစ်ခွဲဖျက်လတ္တံ့၊ [၅] ဝိဇ္ဇာကိုဖြစ်စေလတ္တံ့၊ [၆] နိဗ္ဗာန်ကို မျက်မှောက်ပြုလတ္တံ့ ဟူသော ဤအကြောင်းသည်ရှိ၏။ [၇] ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ [၈] ရဟန်းတို့ စိတ်ကိုကောင်းစွာထားအပ်သောကြောင့်ပေတည်းဟု (မိန့်တော်မူ၏)။ ။ဒုတိယသုတ်။

၄၃။ [၁]ရဟန်းတို့ ဤလောက၌(ဒေါသကြောင့်) ပျက်စီးသော စိတ်ရှိနေသော အချို့ပုဂ္ဂိုလ်ကို (ငါ၏)စိတ်ဖြင့် (ထိုသူ၏)စိတ်ကို ဤသို့ပိုင်းခြား၍သိ၏၊

အယံ သမယေ ပုဂ္ဂလော ကာလံ ကရေယျ၊ [၃]ယထာဘတံ နိက္ခိတ္တော၊ ဧဝံ နိရယေ။ [၄]တံ ကိဿ ဟေတု၊ [၅]စိတ္တံ ဟိဿ ဘိက္ခဝေ ပဒုဋ္ဌံ။ [၆]စေတောပဒေါသဟေတု ပန ဘိက္ခဝေ ဧဝမိဓေကစ္စေ သတ္တာ [၇]ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တီတိ။ ။ တတိယံ။

၄၄။ [၁]ဣဓာဟံ ဘိက္ခဝေ ဧကစ္စံ ပုဂ္ဂလံ ပသန္နစိတ္တံ ဧဝံ စေတသာ စေတော ပရိစ္စ ပဇာနာမိ၊ [၂]ဣမမှိ စေ အယံ သမယေ ပုဂ္ဂလော ကာလံ ကရေယျ၊ [၃]ယထာဘတံ နိက္ခိတ္တော၊ ဧဝံ သဂ္ဂေ။ [၄]တံ ကိဿ ဟေတု၊ [၅]စိတ္တံ ဟိဿ ဘိက္ခဝေ ပသန္နံ။ [၆]စေတောပသာဒဟေတု ပန ဘိက္ခဝေ ဧဝမိဓေကစ္စေ သတ္တာ [၇]ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တီတိ။ ။စတုတ္ထံ။

---

[၂] ဤပုဂ္ဂိုလ်သည် ဤအခါ၌ အကယ်၍သေငြားအံ့။ [၃] ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ကျရောက်ရမည်သာလျှင် ဖြစ်၏၊ [၄] ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ- [၅] ရဟန်းတို့ ထိုပုဂ္ဂိုလ်၏စိတ်သည် ပျက်စီးသောကြောင့်တည်း။ [၆]ရဟန်းတို့ ဤသို့ စိတ်၏ပျက်စီးခြင်းဟူသော အကြောင်းကြောင့် ဤလောက၌ အချို့သတ္တဝါတို့သည် [၇]ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်ရကုန်၏ ဟု (မိန့်တော်မူ၏)။ ။တတိယသုတ်။

၄၄။ [၁] ရဟန်းတို့ ဤလောက၌ (သဒ္ဓါတရားကြောင့်) ကြည်လင်သော စိတ်ရှိနေသော အချို့ပုဂ္ဂိုလ်ကို (ငါ၏)စိတ်ဖြင့် (ထိုသူ၏) စိတ်ကို ဤသို့ပိုင်းခြား၍ သိ၏၊ [၂] ဤပုဂ္ဂိုလ်သည် ဤအခါ၌ အကယ်၍သေငြားအံ့၊ [၃] ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရမည်သာလျှင်ဖြစ်၏။ [၄] ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ- [၅] ရဟန်းတို့ ထိုပုဂ္ဂိုလ်၏ စိတ်သည် ကြည်လင်သောကြောင့်တည်း။ [၆] ရဟန်းတို့ ဤသို့ စိတ်၏ကြည်လင်ခြင်း ဟူသောအကြောင်းကြောင့် ဤလောက၌ အချို့သတ္တဝါတို့သည် [၇]ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ ဖြစ်သော နတ်ပြည်၌ ဖြစ်ရကုန်၏ ဟု (မိန့်တော်မူ၏)။ ။စတုတ္ထသုတ်။

၄၅။ [1]သေယျထာပိ ဘိက္ခဝေ ဥဒကရဟဒေါ အာဝိ-လော လုဠိတော ကလလီဘူတော၊ [2]တတ္ထ စက္ခုမာ ပုရိ-သော တီရေ ဌိတော န ပဿေယျ သိပ္ပိသမ္ဗုကမ္ပိ သက္ခရကဋလမ္ပိ မစ္ဆဂုမ္ဗမ္ပိ စရန္တမ္ပိ တိဋ္ဌန္တမ္ပိ။ [3]တံ ကိဿ ဟေတု၊ [4]အာဝိလတ္တာ ဘိက္ခဝေ ဥဒကဿ။ [5]ဧဝမေဝ ခေါ ဘိက္ခဝေ သော ဝတ ဘိက္ခု အာဝိလေန စိတ္တေန အတ္တတ္ထံ ဝါ ဉဿတိ၊ [6]ပရတ္ထံ ဝါ ဉဿတိ၊ [7]ဥဘယတ္ထံ ဝါ ဉဿတိ၊ [8]ဥတ္တရိ ဝါ မနုဿဓမ္မာ အလမရိယဉာဏ-ဒဿနဝိသေသံ သစ္ဆိကရိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။ [9]တံ ကိဿ ဟေတု၊ [10]အာဝိလတ္တာ ဘိက္ခဝေ စိတ္တဿာတိ။ ။ ပဉ္စမံ။

၄၆။ [1]သေယျထာပိ ဘိက္ခဝေ ဥဒကရဟဒေါ အစ္ဆော ဝိပ္ပသန္နော အနာဝိလော၊ [2]တတ္ထ စက္ခုမာ ပုရိသော တီရေ

၄၅။ [1]ရေကန်ကဲ့သို့ ဥပမာသော်ကား ရေအိုင်သည် နောက်ကျုံ၏၊ ပေါက်ပက်ခတ်၏၊ ညွန်အနည်ထ၏၊ [2]မျက်စိအမြင်ရှိသော ယောကျ်ားသည်ကမ်းနား၌ရပ်၍ ထိုရေအိုင်၌ သွားနေသည်လည်းဖြစ်သော ရပ်တည်နေသည်လည်းဖြစ်သော ယောက်သွား ခရုကိုဎင်။ ကျောက်စရစ် အိုးခြမ်းကွဲကိုဎင်း ငါးအပေါင်းကိုဎင်း မမြင်နိုင်ရာ၊ [3]ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—[4]ရေကန်းတို့ ရေ၏ နောက်ကျုနေခြင်းကြောင့်တည်း၊ [5]ရဟန်းတို့ ဤအတူပင် ထိုရဟန်းသည် နောက်ကျုသော စိတ်ဖြင့် စင်စစ် မိမိအကျိုးကိုလည်းသိလတ္တံ့၊ [6]သူတပါး အကျိုးကိုလည်း သိလတ္တံ့၊ [7]နှစ်ပါးစုံ အကျိုးကိုလည်း သိလတ္တံ့၊ [8]အရိယာတို့အား လျောက်ပတ်သော ဉာဏ်အမြင် အထူးဖြစ်သော လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော(ဈာန်မဂ်ဖိုလ်) တရားကိုလည်း မျက်မှောက်ပြုလတ္တံ့ဟူသော ဤအကြောင်းသည် မရှိ၊ [9]ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ-[10]ရဟန်းတို့ စိတ်၏နောက်ကျုနေခြင်းကြောင့်တည်း ဟု (မိန့်တော်မူ၏)။ ပဉ္စမသုတ်။

၄၆။ [1]ရဟန်းတို့ ဥပမာသော်ကား ရေအိုင်သည် ကြည်လင်၏၊သန့်ရှင်း၏၊ နောက်ကျုခြင်းကင်း၏၊ [2]မျက်စိအမြင်ရှိသော ယောကျ်ားသည် ကမ်းနား၌ရပ်၍ ဤရေအိုင်၌ သွားနေသည်လည်း ဖြစ်သော ရပ်တည်နေသည်လည်း ဖြစ်

ဌိတော ပဿေယျ သိပ္ပိသမ္ဗုကမ္ပိ သက္ခရကဌလမ္ပိ မစ္ဆ-
ဂုမ္ဗမ္ပိ စရန္တမ္ပိ တိဋ္ဌန္တမ္ပိ။ [၃]တံ ကိဿ ဟေတု၊ [၄]အနာဝိ-
လတ္တာ ဘိက္ခဝေ ဥဒကဿ။ [၅]ဧဝမေဝ ခေါ ဘိက္ခဝေ
သော ဝတ ဘိက္ခု အနာဝိလေန စိတ္တေန အတ္တတ္ထံ ဝါ
ဉဿတိ၊ [၆]ပရတ္ထံ ဝါ ဉဿတိ၊ [၇]ဥဘယတ္ထံ ဝါ ဉဿတိ၊
[၈]ဥတ္တရိံ ဝါ မနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသံ
သစ္ဆိကရိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ။ [၉]တံ ကိဿ ဟေတု၊
[၁၀]အနာဝိလတ္တာ ဘိက္ခဝေ စိတ္တဿာတိ။ ။ဆဋ္ဌံ။

၄၇။ [၁]သေယျထာပိ ဘိက္ခဝေ ယာနိ ကာနိစိ ရုက္ခ-
ဇာတာနိ၊ [၂]ဖန္ဒနော တေသံ အဂ္ဂမက္ခာယတိ ယဒိဒံ မုဒု-
တာယ စေဝ ကမ္မညတာယ စ။ [၃]ဧဝမေဝ ခေါ အဟံ
ဘိက္ခဝေ နာညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဘာဝိတံ

---

သော ယောက်သွားခရုကိုဎင်း ကျောက်စရစ်အိုးခြမ်းကွဲကိုဎင်း ငါးအပေါင်း
ကိုဎင်း မြင်နိုင်ရာ၏၊ [၃] ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ- [၄]ရဟန်း
တို့ရေ၏ မနောက်ကျုခြင်းကြောင့်တည်း၊ [၅]ရဟန်းတို့ ဤအတူပင် ထိုရဟန်းသည်
မနောက်ကျုသော စိတ်ဖြင့် စင်စစ် မိမိအကျိုးကိုလည်း သိလတ္တံ့၊ [၆]သူတပါး
အကျိုးကိုလည်း သိလတ္တံ့၊ [၇]နှစ်ပါးစုံအကျိုးကိုလည်း သိလတ္တံ့၊ [၈]အရိယာပုဂ္ဂိုလ်
တို့အား လျောက်ပတ်သောဉာဏ်အမြင် အထူးဖြစ်သော လူတို့၏ ကုသိုလ်ကမ္မ
ပထ တရားဆယ်ပါးထက် လွန်မြတ်သော (ဈာန်မဂ်ဖိုလ်)တရားကိုလည်း မျက်
မှောက်ပြုလတ္တံ့ဟူသော ဤအကြောင်းသည်ရှိ၏၊ [၉]ထိုသို့ဖြစ်ခြင်းသည် အဘယ့်
ကြောင့်နည်း ဟူမူ—ရဟန်းတို့ [၁၀]စိတ်၏ မနောက်ကျုခြင်းကြောင့်တည်းဟု(မိန့်
တော်မူ၏)၊ ။ဆဋ္ဌသုတ်။

၄၇။ [၁]ရဟန်းတို့ ဥပမာသော်ကား အမှတ် မရှိကုန်သော သစ်ပင်မျိုး
တို့သည် ရှိကြကုန်၏၊ [၂]ထိုသစ်ပင်မျိုးတို့တွင် ကြို့ပင်ကိုနူးညံ့သည်၏ အဖြစ်
ကြောင့်ဎင်း ပြုခြင်းငှါ သင့်လျော်လွယ်ကူသည့် အဖြစ်ကြောင့်ဎင်း အကောင်း
ဆုံးဟု ဆိုအပ်၏၊ [၃]ရဟန်းတို့ ဤအတူပင် ပွါးများအပ်ပြီးသော အဖန်ဖန်
အလေ့အလာ ပြုအပ်ပြီးသော ဤစိတ်သည် နူးညံ့သည်လည်း ဖြစ်သကဲ့သို့
ပြုခြင်းငှါ သင့်လျော်လွယ်ကူသည်လည်း ဖြစ်သကဲ့သို့ ဤအတူ နူးညံ့သည်
လည်းဖြစ်သော ပြုခြင်းငှါ သင့်လျော် လွယ်ကူသည်လည်းဖြစ်သော အခြား

ဗဟုလီကတံ မုဒု စ ဟောတိ ကမ္မညဉ္စ၊ ယထယိဒံ စိတ္တံ။ [၉]စိတ္တံ ဘိက္ခဝေ ဘာဝိတံ ဗဟုလီကတံ မုဒု စ ဟောတိ ကမ္မညဉ္စ ဟောတီတိ။ ။သတ္တမံ။

၄၈။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ လဟုပရိဝတ္တံ၊ ယထယိဒံ စိတ္တံ။ [၂]ယာဝဉ္စိဒံ ဘိက္ခဝေ ဥပမာပိ န သုကရာ ယာဝလဟုပရိဝတ္တံ စိတ္တန္တိ။ ။အဋ္ဌမံ။

၄၉။ [၁]ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ [၂]တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌန္တိ။ ။နဝမံ။

၅၀။ [၁]ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ [၂]တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဝိပ္ပမုတ္တန္တိ။ ။ဒသမံ။

ပဏိဟိတအစ္ဆဝဂ္ဂေါ ပဉ္စမော။

---

တခုသောတရားကိုမျှလည်း ငါမမြင်။ [၉] ရဟန်းတို့ ပွါးများအပ်သော အဖန်ဖန် အလေ့အလာပြုအပ်သော စိတ်သည် နူးညံ့သည်လည်း ဖြစ်၏၊ ပြုခြင်းငှါ သင့်လျော် လွယ်ကူသည်လည်း ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။သတ္တမသုတ်။

၄၈။ [၁] ရဟန်းတို့ ဤ စိတ်သည် လျင်မြန်စွာ ပြောင်းလဲသကဲ့သို့ ဤအတူ လျင်မြန်စွာ ပြောင်းလဲသော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ စိတ်သည် အလွန်လျင်မြန်စွာ ပြောင်းလဲ၏၊ ဥပမာပြုရန် မလွယ်ဟု (မိန့်တော်မူ၏)။ ။အဋ္ဌမသုတ်။

၄၉။ [၁]ရဟန်းတို့ ဤ(ဘဝင်) စိတ်သည် ပြိုးပြိုးပြက် တောက်ပ၏၊ [၂]ထိုစိတ် သည်ပင် (အကုသိုလ်ဇောခဏ၌) ဧည့်သည်သဖွယ်ဖြစ်ကုန်သော ညစ်ညူး ကြောင်းကိလေသာတို့ကြောင့် ညစ်ညူးရ၏ဟု (မိန့်တော်မူ၏)။ ။နဝမသုတ်။

၅၀။ [၁] ရဟန်းတို့ ဤ(ဘဝင်)စိတ်သည် ပြိုးပြိုးပြက် တောက်ပ၏ ၊[၂]ထိုစိတ် သည်ပင် (ကုသိုလ်ဇောခဏ၌) ဧည့်သည်သဖွယ်ဖြစ်ကုန်သော ညစ်ညူး ကြောင်း ကိလေသာတို့မှ ကင်းလွတ်၏ဟု (မိန့်တော်မူ၏)။ ။ဒသမသုတ်။

ငါးခုမြောက် ပဏိဟိတအစ္ဆဝဂ် ပြီး၏။

## ၆-အစ္ဆရာသင်္ဃာတဝဂ္ဂ

၅၁။ ¹ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ ²တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ၊ ³တံ အဿုတဝါ ပုထုဇ္ဇနော ယထာဘူတံ နပ္ပဇာနာတိ။ ⁴တသ္မာ "အဿုတဝတော ပုထုဇ္ဇနဿ စိတ္တဘာဝနာ နတ္ထိ"တိ ဝဒါမီတိ။ ။ ပဌမံ။

၅၂။ ¹ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ ²တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဝိပ္ပမုတ္တံ၊ ³တံ သုတဝါ အရိယသာဝကော ယထာဘူတံ ပဇာနာတိ။ ⁴တသ္မာ "သုတဝတော အရိယသာဝကဿ စိတ္တဘာဝနာ အတ္ထိ"တိ ဝဒါမီတိ။ ။ ဒုတိယံ။

၅၃။ ¹အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာစိတ္တံ အာသေဝတိ၊ ²အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု

---

၅၁။ ¹ ရဟန်းတို့ ဤ(ဘဝင်)စိတ်သည် ပြိုးပြိုးပြက်တောက်ပ၏၊ ² ထိုစိတ်သည်ပင် (အကုသိုလ်ဇောခဏ၌) ဧည့်သည်သဖွယ် ဖြစ်ကုန်သော ညစ်ညူးကြောင်း ကိလေသာတို့ကြောင့် ညစ်ညူးရ၏၊ ³ ထို (အခြင်းအရာ)ကို အကြားအမြင်မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ဟုတ်တိုင်းမှန်စွာ မသိ၊ ⁴ထို့ကြောင့် "အကြားအမြင်မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်(၁)အား စိတ်ကိုပွါးများခြင်းမရှိ" ဟု ငါဆို၏ဟု (မိန့်တော်မူ၏)။ ။ပဌမသုတ်။

၅၂။ ¹ ရဟန်းတို့ ဤ(ဘဝင်)စိတ်သည် ပြိုးပြိုးပြက်တောက်ပ၏၊ ²ထိုစိတ်သည်ပင် (ကုသိုလ်ဇောခဏ၌) ဧည့်သည်သဖွယ် ဖြစ်ကုန်သော ညစ်ညူးကြောင်း ကိလေသာတို့မှ ကင်းလွတ်၏၊ ³ ထို(အခြင်းအရာ)ကို အကြားအမြင်ရှိသော အရိယာသာဝက(၂)သည် ဟုတ်တိုင်မှန်စွာ သိ၏၊ ⁴ ထို့ကြောင့် "အကြားအမြင်ရှိသော အရိယာသာဝကအား စိတ်ကို ပွါးများခြင်းရှိ၏" ဟု ငါဆို၏ ဟု (မိန့်တော်မူ၏။) ။ဒုတိယသုတ်။

၅၃။ ¹ ရဟန်းတို့ ရဟန်းသည် လက်ဖျစ်တတွက်ခန့်မျှလည်း မေတ္တာနှင့် ယှဉ်သောစိတ်ကို အကယ်၍ မှီဝဲအံ့၊ ² ရဟန်းတို့ ဤရဟန်းသည် ရှာန်မှ

---

၁-ဗိဉ္ဇိဝိစိကိစ္ဆာစသော ကိလေသာတို့ဖြင့် ရစ်ပတ် ဖုံးလွှမ်းနေသောပုဂ္ဂိုလ်။ ။၂-ရဟန်းဖြစ်စေ, လူဖြစ်စေ မဂ်ဖိုလ်ဆိုက်ရောက်ပြီးသော မြတ်စွာဘုရား၏ တပည့်သားအပေါင်း။

အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထုသာသနကရော ဩဝါဒပတိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ [2]ကော ပန ဝါဒေါ ယေ နံ ဗဟုလီကရောန္တီတိ။ ။တတိယံ။

၅၄။ [1]အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာစိတ္တံ ဘာဝေတိ၊ [2]အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထုသာသနကရော ဩဝါဒပတိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ [3]ကော ပန ဝါဒေါ ယေ နံ ဗဟုလီကရောန္တီတိ။ ။စတုတ္ထံ။

၅၅။ [1]အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာစိတ္တံ မနသိကရောတိ၊ [2]အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထုသာသနကရော ဩဝါဒပတိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ [3]ကော ပန ဝါဒေါ ယေ နံ ဗဟုလီကရောန္တီတိ။ ။ပဉ္စမံ။

---

ဆိတ်သုဉ်းခြင်းမရှိမူ၍နေသူ မြတ်စွာဘုရား၏ သွန်သင်မှုကို လိုက်နာ၍နေသူ အဆုံးအမကို လိုက်နာ၍နေသူ တိုင်းသူပြည်သားတို့ ပေးလှူသော ဆွမ်းကို အချည်းနှီး မဖြစ်စေမူ၍ သုံးဆောင်သူဟု ဆိုထိုက်၏၊ [3]ထိုမေတ္တာနှင့်ယှဉ်သော စိတ်ကို အဖန်ဖန် အလေ့အလာပြုကုန်သော ရဟန်းတို့ကိုမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း ဟု (မိန့်တော်မူ၏)။ ။တတိယသုတ်။

၅၄။ [1]ရဟန်းတို့ ရဟန်းသည် လက်ဖျစ်တတွက်ခန့်မျှလည်း မေတ္တာနှင့်ယှဉ်သော စိတ်ကို အကယ်၍ ပွါးများအံ့၊ [2]ရဟန်းတို့ ဤရဟန်းသည် ဈာန်မှ ဆိတ်သုဉ်းခြင်း မရှိမူ၍နေသူ မြတ်စွာဘုရား၏ သွန်သင်မှုကို လိုက်နာ၍နေသူ အဆုံးအမကို လိုက်နာ၍နေသူ တိုင်းသူပြည်သားတို့ ပေးလှူသော ဆွမ်းကို အချည်းနှီး မဖြစ်စေမူ၍ သုံးဆောင်သူဟု ဆိုထိုက်၏၊ [3]ထိုမေတ္တာနှင့်ယှဉ်သော စိတ်ကို အဖန်ဖန် အလေ့အလာ ပြုကုန်သော ရဟန်းတို့ကိုမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း ဟု (မိန့်တော်မူ၏)။ ။စတုတ္ထသုတ်။

၅၅။ [1]ရဟန်းတို့ လက်ဖျစ်တတွက်ခန့်မျှလည်း မေတ္တာနှင့်ယှဉ်သောစိတ်ကို အကယ်၍ နှလုံးသွင်းအံ့၊ [2]ရဟန်းတို့ ဤရဟန်းသည် ဈာန်မှ ဆိတ်သုဉ်းခြင်း မရှိမူ၍နေသူ မြတ်စွာဘုရား၏ သွန်သင်မှုကို လိုက်နာ၍ နေသူ အဆုံးအမကို လိုက်နာ၍ နေသူ တိုင်းသူပြည်သားတို့ ပေးလှူသော ဆွမ်းကို အချည်းနှီး မဖြစ်စေမူ၍ သုံးဆောင်သူဟု ဆိုထိုက်၏၊ [3]ထိုမေတ္တာနှင့်ယှဉ်သော စိတ်ကို

၅၆။ [၁]ယေ ကေစိ ဘိက္ခဝေ ဓမ္မာ အကုသလာ အကုသလဘာဂိယာ အကုသလပက္ခိကာ၊ [၂]သဗ္ဗေ တေ မနောပုဗ္ဗင်္ဂမာ၊ [၃]မနော တေသံ ဓမ္မာနံ ပဌမံ ဥပ္ပဇ္ဇတိ၊ [၄]အန္ဝဒေဝ အကုသလာ ဓမ္မာတိ။ ။ဆဋ္ဌံ။

၅၇။ [၁]ယေ ကေစိ ဘိက္ခဝေ ဓမ္မာ ကုသလာ ကုသလဘာဂိယာ ကုသလပက္ခိကာ၊ [၂]သဗ္ဗေ တေ မနောပုဗ္ဗင်္ဂမာ၊ [၃]မနော တေသံ ဓမ္မာနံ ပဌမံ ဥပ္ပဇ္ဇတိ။ [၄]အန္ဝဒေဝ ကုသလာ ဓမ္မာတိ။ ။သတ္တမံ။

၅၈။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ယထယိဒံ ဘိက္ခဝေ ပမာဒေါ။

အဖန်ဖန် အခေါ်အလာပြုကုန်သော ရဟန်းတို့ကိုမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း ဟု (မိန့်တော်မူ၏)။ ။ပဉ္စမသုတ်။

၅၆။ [၁]ရဟန်းတို့ အကုသိုလ်ကိုမှီ၍ ဖြစ်ကုန်သောအကုသိုလ် အသင်းဝင် ဖြစ်ကုန်သော [၂]အကုသိုလ်ဟူသမျှအားလုံးတို့သည် စိတ်လျှင် ရှေ့သွားရှိကုန်၏၊ [၃]ထိုတရားတို့တွင် စိတ်သည် ရှေးဦးစွာဖြစ်၏၊ [၄]အကုသိုလ်တရားတို့သည် အတူတကွ လိုက်၍သာလျှင် ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။ ။ဆဋ္ဌသုတ်။

၅၇။ [၁]ရဟန်းတို့ ကုသိုလ်ကိုမှီ၍ ဖြစ်ကုန်သော ကုသိုလ်အသင်းဝင်ဖြစ်ကုန်သော [၂]ကုသိုလ်ဟူသမျှအားလုံးတို့သည် စိတ်လျှင်ရှေ့သွားရှိကုန်၏၊ [၃]ထိုတရားတို့တွင် စိတ်သည်ရှေးဦးစွာဖြစ်၏၊ [၄]ကုသိုလ်တရားတို့သည် အတူတကွ လိုက်၍သာလျှင် ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။သတ္တမသုတ်။

၅၈။ [၁]ရဟန်းတို့ ဤမေ့လျော့ခြင်း 'ပမာဒ' တရား(၁)သည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ် တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသော

၁-ဒုစရိုက်တရား တို့၌ရှင်း ကာမဂုဏ်ငါးပါးတို့၌ရှင်း စိတ်ကို စွန့်လွှတ်၍ ထားခြင်း ကုသိုလ်တို့၏ ဖြစ်ပေါ်သွားခြင်း၌ါဆန္ဒမရှိခြင်း ဆုတ်နစ်ခြင်း၊ မေ့လျော့ခြင်း။

[၂]ပမတ္တဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ [၃]ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ ။ အဋ္ဌမံ။

၅၉။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေ အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ အပ္ပမာဒေါ။ [၂]အပ္ပမတ္တဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ [၃]ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ ။နဝမံ။

၆၀။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ

---

တရားကိုမျှလည်း ငါမမြင်။ [၂] ရဟန်းတို့ မေ့လျော့သောသူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ [၃] ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ဟု (မိန့်တော်မူ၏)။ ။ အဋ္ဌမသုတ်။

၅၉။ [၁] ရဟန်းတို့ ဤမမေ့မလျော့ခြင်း'အပ္ပမာဒ' တရားသည် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ [၂] ရဟန်းတို့ မမေ့မလျော့သောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ [၃] ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်သည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။ နဝမသုတ်။

၆၀။ [၁] ရဟန်းတို့ ဤပျင်းရိခြင်း 'ကောသဇ္ဇ'တရားသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော

ကောသဇ္ဇံ။ [၂]ကုသီတဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ [၃]ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ ။၅၁၅။

အစ္ဆရာသင်္ဃာတဝဂ္ဂေါ သဗ္ဗော။

## ၇-ဝီရိယာရမ္ဘာဒိဝဂ္ဂ

၆၁။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ ဝီရိယာရမ္ဘော။ [၂]အာရဒ္ဓဝီရိယဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ [၃]ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ ။၅၄၆။

ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ ပျင်းရိသောသူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ [၃] ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)၊ ။ ၁၁မသုတ်။

ခြောက်ခုမြောက် အစ္ဆရာသင်္ဃာတဝဂ် ပြီး၏။

၆၁၊ ရဟန်းတို့ဤလောက်သန်သောလုံ့လ'ဝီရိယာရမ္ဘ'(၁)တရားသည်မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း,ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ [၂] ရဟန်းတို့ ထက်သန်သောလုံ့လရှိသောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ [၃]ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။ပဌမသုတ်။

၁ ထက်ကြွ ပြည့်စုံသော သမ္မပ္ပဓာန် ဝီရိယ။

၆၂။ နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ မဟိစ္ဆတာ။ [2]မဟိစ္ဆဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ [3]ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ ။ဒုတိယံ။

၆၃။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ အပ္ပိစ္ဆတာ။[2]အပ္ပိစ္ဆဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ [3]ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ ။တတိယံ။

---

၆၂။ [1]ရဟန်းတို့ ဤအလိုကြီးခြင်း 'မဟိစ္ဆတာ'တရားသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ [2]ရဟန်းတို့ အလိုကြီးသောသူအား မဖြစ်ပေါ်သေးသော အကုသိုလ် တရားသည်လည်း ဖြစ်ပေါ်ကုန်၏၊ [3]ဖြစ်ပေါ် ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။ဒုတိယသုတ်။

၆၃။ [1]ရဟန်းတို့ ဤအလိုနည်းခြင်း 'အပ္ပိစ္ဆတာ' တရားသည် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူမဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ [2]ရဟန်းတို့ အလိုနည်းသောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ [3]ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ဟု (မိန့်တော်မူ၏)။တတိယသုတ်။

၆၄။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာ-
မိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ
ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ
အသန္တုဋ္ဌိတာ။ [2]အသန္တုဋ္ဌဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ
အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ [3]ဥပ္ပန္နာ စ ကုသလာ ဓမ္မာ
ပရိဟာယန္တီတိ။ ။စတုတ္ထံ။

၆၅။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာ-
မိ၊ ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ
ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ
သန္တုဋ္ဌိတာ။ [2]သန္တုဋ္ဌဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ ကုသ-
လာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ [3]ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိ-
ဟာယန္တီတိ။ ။ပဉ္စမံ။

---

၆၄။ [1]ရဟန်းတို့ ဤမရောင့်ရဲခြင်း 'အသန္တုဋ္ဌိတာ'တရားသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ [2]ရဟန်းတို့ မရောင့်ရဲသောသူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ [3]ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။စတုတ္ထသုတ်။

၆၅။ [1]ရဟန်းတို့ ဤရောင့်ရဲခြင်း 'သန္တုဋ္ဌိတာ'တရားသည် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ [2]ရဟန်းတို့ ရောင့်ရဲသောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ [3]ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။ပဉ္စမသုတ်။

၆၆။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ အယောနိသော မနသိကာရော။ [၂]အယောနိသော ဘိက္ခဝေ မနသိ ကရောတော အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ [၃]ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ ။ဆဋ္ဌံ။

၆၇။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ ယောနိသော မနသိကာရော။ [၂]ယောနိသော ဘိက္ခဝေ မနသိ ကရောတော အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ

---

၆၆။ [၁]ရဟန်းတို့ ဤမသင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'အယောနိသောမနသိကာရ'တရားသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသောအကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ မသင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏။ [၃]ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။ဆဋ္ဌသုတ်။

၆၇။ [၁]ရဟန်းတို့ ဤသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'ယောနိသောမနသိကာရ'တရားသည် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသောကုသိုလ်တရားတို့၏လည်းဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ သင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းသော သူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ [၃]ဖြစ်ပေါ်

ဥပ္ပဇ္ဇန္တိ၊ [3]ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ ။ သတ္တမံ။

၆၈။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ အသမ္ပဇညံ။ [2]အသမ္ပဇာနဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ [3]ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ ။အဋ္ဌမံ။

၆၉။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ သမ္ပဇညံ။ [2]သမ္ပဇာနဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ ကုသ-

---

ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။သတ္တမသုတ်။

၆၈။ [1] ရဟန်းတို့ ဤမဆင်ခြင်ခြင်း'အသမ္ပဇည' တရားသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်းငါမမြင်။ [2] ရဟန်းတို့ မဆင်ခြင်သောသူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊[3]ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။ အဋ္ဌမသုတ်။

၆၉။ [1] ရဟန်းတို့ ဆင်ခြင်ခြင်း 'သမ္ပဇည' တရားသည် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသောကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသောအကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြားတခုသောတရားကိုမျှလည်း ငါမမြင်။ [2]ရဟန်းတို့ ဆင်ခြင်သောသူအား မဖြစ်ပေါ်သေးသော

လာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ [3]ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ ။နဝမံ။

၇၀။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ ပါပမိတ္တတာ။ [2]ပါပမိတ္တဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ [3]ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ ။ဒသမံ။

ဝီရိယာရမ္ဘာဒိဝဂ္ဂေါ သတ္တမော။

---

ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ [3]ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။နဝမသုတ်။

၇၀။ [1]ရဟန်းတို့ ဤအဆွေခင်ပွန်းယုတ်(၁)ရှိခြင်း 'ပါပမိတ္တတာ' တရားသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သော အခြားတခုသောတရားကိုမျှလည်း ငါမမြင်၊ [2]ရဟန်းတို့ အဆွေခင်ပွန်းယုတ်ရှိသောသူအားမဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ [3]ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။ဒသမသုတ်။

ခုနစ်ခုမြောက် ဝီရိယာရမ္ဘာဒိဝဂ် ပြီး၏။

---

၁-သဒ္ဓါမရှိသော သီလမရှိသော အကြားအမြင် နည်းသော နှမြောဝန်တိုသော ပညာမဲ့သော အဆွေခင်ပွန်း။

## ၈-ကလျာဏမိတ္တာဒိဝဂ္ဂ

၇၁။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ ကလျာဏမိတ္တတာ။ [၂]ကလျာဏမိတ္တဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ [၃]ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ ။ပဌမံ။

၇၂။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ အနုယောဂေါ အကုသလာနံ ဓမ္မာနံ အနနုယောဂေါ ကုသလာနံ ဓမ္မာနံ။ [၂]အနုယောဂါ ဘိက္ခဝေ အကုသလာနံ

---

၇၁။ [၁]ရဟန်းတို့ ဤအဆွေခင်ပွန်းကောင်း(၁)ရှိခြင်း'ကလျာဏမိတ္တတာ' တရားသည် မဖြစ်ပေါ်သေးသောကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်၊ [၂]ရဟန်းတို့ အဆွေခင်ပွန်းကောင်း ရှိသောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ [၃]ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ဟု (မိန့်တော်မူ၏)။ ၊

၇၂။ [၁]ရဟန်းတို့ ဤအကုသိုလ်တရားတို့ကို အားထုတ်ခြင်း ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည်မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ် တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြားတခုသောတရားကိုမျှလည်း ငါမမြင်၊ [၂]ရဟန်းတို့ အကုသိုလ်တရားတို့ကို အားထုတ်ခြင်း ကုသိုလ်တရားတို့ကို အားမထုတ်ခြင်း

---

၁-သဒ္ဓါရှိသော သီလရှိသော အကြားအမြင်များသော ပေး ကမ်းစွန့်ကြဲတတ်သော ပညာရှိသော အဆွေခင်ပွန်း။

ဓမ္မာနံ အနနုယောဂါ ကုသလာနံ ဓမ္မာနံ အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ²ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ ။ဒုတိယံ။

၇၃။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ အနုယောဂေါ ကုသလာနံ ဓမ္မာနံ အနနုယောဂေါ အကုသလာနံ ဓမ္မာနံ။ ²အနုယောဂါ ဘိက္ခဝေ ကုသလာနံ ဓမ္မာနံ အနနုယောဂါ အကုသလာနံ ဓမ္မာနံ အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ²ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ ။တတိယံ။

၇၄။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ဗောဇ္ဈင်္ဂါ နုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ဗောဇ္ဈင်္ဂါ

ကြောင့် မဖြစ်ပေါ်သေးသောအကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ²ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ဟု (မိန့်တော်မူ၏)။ ။ဒုတိယသုတ်။

၇၃။ ¹ရဟန်းတို့ ဤကုသိုလ်တရားတို့ကို အားထုတ်ခြင်း အကုသိုလ်တရားကို အားမထုတ်ခြင်းသည် မဖြစ်ပေါ်သေးသောကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ²ရဟန်းတို့ ကုသိုလ်တရားတို့ကို အားထုတ်ခြင်း အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းကြောင့် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ²ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။တတိယသုတ်။

၇၄။ ¹ရဟန်းတို့ ဤမသင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းသည် မဖြစ်ပေါ်သေးသော ဗောဇ္ဈင်(၁)တရားတို့၏လည်းမဖြစ်ပေါ်ကြောင်း,

---

၁-ဗောဓိဉာဏ်၏အစိတ်အပိုင်း ဗုဒ္ဓဖြစ်ကြောင်းအင်္ဂါ သစ္စာလေးပါးကို သိစေတတ်သောတရား။

န ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ၊ ယထယိဒံ ဘိက္ခဝေ အယော-နိသော မနသိကာရော။ [၂]အယောနိသော ဘိက္ခဝေ မနသိ ကရောတော အနုပ္ပန္နာ စေဝ ဗောဇ္ဈင်္ဂါ နုပ္ပဇ္ဇန္တိ၊ [၃]ဥပ္ပန္နာ စ ဗောဇ္ဈင်္ဂါ န ဘာဝနာပါရိပူရိံ ဂစ္ဆန္တီတိ။ ။စတုတ္ထံ။

၇၅။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ဗောဇ္ဈင်္ဂါ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ဗောဇ္ဈင်္ဂါ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ၊ ယထယိဒံ ဘိက္ခဝေ ယောနိသော မနသိကာရော။ [၂]ယောနိသော ဘိက္ခဝေ မနသိ ကရောတော အနုပ္ပန္နာ စေဝ ဗောဇ္ဈင်္ဂါ ဥပ္ပဇ္ဇန္တိ၊ [၃]ဥပ္ပန္နာ စ ဗောဇ္ဈင်္ဂါ ဘာဝနာပါရိပူရိံ ဂစ္ဆန္တီတိ။ ။ပဉ္စမံ။

---

ဖြစ်ပေါ်ပြီးသောဗောဇ္ဈင်တရားတို့၏လည်း ဘာဝနာ၏ပြည့်စုံခြင်းသို့မရောက်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ဗောဇ္ဈင်တရားတို့၏လည်း မဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ဗောဇ္ဈင်တရားတို့၏လည်းဘာဝနာ၏ပြည့်စုံခြင်းသို့ မရောက်ကြောင်းဖြစ်သော အခြား တခုသောတရားကိုမျှလည်းငါမမြင်။ [၂] ရဟန်းတို့ မသင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ဗောဇ္ဈင်တရားတို့သည်လည်း မဖြစ်ပေါ်ကုန်၊[၃] ဖြစ်ပေါ်ပြီးသော ဗောဇ္ဈင်တရားတို့သည်လည်း ဘာဝနာ၏ ပြည့်စုံခြင်းသို့ မရောက်ကုန်၏ဟု (မိန့်တော်မူ၏)။ ။စတုတ္ထသုတ်။

၇၅။ [၁] ရဟန်းတို့ ဤသင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းသည် မဖြစ်ပေါ်သေးသော ဗောဇ္ဈင်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ဗောဇ္ဈင်တရားတို့၏လည်း ဘာဝနာ၏ ပြည့်စုံခြင်းသို့ ရောက်ကြောင်းဖြစ်သကဲ့သို့ဤအတူ မဖြစ်ပေါ်သေးသော ဗောဇ္ဈင်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော ဗောဇ္ဈင်တရားတို့၏လည်း ဘာဝနာ၏ ပြည့်စုံခြင်းသို့ ရောက်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။[၂] ရဟန်းတို့ သင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ဗောဇ္ဈင်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ [၃] ဖြစ်ပေါ်ပြီးသော ဗောဇ္ဈင်တရားတို့သည်လည်း ဘာဝနာ၏ ပြည့်စုံခြင်းသို့ ရောက်ကုန်၏ဟု (မိန့်တော်မူ၏)။ ။ပဉ္စမသုတ်။

၇၆။ [၁]အပ္ပမတ္တိကာ ဧသာ ဘိက္ခဝေ ပရိဟာနိ ယဒိဒံ ဉာတိပရိဟာနိ။ [၂]ဧတံ ပတိကိဋ္ဌံ ဘိက္ခဝေ ပရိဟာနီနံ ယဒိဒံ ပညာပရိဟာနီတိ။ ။ဆဋ္ဌံ။

၇၇။ [၁]အပ္ပမတ္တိကာ ဧသာ ဘိက္ခဝေ ဝုဒ္ဓိ ယဒိဒံ ဉာတိဝုဒ္ဓိ။ [၂]ဧတဒဂ္ဂံ ဘိက္ခဝေ ဝုဒ္ဓီနံ ယဒိဒံ ပညာဝုဒ္ဓိ။ [၃]တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ ''ပညာဝုဒ္ဓိယာ ဝဍ္ဎိဿာမာ''တိ။ [၄]ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗန္တိ။ ။သတ္တမံ။

၇၈။ [၁]အပ္ပမတ္တိကာ ဧသာ ဘိက္ခဝေ ပရိဟာနိ ယဒိဒံ ဘောဂပရိဟာနိ။ [၂]ဧတံ ပတိကိဋ္ဌံ ဘိက္ခဝေ ပရိဟာနီနံ ယဒိဒံ ပညာပရိဟာနီတိ။ ။အဋ္ဌမံ။

၇၉။ [၁]အပ္ပမတ္တိကာ ဧသာ ဘိက္ခဝေ ဝုဒ္ဓိ ယဒိဒံ ဘောဂဝုဒ္ဓိ။ [၂]ဧတဒဂ္ဂံ ဘိက္ခဝေ ဝုဒ္ဓီနံ ယဒိဒံ ပညာဝုဒ္ဓိ။ [၃]တသ္မာတိဟ

---

၇၆။ [၁] ရဟန်းတို့ အကြင်ဆွေမျိုးတို့၏ဆုတ်ယုတ်ခြင်းသည် ရှိ၏၊ ဤဆုတ်ယုတ်ခြင်းသည် အနည်းငယ်မျှသာဖြစ်၏၊ [၂] ရဟန်းတို့ အကြင် ပညာ၏ဆုတ်ယုတ်ခြင်းသည်ရှိ၏၊ ဤဆုတ်ယုတ်ခြင်းသည် ဆုတ်ယုတ်ခြင်း တကာတို့တွင် အယုတ်ဆုံးတည်း ဟု (မိန့်တော်မူ၏)။ ။ဆဋ္ဌသုတ်။

၇၇။ [၁] ရဟန်းတို့ အကြင် ဆွေမျိုးတို့၏ကြီးပွါးခြင်းသည်ရှိ၏၊ ဤကြီးပွါးခြင်းသည် အနည်းငယ်မျှသာဖြစ်၏၊ [၂]ရဟန်းတို့ အကြင် ပညာ၏ကြီးပွါးခြင်းသည်ရှိ၏၊ ဤကြီးပွါးခြင်းသည် ကြီးပွါးခြင်းတကာတို့တွင် အမြတ်ဆုံးတည်း။ [၃] ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ ''ပညာ၏ကြီးပွါးခြင်းဖြင့်ကြီးပွါးကုန်အံ့''ဟု နှလုံးသွင်း၍ကျင့်ရမည်။ [၄] ရဟန်းတို့ သင်တို့သည် ဤအတိုင်းသာကျင့်ရမည်ဟု (မိန့်တော်မူ၏)။ ။သတ္တမသုတ်။

၇၈။ [၁] ရဟန်းတို့ အကြင်စည်းစိမ်ဥစ္စာ၏ဆုတ်ယုတ်ခြင်းသည် ရှိ၏၊ ဤဆုတ်ယုတ်ခြင်းသည် အနည်းငယ်မျှသာဖြစ်၏၊ [၂] ရဟန်းတို့ အကြင်ပညာ၏ဆုတ်ယုတ်ခြင်းသည် ရှိ၏၊ ဤဆုတ်ယုတ်ခြင်းသည် ဆုတ်ယုတ်ခြင်းတကာတို့တွင် အယုတ်ဆုံးတည်းဟု (မိန့်တော်မူ၏)။ ။အဋ္ဌမသုတ်။

၇၉။ [၁] ရဟန်းတို့ အကြင် စည်းစိမ်ဥစ္စာ၏ကြီးပွါးခြင်းသည် ရှိ၏၊ ဤကြီးပွါးခြင်းသည် အနည်းငယ်မျှသာဖြစ်၏။ [၂] ရဟန်းတို့ အကြင်ပညာ၏ ကြီးပွါးခြင်းသည်ရှိ၏၊ ဤ ကြီးပွါးခြင်းသည် ကြီးပွါးခြင်းတကာတို့တွင် အမြတ်

ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ “ပညာဝုဍ္ဎိယာ ဝဍ္ဎိဿာမာ”တိ။ [၄]ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗန္တိ။ ။နဝမံ။

၈၀။ [၁]အပ္ပမတ္တိကာ ဧသာ ဘိက္ခဝေ ပရိဟာနိ ယဒိဒံ ယသော ပရိဟာနိ။ [၂]ဧတံ ပတိကိဋ္ဌံ ဘိက္ခဝေ ပရိဟာနီနံ ယဒိဒံ ပညာပရိဟာနီတိ။ ။ဒသမံ။

ကလျာဏမိတ္တာဒိဝဂ္ဂေါ အဋ္ဌမော။

---

## ၉-ပမာဒါဒိဝဂ္ဂ

၈၁။ [၁]အပ္ပမတ္တိကာ ဧသာ ဘိက္ခဝေ ဝုဍ္ဎိ ယဒိဒံ ယသော-ဝုဍ္ဎိ။ [၂]ဧတဒဂ္ဂံ ဘိက္ခဝေ ဝုဍ္ဎီနံ ယဒိဒံ ပညာဝုဍ္ဎိ။ [၃]တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ “ပညာဝုဍ္ဎိယာ ဝဍ္ဎိဿာမာ”တိ။ [၄]ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗန္တိ။ ။ပဌမံ။

---

ဆုံးတည်း။ [၃]ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ “ပညာ၏ကြီးပွါးခြင်းဖြင့် ကြီးပွါးကုန်အံ့”ဟု နှလုံးသွင်း၍ ကျင့်ရမည်။ [၄]ရဟန်းတို့ သင်တို့သည် ဤအတိုင်းသာ ကျင့်ရမည်ဟု (မိန့်တော်မူ၏)။ ။နဝမသုတ်။

၈၀။ [၁]ရဟန်းတို့ အကြင် အခြံအရံ၏ဆုတ်ယုတ်ခြင်းသည် ရှိ၏။ ဤဆုတ်ယုတ်ခြင်းသည် အနည်းငယ်မျှသာဖြစ်၏။ [၂]ရဟန်းတို့ အကြင်ပညာ၏ ဆုတ်ယုတ်ခြင်းသည်ရှိ၏၊ ဤဆုတ်ယုတ်ခြင်းသည် ဆုတ်ယုတ်ခြင်းတကာတို့တွင် အယုတ်ဆုံးတည်းဟု (မိန့်တော်မူ၏)။ ။ဒသမသုတ်။

ရှစ်ခုမြောက် ကလျာဏမိတ္တာဒိဝဂ် ပြီး၏။

---

၈၁။ [၁]ရဟန်းတို့ အကြင် အခြံအရံ၏ကြီးပွါးခြင်းသည် ရှိ၏၊ ဤကြီးပွါးခြင်းသည် အနည်းငယ်မျှသာဖြစ်၏။ [၂]ရဟန်းတို့ အကြင်ပညာ၏ ကြီးပွါးခြင်းသည်ရှိ၏၊ ဤကြီးပွါးခြင်းသည် ကြီးပွါးခြင်းတကာတို့တွင် အမြတ်ဆုံးတည်း။ [၃]ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ “ပညာ၏ ကြီးပွါးခြင်းဖြင့် ကြီးပွါးကုန်အံ့”ဟု နှလုံးသွင်း၍ ကျင့်ရမည်။ [၄]ရဟန်းတို့ သင်တို့သည် ဤအတိုင်းသာကျင့်ရမည် ဟု (မိန့်တော်မူ၏)။ ။ပဌမသုတ်။

၂၀။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ပမာဒေါ။ ²ပမာဒေါ ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။ဒုတိယံ။

၂၁။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ အပ္ပမာဒေါ။ ²အပ္ပမာဒေါ ဘိက္ခဝေ မဟတော အတ္ထာယ သံဝတ္တတီတိ။ ။တတိယံ။

၂၂။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ကောသဇ္ဇံ။ ²ကောသဇ္ဇံ ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။စတုတ္ထံ။

၁၂။ ¹ရဟန်းတို့ ဤမေ့လျော့ခြင်း 'ပမာဒ' တရားသည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်၊ ² ရဟန်းတို့ မေ့လျော့ခြင်း 'ပမာဒ' တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ဒုတိယသုတ်။

၁၃။ ¹ရဟန်းတို့ ဤမမေ့မလျော့ခြင်း 'အပ္ပမာဒ' တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသော တရားကိုမျှလည်းငါမမြင်၊ ² ရဟန်းတို့ မမေ့မလျော့ခြင်း 'အပ္ပမာဒ'တရားသည် များစွာအကျိုးရှိခြင်းငှါ ဖြစ်၏ဟု(မိန့်တော်မူ၏)။ ။တတိယသုတ်။

၁၄။ ¹ရဟန်းတို့ ဤပျင်းရိခြင်း'ကောသဇ္ဇ'တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသော တရားကိုမျှလည်းငါမမြင်။² ရဟန်းတို့ ပျင်းရိခြင်း 'ကောသဇ္ဇ' တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။စတုတ္ထသုတ်။

၈၅။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ဝီရိယာရမ္ဘော။ ²ဝီရိယာရမ္ဘော ဘိက္ခဝေ မဟတော အတ္ထာယ သံဝတ္တတီတိ။ ။ပဥ္စမံ။

၈၆။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ မဟိစ္ဆတာ။ ²မဟိစ္ဆတာ ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။ဆဋ္ဌံ။

၈၇။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ အပ္ပိစ္ဆတာ။ ²အပ္ပိစ္ဆတာ ဘိက္ခဝေ မဟတော အတ္ထာယ သံဝတ္တတီတိ။ ။သတ္တမံ။

---

၈၅။ ¹ ရဟန်းတို့ ဤထက်သန်သော လုံ့လ 'ဝီရိယာရမ္ဘ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြားတခုသောတရားကိုမျှလည်း ငါမမြင်၊ ²ရဟန်းတို့ ထက်သန်သော လုံ့လ'ဝီရိယာရမ္ဘ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ ။ပဥ္စမသုတ်။

၈၆။ ¹ ရဟန်းတို့ ဤ အလိုကြီးခြင်း 'မဟိစ္ဆတာ' တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြားတခုသောတရားကိုမျှလည်း ငါမမြင်၊ ² ရဟန်းတို့ အလိုကြီးခြင်း 'မဟိစ္ဆတာ'တရားသည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ဆဋ္ဌသုတ်။

၈၇။ ¹ ရဟန်းတို့ ဤအလိုနည်းခြင်း 'အပ္ပိစ္ဆတာ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြားတခုသောတရားကိုမျှလည်း ငါမမြင်၊ ² ရဟန်းတို့ အလိုနည်းခြင်း 'အပ္ပိစ္ဆတာ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။သတ္တမသုတ်။

၁၈။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ အသန္တုဋ္ဌိတာ။ [၂]အသန္တုဋ္ဌိတာ ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။အဋ္ဌမံ။

၁၉။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ သန္တုဋ္ဌိတာ။ [၂]သန္တုဋ္ဌိတာ ဘိက္ခဝေ မဟတော အတ္ထာယ သံဝတ္တတီတိ။ ။နဝမံ။

၂၀။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ အယောနိသော မနသိကာရော။ [၂]အယောနိသော မနသိကာရော ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။ဒသမံ။

---

၁၈။ [၁]ရဟန်းတို့ ဤမရောင့်ရဲခြင်း 'အသန္တုဋ္ဌိတာ' တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သောအခြားတခုသောတရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့မရောင့်ရဲခြင်း 'အသန္တုဋ္ဌိတာ' တရားသည် များစွာအကျိုးမဲ့ခြင်းငှါဖြစ်၏ ဟု (မိန့်တော်မူ၏)။ ။အဋ္ဌမသုတ်။

၁၉။ [၁]ရဟန်းတို့ ဤရောင့်ရဲခြင်း 'သန္တုဋ္ဌိတာ' တရားသည် များစွာအကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ဤအတူ များစွာအကျိုးရှိခြင်းငှါ ဖြစ်သောအခြားတခုသောတရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ ရောင့်ရဲခြင်း 'သန္တုဋ္ဌိတာ' တရားသည် များစွာအကျိုးရှိခြင်းငှါဖြစ်၏ ဟု (မိန့်တော်မူ၏)။ ။နဝမသုတ်။

၂၀။ [၁]ရဟန်းတို့ ဤမသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'အယောနိသောမနသိကာရ' တရားသည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူများစွာ အကျိုးမဲ့ခြင်းငှါဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်းသည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ဒသမသုတ်။

၉၁။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ။ ယော ဧဝံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ယောနိသော မနသိကာရော။ [2]ယောနိသော မနသိကာရော ဘိက္ခဝေ မဟတော အတ္ထာယ သံဝတ္တတီ-တိ။ ။ဧကာဒသမံ။

၉၂။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ အသမ္ပဇညံ။ [2]အသမ္ပဇညံ ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။ဒွါဒသမံ။

၉၃။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ သမ္ပဇညံ။ [2]သမ္ပဇညံ ဘိက္ခဝေ မဟတော အတ္ထာယ သံဝတ္တတီတိ။ ။တေရသမံ။

---

၉၁။ [1]ရဟန်းတို့ ဤသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'ယောနိသောမနသိကာရ' တရားသည် များစွာအကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးရှိခြင်းငှါဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်၊ [2]ရဟန်းတို့ သင့်လျော်သော အကြောင်းအားဖြင့်နှလုံးသွင်းခြင်းသည် များစွာအကျိုးရှိခြင်းငှါဖြစ်၏ ဟု (မိန့်တော်မူ၏)။ ။ဧကာဒသမသုတ်။

၉၂။ [1]ရဟန်းတို့ ဤမဆင်ခြင်ခြင်း 'အသမ္ပဇည'တရားသည်များစွာအကျိုးမဲ့ခြင်းငှါဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးမဲ့ခြင်းငှါဖြစ်သော အခြားတခုသော တရားကိုမျှလည်းငါမမြင်။ [2]ရဟန်းတို့မဆင်ခြင်ခြင်း 'အသမ္ပဇည'တရားသည် များစွာအကျိုးမဲ့ခြင်းငှါဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ဒွါဒသမသုတ်။

၉၃။ [1]ရဟန်းတို့ ဤဆင်ခြင်ခြင်း 'သမ္ပဇည'တရားသည် များစွာအကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူများစွာအကျိုးရှိခြင်းငှါ ဖြစ်သောအခြားတခုသော တရားကိုမျှလည်းငါမမြင်။ [2]ရဟန်းတို့ ဆင်ခြင်ခြင်း 'သမ္ပဇည' တရားသည်များစွာအကျိုးရှိခြင်းငှါဖြစ်၏ ဟု (မိန့်တော်မူ၏)။ ။တေရသမသုတ်။ ၊

၉၄။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ပါပမိတ္တတာ။ ²ပါပမိတ္တတာ ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။စုဒ္ဒသမံ။

၉၅။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ကလျာဏမိတ္တတာ။ ²ကလျာဏမိတ္တတာ ဘိက္ခဝေ မဟတော အတ္ထာယ သံဝတ္တတီတိ။ ။ပန္နရသမံ။

၉၆။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ အနုယောဂေါ အကုသလာနံ ဓမ္မာနံ အနနု-ယောဂေါ ကုသလာနံ ဓမ္မာနံ။ ²အနုယောဂေါ ဘိက္ခဝေ အကုသလာနံ ဓမ္မာနံ အနနုယောဂေါ ကုသလာနံ ဓမ္မာနံ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။သောဠသမံ။

---

၉၄။ ¹ရဟန်းတို့ ဤအဆွေခင်ပွန်းယုတ်ရှိခြင်း'ပါပမိတ္တတာ'တရားသည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ ² ရဟန်းတို့ အဆွေခင်ပွန်းယုတ်ရှိခြင်းသည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။စုဒ္ဒသမသုတ်။

၉၅။ ¹ရဟန်းတို့ ဤအဆွေခင်ပွန်းကောင်းရှိခြင်း' ကလျာဏမိတ္တတာ' တရားသည် များစွာအကျိုးရှိခြင်းငှါဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါဖြစ်သော အခြားတခုသော တရားကိုမျှလည်းငါမမြင်။ ² ရဟန်းတို့အဆွေခင်ပွန်းကောင်းရှိခြင်းသည် များစွာ အကျိုးရှိခြင်းငှါဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ပန္နရသမသုတ်။

၉၆။ ¹ရဟန်းတို့ ဤအကုသိုလ်တရားတို့ကိုအားထုတ်ခြင်း,ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူများစွာအကျိုးမဲ့ခြင်းငှါဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ ² ရဟန်းတို့ အကုသိုလ်တရားတို့ကို အားထုတ်ခြင်း ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။သောဠသမသုတ်။

၉၇။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ အနုယောဂေါ ကုသလာနံ ဓမ္မာနံ အနနုယောဂေါ အကုသလာနံ ဓမ္မာနံ။ [၂]အနုယောဂေါ ဘိက္ခဝေ ကုသလာနံ ဓမ္မာနံ အနနုယောဂေါ အကုသလာနံ ဓမ္မာနံ မဟတော အတ္ထာယ သံဝတ္တတီတိ။ ။သတ္တရသမံ။

ပမာဒါဒိဝဂ္ဂေါ နဝမော။

---

## ၁၀-ဒုတိယပမာဒါဒိဝဂ္ဂ

၉၈။ [၁]အဇ္ဈတ္တိကံ ဘိက္ခဝေ အင်္ဂန္တိ ကရိတွာ နာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ပမာဒေါ။ [၂]ပမာဒေါ ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။ပဌမံ။

---

၉၇။ [၁] ရဟန်းတို့ ဤကုသိုလ်တရားတို့ကို အားထုတ်ခြင်း အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် များစွာအကျိုးရှိခြင်းငှါဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးရှိခြင်းငှါဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ [၂] ရဟန်းတို့ ကုသိုလ်တရားတို့ကို အားထုတ်ခြင်း အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် များစွာအကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ ။ သတ္တရသမသုတ်။

ကိုးခုမြောက် ပမာဒါဒိဝဂ် ပြီး၏။

---

၉၈။ [၁] ရဟန်းတို့ ဤ မေ့လျော့ခြင်း 'ပမာဒ'တရားသည် မိမိ၏အတွင်း သန္တာန်၌ဖြစ်ပေါ်သောအကြောင်းဟု မြဲ၍ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ မိမိ၏အဘွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု မြဲ၍ များစွာ အကျိုးမဲ့ခြင်းငှါဖြစ်သော အခြားတခုသော အကြောင်းကိုမျှလည်း ငါမမြင်။ [၂] ရဟန်းတို့ မေ့လျော့သော'ပမာဒ'တရားသည် များစွာ အကျိုးမဲ့ခြင်းငှါဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ပဌမသုတ်။

၉၉။ ¹အဇ္ဈတ္တိကံ ဘိက္ခဝေ အင်္ဂန္တိ ကရိတွာ နာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ အပ္ပမာဒေါ။ ²အပ္ပမာဒေါ ဘိက္ခဝေ မဟတော အတ္ထာယ သံဝတ္တတီတိ။ ။ဒုတိယံ။

၁၀၀။ ¹အဇ္ဈတ္တိကံ ဘိက္ခဝေ အင်္ဂန္တိ ကရိတွာ နာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ကောသဇ္ဇံ။ ²ကောသဇ္ဇံ ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။တတိယံ၊

၁၀၁။ ¹အဇ္ဈတ္တိကံ ဘိက္ခဝေ အင်္ဂန္တိ ကရိတွာ နာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ဝီရိယာရမ္ဘော။ ²ဝီရိယာ-

---

၉၉။ ¹ရဟန်းတို့ ဤမမေ့မလျော့ခြင်း 'အပ္ပမာဒ' တရားသည် မိမိ၏အတွင်းသန္တာန်၌ဖြစ်ပေါ်သော အကြောင်းဟုပြု၍ များစွာအကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူမိမိ၏အတွင်းသန္တာန်၌ ဖြစ်ပေါ်သောအကြောင်းဟုပြု၍ များစွာအကျိုးရှိခြင်းငှါဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ ²ရဟန်းတို့မမေ့မလျော့ခြင်း 'အပ္ပမာဒ'တရားသည် များစွာအကျိုးရှိခြင်းငှါ ဖြစ်၏ဟု(မိန့်တော်မူ၏)။ ။ဒုတိယသုတ်။

၁၀၀။ ¹ရဟန်းတို့ ဤပျင်းရိခြင်း 'ကောသဇ္ဇ' တရားသည် မိမိ၏အတွင်းသန္တာန်၌ဖြစ်ပေါ်သော အကြောင်းဟုပြု၍ များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ မိမိ၏အတွင်းသန္တာန်၌ ဖြစ်ပေါ်သောအကြောင်းဟုပြု၍ များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်သောအခြားတခုသော တရားကိုမျှလည်း ငါမမြင်။ ²ရဟန်းတို့ ပျင်းရိခြင်း 'ကောသဇ္ဇ' တရားသည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု(မိန့်တော်မူ၏)။ ။တတိယသုတ်။

၁၀၁။ ¹ရဟန်းတို့ ဤထက်သန်သော လုံ့လ 'ဝီရိယာရမ္ဘ' တရားသည် မိမိ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်သောအကြောင်းဟုပြု၍ များစွာအကျိုးရှိခြင်းငှါဖြစ်သကဲ့သို့ ဤအတူ မိမိအတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟုပြု၍ များစွာ အကျိုးရှိခြင်းငှါဖြစ်သော အခြားတခုသော တရားကိုမျှလည်းငါမမြင်။

ရမ္ဘော ဘိက္ခဝေ မဟာတော အတ္ထာယ သံဝတ္တတီတိ။ ။ စတုတ္ထံ။

၁၀၂-၁၀၉။ [၁]အဇ္ဈတ္တိကံ ဘိက္ခဝေ အင်္ဂန္တိ ကရိတွာ နာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ မဟာတော အနတ္ထာယ သံဝတ္တတိ၊ယထယိဒံ ဘိက္ခဝေ မဟိစ္ဆတာ။ပ။ အပ္ပိစ္ဆတာ။ [၂]အသန္တုဋ္ဌိတာ။သန္တုဋ္ဌိတာ။ [၃]အယောနိသော မနသိကာရော။ ယောနိသော မနသိကာရော။[၄]အသမ္ပဇညံ။ သမ္ပဇညံ။ ။ဒွါဒသမံ။

၁၁၀။ [၁]ဗာဟိရံ ဘိက္ခဝေ အင်္ဂန္တိ ကရိတွာ နာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ မဟာတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ပါပမိတ္တတာ။[၂]ပါပမိတ္တ-

---

[၁]ရဟန်းတို့ ထက်သန်သောလုံ့လ 'ဝီရိယာရမ္ဘ' တရားသည် များစွာအကျိုးရှိခြင်းငှါဖြစ်၏ဟု (မိန့်တော်မူ၏)။ ။စတုတ္ထသုတ်။

၁၀၂-၁၀၉။ [၁]ရဟန်းတို့ ဤအလိုကြီးခြင်း 'မဟိစ္ဆတာ' တရားသည်မိမိ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်သောအကြောင်းဟုပြု၍ များစွာအကျိုးမဲ့ခြင်းငှါဖြစ်သကဲ့သို့ ဤအတူမိမိအတွင်းသန္တာန်၌ ဖြစ်ပေါ်သောအကြောင်းဟုပြု၍ များစွာအကျိုးမဲ့ခြင်းငှါဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ပ။အလိုနည်းခြင်း'အပ္ပိစ္ဆတာ'တရားသည်။ [၂]မရောင့်ရဲခြင်း'အသန္တုဋ္ဌိတာ'တရားသည်။ ရောင့်ရဲခြင်း 'သန္တုဋ္ဌိတာ' တရားသည်။ [၃]မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'အယောနိသော မနသိကာရ' တရားသည်။ သင့်လျော်သောအကြောင့်အားဖြင့် နှလုံးသွင်းခြင်း 'ယောနိသော မနသိကာရ' တရားသည်။ [၄]မဆင်ခြင်ခြင်း 'အသမ္ပဇညတရား'သည်။ ဆင်ခြင်ခြင်း 'သမ္ပဇည' တရားသည်။ ။ဒွါဒသမသုတ်။

၁၁၀။ [၁]ရဟန်းတို့ ဤအဆွေခင်ပွန်းယုတ်ရှိခြင်း 'ပါပမိတ္တတာ' တရားသည် အပသန္တာန်၌ ဖြစ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ အပသန္တာန်၌ ဖြစ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကို မျှလည်း ငါမမြင်။

တာ ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။ တေရသမံ။

၁၁၁။ [၁]ဗာဟိရံ ဘိက္ခဝေ အင်္ဂန္တိ ကရိတွာ နာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ကလျာဏမိတ္တတာ၊ [၂]ကလျာဏမိတ္တတာ ဘိက္ခဝေ မဟတော အတ္ထာယ သံဝတ္တတီတိ။ ။စုဒ္ဒသမံ။

၁၁၂။ [၁]အဇ္ဈတ္တိကံ ဘိက္ခဝေ အင်္ဂန္တိ ကရိတွာ နာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ အနုယောဂေါ အကုသလာနံ ဓမ္မာနံ အနနုယောဂေါ ကုသလာနံ ဓမ္မာနံ။ [၂]အနုယောဂေါ ဘိက္ခဝေ အကုသလာနံ ဓမ္မာနံ အနနုယောဂေါ ကုသလာနံ ဓမ္မာနံ မဟတော အနတ္ထာယ သံဝတ္တတီတိ။ ။ပန္နရသမံ။

---

[၂] ရဟန်းတို့ အဆွေခင်ပွန်းယုတ်ရှိခြင်းသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။တေရသမသုတ်။

၁၁၁။ [၁] ရဟန်းတို့ ဤအဆွေခင်ပွန်းကောင်းရှိခြင်း 'ကလျာဏမိတ္တတာ' တရားသည် အပသန္တာန်၌ ဖြစ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ အပသန္တာန်၌ဖြစ်သော အကြောင်းဟု ပြု၍ များစွာအကျိုးရှိခြင်းငှါဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ အဆွေခင်ပွန်းကောင်းရှိခြင်းသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။စုဒ္ဒသမသုတ်။

၁၁၂။ [၁] ရဟန်းတို့ ဤအကုသိုလ်တရားတို့ကို အားထုတ်ခြင်း, ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် မိမိ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟုပြု၍ များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ မိမိ၏အတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟုပြု၍ များစွာ အကျိုးမဲ့ခြင်းငှါဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ [၂] ရဟန်းတို့ အကုသိုလ်တရားတို့ကို အားထုတ်ခြင်း ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ပန္နရသမသုတ်။

၁၁၃။ ¹အဇ္ဈတ္တိကံ ဘိက္ခဝေ အင်္ဂန္တိ ကရိတွာ နာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ အနုယောဂေါ ကုသလာနံ ဓမ္မာနံ အနနုယောဂေါ အကုသလာနံ ဓမ္မာနံ။ ²အနုယောဂေါ ဘိက္ခဝေ ကုသလာနံ ဓမ္မာနံ အနနုယောဂေါ အကုသလာနံ ဓမ္မာနံ မဟတော အတ္ထာယ သံဝတ္တတိတိ။ ။သောဠသမံ။

၁၁၄။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ပမာဒေါ။ ²ပမာဒေါ ဘိက္ခဝေ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိတိ။ ။သတ္တရသမံ။

၁၁၅။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ

---

၁၁၃။ ¹ ရဟန်းတို့ ဤ ကုသိုလ်တရားတို့ကို အားထုတ်ခြင်း, အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် မိမိ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟုပြု၍ များစွာအကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ မိမိ၏အတွင်း သန္တာန်၌ ဖြစ်ပေါ်သောအကြောင်းဟုပြု၍ များစွာ အကျိုးရှိခြင်းငှါဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ ² ရဟန်းတို့ ကုသိုလ်တရားတို့ကို အားထုတ်ခြင်း အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် များစွာအကျိုး ရှိခြင်းငှါဖြစ်၏ဟု (မိန့်တော်မူ၏)။ ။သောဠသမသုတ်။

၁၁၄။ ¹ ရဟန်းတို့ ဤမေ့လျော့ခြင်း 'ပမာဒ' တရားသည် သာသနာတော်၏ပျက်စီးခြင်း ကွယ်ပျောက်ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ သာသနာတော်၏ပျက်စီးခြင်း ကွယ်ပျောက်ခြင်းငှါ ဖြစ်သော အခြားတခုသော တရားကိုမျှလည်းငါမမြင်။ ² ရဟန်းတို့ မေ့လျော့ခြင်း 'ပမာဒ' တရားသည် သာသနာတော်၏ပျက်စီးခြင်း ကွယ်ပျောက်ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ ။သတ္တရသမသုတ်။

၁၁၅။ ¹ ရဟန်းတို့ ဤမမေ့မလျော့ခြင်း 'အပ္ပမာဒ' တရားသည် သာသနာတော်၏ ကြာမြင့်စွာ တည်ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှါ ဖြစ်

အနန္တရဓာနာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ အပ္ပမာဒေါ။ ²အပ္ပမာဒေါ ဘိက္ခဝေ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တတီတိ။ ။အဋ္ဌာရသမံ။

၁၁၆။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ကောသဇ္ဇံ။ ²ကောသဇ္ဇံ ဘိက္ခဝေ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတီတိ။ ။ဧကူနဝီသတိမံ။

၁၁၇။ ¹နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ

သကဲ့သို့ ဤအတူ သာသနာတော်၏ ကြာမြင့်စွာတည်ခြင်း မပျက်စီးခြင်းမကွယ်ပျောက်ခြင်းငှါဖြစ်သော အခြားတခုသောတရားကိုမျှလည်း ငါမမြင်။ ²ရဟန်းတို့မမေ့မလျော့ခြင်း 'အပ္ပမာဒ'တရားသည် သာသနာတော်၏ ကြာမြင့်စွာတည်ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။အဋ္ဌာရသမသုတ်။

၁၁၆။ ¹ရဟန်းတို့ ဤပျင်းရိခြင်း 'ကောသဇ္ဇ'တရားသည် သာသနာတော်၏ ပျက်စီးခြင်း ကွယ်ပျောက်ခြင်းငှါ ဖြစ်သကဲ့သို့ဤအတူ သာသနာတော်၏ ပျက်စီးခြင်းကွယ်ပျောက်ခြင်း ဖြစ်သောအခြားတခုသော တရားကိုမျှလည်း ငါမမြင်။ ²ရဟန်းတို့ ပျင်းရိခြင်း 'ကောသဇ္ဇ'တရားသည် သာသနာတော်၏ ပျက်စီးခြင်း ကွယ်ပျောက်ခြင်းငှါဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ဧကူနဝီသတိမသုတ်။

၁၁၇။ ¹ရဟန်းတို့ ဤထက်သန်သောလုံ့လ 'ဝီရိယာရမ္ဘ' တရားသည် သာသနာတော်၏ ကြာမြင့်စွာတည်ခြင်း မပျက်စီးခြင်း မကွယ်ပျောက် ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူသာသနာတော်၏ ကြာမြင့်စွာတည်ခြင်း မပျက်စီးခြင်းမကွယ်ပျောက်ခြင်းငှါ ဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။

ဝီရိယာရမ္ဘော။ [၂]ဝီရိယာရမ္ဘော ဘိက္ခဝေ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တတီတိ။ ။ ဝီသတိမံ။

၁၁၈-၁၂၈။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ မဟိစ္ဆတာ။ပ။ အပ္ပိစ္ဆတာ။[၂]အသန္တုဋ္ဌိတာ။ သန္တုဋ္ဌိတာ။ [၃]အယောနိသော မနသိကာရော။ယောနိသော မနသိကာရော။ [၄]အသမ္ပဇညံ။ သမ္ပဇညံ။ [၅]ပါပမိတ္တတာ။ ကလျာဏမိတ္တတာ။ [၆]အနုယောဂေါ အကုသလာနံ ဓမ္မာနံ အနနုယောဂေါ ကုသလာနံ ဓမ္မာနံ။ [၇]အနုယောဂေါ ဘိက္ခဝေ အကုသလာနံ ဓမ္မာနံ အနနုယောဂေါ ကုသလာနံ ဓမ္မာနံ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတီတိ။ ။ဧကတ္တိံသတိမံ။

---

[၂]ရဟန်းတို့ ထက်သန်သောလုံ့လ'ဝီရိယာရမ္ဘ'တရားသည် သာသနာတော်၏ ကြာမြင့်စွာ တည်ခြင်းမပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှါဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ဝီသတိမသုတ်။

၁၁၈-၁၂၈။ [၁]ရဟန်းတို့ ဤအလိုကြီးခြင်း 'မဟိစ္ဆတာ' တရားသည် သာသနာတော်၏ ပျက်စီးခြင်းကွယ်ပျောက်ခြင်းငှါ ဖြစ်သကဲ့သို့ဤအတူ သာသနာတော်၏ပျက်စီးခြင်းကွယ်ပျောက်ခြင်းငှါဖြစ်သောအခြားတခုသောတရားကို မျှလည်းငါမမြင်။ပ။အလိုနည်းခြင်း 'အပ္ပိစ္ဆတာ'တရားသည်။ [၂]မရောင့်ရဲခြင်း 'အသန္တုဋ္ဌိတာ'တရားသည်။ရောင့်ရဲခြင်း 'သန္တုဋ္ဌိတာ' တရားသည်။ [၃]မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'အယောနိသော မနသိကာရ'တရားသည်၊ သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'ယောနိသော မနသိကာရ'တရားသည်။ [၄]မဆင်ခြင်ခြင်း 'အသမ္ပဇည' တရားသည်။ ဆင်ခြင်ခြင်း 'သမ္ပဇည'တရားသည်။ [၅]အဆွေခင်ပွန်းယုတ်ရှိခြင်း 'ပါပမိတ္တတာ'တရားသည်။အဆွေခင်ပွန်းကောင်းရှိခြင်း'ကလျာဏမိတ္တတာ'တရားသည်၊ [၆]အကုသိုလ်တရားတို့ကို အားထုတ်ခြင်း ကုသိုလ်တရားတို့ကိုအားမထုတ်ခြင်းသည်။ [၇]ရဟန်းတို့ အကုသိုလ်တရားတို့ကို အားထုတ်ခြင်း ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် သာသနာတော်၏ပျက်စီးခြင်းကွယ်ပျောက်ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ဧကတ္တိံသတိမသုတ်။

၁၂၉။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ အနုယောဂေါ ကုသလာနံ ဓမ္မာနံ အနနုယောဂေါ အကုသလာနံ ဓမ္မာနံ။ [2]အနုယောဂေါ ဘိက္ခဝေ ကုသလာနံ ဓမ္မာနံ အနနုယောဂေါ အကုသလာနံ ဓမ္မာနံ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တတီတိ။ ။ဗာတ္တိံသတိမံ။ ။စတုက္ကောဋိကံ နိဋ္ဌိတံ။

၁၃၀။ [1]ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ ''ဓမ္မော''တိ ဒီပေန္တိ၊ [2]တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနအဟိတာယ ပဋိပန္နာ ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ

---

၁၂၉။ [1] ရဟန်းတို့ ဤကုသိုလ်တရားတို့ကို အားထုတ်ခြင်း, အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် သာသနာတော်၏ ကြာမြင့်စွာ တည်တံ့ခြင်း, မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ သာသနာတော်၏ကြာမြင့်စွာ တည်တံ့ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှါ ဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်၊ [2] ရဟန်းတို့ ကုသိုလ်တရားတို့ကို အားထုတ်ခြင်း အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် သာသနာတော်၏ ကြာမြင့်စွာ တည်တံ့ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ ။ဗာတ္တိံသတိမသုတ်။

စတုက္ကောဋိကပြီး၏။

၁၃၀။ [1] ရဟန်းတို့ အကြင်ရဟန်းတို့သည် အဓမ္မ(၁)ကို ''ဓမ္မ''(၂)ဟု ပြကုန်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါး မဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူအများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏

---

၁-သုတ္တန် ပရိယာယ်အားဖြင့် အကုသလ ကမ္မပထ တရား ဆယ်ပါး ဝိနည်းပရိယာယ်အားဖြင့် မဟုတ်မမှန်သော ဝတ္ထုဖြင့် စောဒနာခြင်းစသည်။ ။၂-သုတ္တန်ပရိယာယ်အားဖြင့် ကုသလ ကမ္မပထတရားဆယ်ပါး ဝိနည်းပရိယာယ်အားဖြင့် ဟုတ်မှန်သော ဝတ္ထုဖြင့် စောဒနာခြင်းစသည်။

အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ [၃]ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ၊ [၄]တေ စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တီတိ။ ။တေတ္တိံသတိမံ။

၁၃၁။ [၁]ယေ တေ ဘိက္ခဝေ ဘိက္ခူ ဓမ္မံ ''အဓမ္မော''တိ ဒီပေန္တိ၊ [၂]တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနအဟိတာယ ပဋိပန္နာ ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။[၃]ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ၊ [၄]တေ စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တီတိ။ ။စတုတ္တိံသတိမံ။

၁၃၂-၁၃၉။ [၁]ယေ တေ ဘိက္ခဝေ ဘိက္ခူ အဝိနယံ ''ဝိနယော''တိ ဒီပေန္တိ။ ပ။ ဝိနယံ ''အဝိနယော''တိ

---

အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သည်မည်ကုန်၏။ [၂] ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်၏ဟု (မိန့်တော်မူ၏)။ ။တေတ္တိံသတိမသုတ်။

၁၃၁။ [၁] ရဟန်းတို့ အကြင်ရဟန်းတို့သည် ဓမ္မကို''အဓမ္မ''ဟု ပြကုန်၏၊ [၂] ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူအများ၏အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သည်မည်ကုန်၏။ [၃] ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွါးစေသည်မည်ကုန်၏၊ [၄]ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။စတုတ္တိံသတိမသုတ်။

၁၃၂-၁၃၉။ [၁]ရဟန်းတို့ အကြင် ရဟန်းတို့သည် အဝိနယ (၁)ကို ''ဝိနယ''(၂)ဟု ပြကုန်၏။ပ။ဝိနယကို''အဝိနယ''ဟု ပြကုန်၏ ။ပ။[၂]မြတ်စွာဘုရား

---

၁-သုတ္တန်ပရိယာယ်အားဖြင့်ရာဂစသည်တို့ကိုမပယ်ခြင်း ပညာဖြင့်မဆင်ခြင်ခြင်း၊ ဝိနည်းပရိယာယ်အားဖြင့် ဝတ္ထုဝိပတ္တိ သီမာဝိပတ္တိစသည်။ ။၂-သုတ္တန်ပရိယာယ်အားဖြင့် ရာဂစသည်တို့ကို ပယ်ခြင်း ပညာဖြင့်ဆင်ခြင်ခြင်း၊ ဝိနည်းပရိယာယ်အားဖြင့် ဝတ္ထုသမ္ပတ္တိ သီမာသမ္ပတ္တိစသည်။

ဒီပေန္တိ။ပ။[၂]အဘာသိတံ အလပိတံ တထာဂတေန "ဘာ-
သိတံ လပိတံ တထာဂတေနာ"တိ ဒီပေန္တိ။ပ။ ဘာသိတံ
လပိတံ တထာဂတေန "အဘာသိတံ အလပိတံ တထာ-
ဂတေနာ"တိ ဒီပေန္တိ။ပ။ [၃]အနာစိဏ္ဏံ တထာဂတေန
"အာစိဏ္ဏံ တထာဂတေနာ"တိ ဒီပေန္တိ။ပ။ အာစိဏ္ဏံ
တထာဂတေန "အနာစိဏ္ဏံ တထာဂတေနာ"တိ ဒီပေ-
န္တိ။ပ။[၄]အပညတ္တံ တထာဂတေန "ပညတ္တံ တထာဂတေ-
နာ"တိ ဒီပေန္တိ။ပ။ ပညတ္တံ တထာဂတေန "အပညတ္တံ
တထာဂတေနာ"တိ ဒီပေန္တိ။[၅]တေ ဘိက္ခဝေ ဘိက္ခူ ဗဟု-
ဇနအဟိတာယ ပဋိပန္နာ ဗဟုဇနအသုခါယ ဗဟုနော
ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာ-
နံ။ [၆]ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ၊[၇]တေ
စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တီတိ။ ။ဒွါစတ္တာလီသတိမံ။

ဒုတိယပမာဒါဒိဝဂ္ဂေါ ဒသမော။

---

မဟောအပ်မပြောအပ်သည်ကို "မြတ်စွာဘုရား ဟောအပ်ပြောအပ်၏" ဟု ပြကုန်၏။ပ။ မြတ်စွာဘုရားဟောအပ် ပြောအပ်သည်ကို"မြတ်စွာဘုရားမဟော အပ် မပြောအပ်"ဟု ပြကုန်၏။ပ။ [၃]မြတ်စွာဘုရား အလေ့အကျင့်မပြုအပ်သည် ကို "မြတ်စွာဘုရား အလေ့အကျင့်ပြုအပ်၏"ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား အလေ့အကျင့်ပြုအပ်သည်ကို "မြတ်စွာဘုရားအလေ့အကျင့်မပြုအပ်" ဟု ပြ ကုန်၏။ပ။ [၄]မြတ်စွာဘုရားမပညတ်အပ်သည်ကို "မြတ်စွာဘုရားပညတ်အပ်၏" ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား'ပညတ်အပ်သည်ကို "မြတ်စွာဘုရား မပညတ် အပ်"ဟု ပြကုန်၏၊ [၅]ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးမဲ့ ခြင်းငှါ လူအများ၏ချမ်းသာ မဲ့ခြင်းငှါ လူအများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူ တို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သည်မည်ကုန်၏၊ [၆]ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွါးစေသည်မည် ကုန်၏၊ [၇]ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်၏ဟု (မိန့်တော်မူ၏)။ ။ဒွါစတ္တာလီသတိမသုတ်။

ဆယ်ခုမြောက် ဒုတိယ ပမာဒါဒိဝဂ် ပြီး၏။

## ၁၁-အဓမ္မဝဂ္ဂ

၁၄၀။ [၁]ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ ‘‘အဓမ္မော’’တိ ဒီပေန္တိ၊ [၂]တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနဟိတာယ ပဋိပန္နာ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ [၃]ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ ပုညံ ပသဝန္တိ၊ [၄]တေ စိမံ သဒ္ဓမ္မံ ဌပေန္တီတိ။ ။ပဌမံ။

၁၄၁။ [၁]ယေ တေ ဘိက္ခဝေ ဘိက္ခူ ဓမ္မံ ‘‘ဓမ္မော’’တိ ဒီပေန္တိ၊ [၂]တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနဟိတာယ ပဋိပန္နာ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ [၃]ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ ပုညံ ပသဝန္တိ၊ [၄]တေ စိမံ သဒ္ဓမ္မံ ဌပေန္တီတိ။ ။ဒုတိယံ။

၁၄၂-၁၄၉။ [၁]ယေ တေ ဘိက္ခဝေ ဘိက္ခူ အဝိနယံ ‘‘အဝိနယော’’တိ ဒီပေန္တိ။ ပ။ ဝိနယံ ‘‘ဝိနယော’’တိ

---

၁၄၀။ [၁]ရဟန်းတို့ အကြင်ရဟန်းတို့သည် အဓမ္မကို ‘‘အဓမ္မ’’ဟု ပြကုန်၏၊ [၂]ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏အစီးအပွါးဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးဖြစ်ခြင်းငှါ နတ်လူတို့၏ အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်သည် မည်ကုန်၏၊ [၃]ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ [၄]ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း တည်တံ့စေသည်မည်ကုန်၏ဟု (မိန့်တော်မူ၏)။ ။ပဌမသုတ်။

၁၄၁။ [၁]ရဟန်းတို့ အကြင်ရဟန်းတို့သည် ဓမ္မကို ‘‘ဓမ္မ’’ဟု ပြကုန်၏၊ [၂]ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးဖြစ်ခြင်းငှါ နတ်လူတို့၏ အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်သည် မည်ကုန်၏၊ [၃]ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ [၄]ထိုရဟန်းတို့သည် ဤ သာသနာတော်ကိုလည်း တည်တံ့စေသည် မည်ကုန်၏ဟု (မိန့်တော်မူ၏)။ ။ဒုတိယသုတ်။

၁၄၂-၁၄၉။ [၁]ရဟန်းတို့ အကြင်ရဟန်းတို့သည် အဝိနယကို ‘‘အဝိနယ’’ဟု ပြကုန်၏။ပ။ဝိနယကို ‘‘ဝိနယ’’ဟု ပြကုန်၏။ပ။ [၂]မြတ်စွာဘုရား

ဒီပေန္တိ။ ပ။ [၂]အဘာသိတံ အလပိတံ တထာဂတေန “အဘာသိတံ အလပိတံ တထာဂတေနာ”တိ ဒီပေန္တိ ။ပ။ ဘာသိတံ လပိတံ တထာဂတေန“ဘာသိတံ လပိတံ တထာဂတေနာ”တိ ဒီပေန္တိ။ပ။[၃]အနာစိဏ္ဏံ တထာဂတေန “အနာစိဏ္ဏံ တထာဂတေနာ”တိ ဒီပေန္တိ။ပ။ အာစိဏ္ဏံ တထာဂတေန “အာစိဏ္ဏံ တထာဂတေနာ”တိ ဒီပေန္တိ ။ပ။[၄]အပညတ္တံ တထာဂတေန“အပညတ္တံ တထာဂတေနာ”တိ ဒီပေန္တိ။ ပ။ ပညတ္တံ တထာဂတေန “ပညတ္တံ တထာဂတေနာ”တိ ဒီပေန္တိ။ [၅]တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနဟိတာယ ပဋိပန္နာ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ [၆]ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ ပုညံ ပသဝန္တိ၊ [၇]တေ စိမံ သဒ္ဓမ္မံ ဌပေန္တီတိ။ ။ဒသမံ။

အဓမ္မဝဂ္ဂေါ ဧကာဒသမော။

---

မဟောအပ် မပြောအပ်သည်ကို “မြတ်စွာဘုရား မဟောအပ် မပြောအပ်” ဟု ပြကုန်၏။ပ၊ မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို “မြတ်စွာဘုရား ဟောအပ် ပြောအပ်၏”ဟု ပြကုန်၏။ပ။ [၃]မြတ်စွာဘုရား အလေ့အကျင့်မပြုအပ်သည်ကို “မြတ်စွာဘုရား အလေ့အကျင့်မပြုအပ်”ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား အလေ့အကျင့်ပြုအပ်သည်ကို “မြတ်စွာဘုရား အလေ့အကျင့်ပြုအပ်၏”ဟု ပြကုန်၏။ပ။ [၄]မြတ်စွာဘုရား မပညတ်အပ်သည်ကို“မြတ်စွာဘုရား မပညတ်အပ်”ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား ပညတ်အပ်သည်ကို “မြတ်စွာဘုရား ပညတ်အပ်၏”ဟု ပြကုန်၏။ [၅]ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးဖြစ်ခြင်းငှါ နတ်လူတို့၏ အစီးအပွား ဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါကျင့်သည်မည်ကုန်၏။ [၆]ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ [၇]ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း တည်တံ့စေသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။ဒသမသုတ်။

တဆယ့်တခုမြောက် အဓမ္မဝဂ် ပြီး၏။

## ၁၂-အနာပတ္တိဝဂ္ဂ

၁၅၀။ [၁]ယေ တေ ဘိက္ခဝေ ဘိက္ခူ အနာပတ္တိံ “အာပတ္တီ”တိ ဒီပေန္တိ၊ [၂]တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနအဟိတာယ ပဋိပန္နာ ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ [၃]ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ၊ [၄]တေ စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တီတိ။ ။ပဌမံ။

၁၅၁။ [၁]ယေ တေ ဘိက္ခဝေ ဘိက္ခူ အာပတ္တိံ “အနာပတ္တီ”တိ ဒီပေန္တိ၊ [၂]တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနအဟိတာယ ပဋိပန္နာ ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ၊ [၃]ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ၊ [၄]တေ စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တီတိ။ ။ဒုတိယံ။

---

၁၅၀။ [၁]ရဟန်းတို့ အကြင် ရဟန်းတို့သည် အာပတ်မဟုတ်သည်ကို “အာပတ်” ဟု ပြကုန်၏၊ [၂]ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူအများ၏အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သည်မည်ကုန်၏၊ [၃]ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ [၄]ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်၏ဟု (မိန့်တော်မူ၏)။ ။ပဌမသုတ်။

၁၅၁။ [၁]ရဟန်းတို့ အကြင် ရဟန်းတို့သည် အာပတ်ကို “အာပတ်မဟုတ်”ဟု ပြကုန်၏၊ [၂]ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူအများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သည်မည်ကုန်၏၊ [၃]ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ [၄]ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်၏ဟု (မိန့်တော်မူ၏)။ ။ဒုတိယသုတ်။

၁၅၂-၁၅၉။ [၁]ယေ တေ ဘိက္ခဝေ ဘိက္ခူ လဟုကံ အာပတ္တိံ "ဂရုကာ အာပတ္တီ"တိ ဒီပေန္တိ။ ပ။ ဂရုကံ အာပတ္တိံ "လဟုကာ အာပတ္တီ"တိ ဒီပေန္တိ။ ပ။ [၂]ဒုဋ္ဌုလ္လံ အာပတ္တိံ "အဒုဋ္ဌုလ္လာ အာပတ္တီ"တိ ဒီပေန္တိ။ ပ။ အဒုဋ္ဌုလ္လံ အာပတ္တိံ "ဒုဋ္ဌုလ္လာ အာပတ္တီ"တိ ဒီပေန္တိ။ ပ။ [၃]သာဝသေသံ အာပတ္တိံ "အနဝသေသာ အာပတ္တီ"တိ ဒီပေန္တိ။ ပ။ အနဝသေသံ အာပတ္တိံ "သာဝသေသာ အာပတ္တီ"တိ ဒီပေန္တိ။ ပ။ [၄]သပ္ပဋိကမ္မံ အာပတ္တိံ "အပ္ပဋိကမ္မာ အာပတ္တီ"တိ ဒီပေန္တိ။ ပ။ အပ္ပဋိကမ္မံ အာပတ္တိံ "သပ္ပဋိကမ္မာ အာပတ္တီ"တိ ဒီပေန္တိ။ [၅]တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနအဟိတာယ ပဋိပန္နာ ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ [၆]ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ၊ [၇]တေ စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တီတိ။ ။ဒသမံ။

---

၁၅၂-၁၅၉။ [၁]ရဟန်းတို့ အကြင်ရဟန်းတို့သည် ပေါ့သောအာပတ်ကို "လေးသောအာပတ်"ဟု ပြကုန်၏။ပ၊ လေးသောအာပတ်ကို "ပေါ့သော အာပတ်"ဟု ပြကုန်၏။ပ။ [၂] ရုန့်ရင်းသောအာပတ်ကို "ရုန့်ရင်းသော အာပတ် မဟုတ်"ဟု ပြကုန်၏။ပ၊ ရုန့်ရင်းသော အာပတ်မဟုတ်သည်ကို "ရုန့်ရင်းသော အာပတ်"ဟု ပြကုန်၏။ပ။ [၃] ကုစားခွင့်အကြွင်းရှိသော အာပတ်ကို "ကုစားခွင့်အကြွင်းမရှိသောအာပတ်"ဟု ပြကုန်၏။ပ။ ကုစားခွင့် အကြွင်းမရှိသော အာပတ်ကို "ကုစားခွင့်အကြွင်းရှိသော အာပတ်"ဟု ပြကုန်၏ ။ပ။[၄] ကုစားကောင်းသော အာပတ်ကို "မကုစားကောင်းသော အာပတ်"ဟု ပြကုန်၏။ပ။မကုစားကောင်းသော အာပတ်ကို "ကုစားကောင်းသော အာပတ်" ဟု ပြကုန်၏။ [၅] ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အကျိုးစီးပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူအများ၏အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သည် မည်ကုန်၏။ [၆] ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏။ [၇] ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက် စေသည်မည်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။ဒသမသုတ်။

၁၆၀။ [1]ယေ တေ ဘိက္ခဝေ ဘိက္ခူ အနာပတ္တိံ ''အနာပတ္တီ''တိ ဒီပေန္တိ၊ [2]တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနဟိတာယ ပဋိပန္နာ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ [3]ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ ပုညံ ပသဝန္တိ၊ [4]တေ ဣမံ သဒ္ဓမ္မံ ဌပေန္တီတိ။ ။ ဧကာဒသမံ။

၁၆၁။ [1]ယေ တေ ဘိက္ခဝေ ဘိက္ခူ အာပတ္တိံ ''အာပတ္တီ''တိ ဒီပေန္တိ၊ [2]တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနဟိတာယ ပဋိပန္နာ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ [3]ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ ပုညံ ပသဝန္တိ၊ [4]တေ ဣမံ သဒ္ဓမ္မံ ဌပေန္တီတိ။ ။ ဒွါဒသမံ။

၁၆၂-၁၆၉။ [1]ယေ တေ ဘိက္ခဝေ ဘိက္ခူ လဟုကံ အာပတ္တိံ ''လဟုကာ အာပတ္တီ''တိ ဒီပေန္တိ။ ဂရုကံ

---

၁၆၀။ [1]ရဟန်းတို့ အကြင် ရဟန်းတို့သည် အာပတ် မဟုတ်သည်ကို ''အာပတ်မဟုတ်''ဟု ပြကုန်၏၊ [2]ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုး ဖြစ်ခြင်းငှါ နတ်လူတို့၏ အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်သည် မည်ကုန်၏။ [3]ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကို လည်း ဖြစ်ပွါးစေသည်မည်ကုန်၏။ [4]ထိုရဟန်းတို့သည် ဤသာသနာတော်ကို လည်း တည်တံ့စေသည်မည်ကုန်၏ ဟု(မိန့်တော်မူ၏)။ ။ဧကာဒသမသုတ်။

၁၆၁။ [1]ရဟန်းတို့ အကြင်ရဟန်းတို့သည် အာပတ်ကို ''အာပတ်'' ဟု ပြကုန်၏၊ [2]ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါး ဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးရှိခြင်းငှါ နတ်လူတို့၏ အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်သည်မည်ကုန်၏၊ [3]ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏။ [4]ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း တည်တံ့စေသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။ ။ဒွါဒသမသုတ်။

၁၆၂-၁၆၉။ [1]ရဟန်းတို့ အကြင်ရဟန်းတို့သည် ပေါ့သော အာပတ်ကို ''ပေါ့သော အာပတ်''ဟု ပြကုန်၏။ လေးသော အာပတ်ကို ''လေးသော

အာပတ္တိံ "ဂရုကာ အာပတ္တီ"တိ ဒီပေန္တိ။ [၁]ဒုဋ္ဌုလ္လံ အာပတ္တိံ "ဒုဋ္ဌုလ္လာ အာပတ္တီ"တိ ဒီပေန္တိ။ အဒုဋ္ဌုလ္လံ အာပတ္တိံ "အဒုဋ္ဌုလ္လာ အာပတ္တီ"တိ ဒီပေန္တိ။ [၂]သာဝသေသံ အာပတ္တိံ "သာဝသေသာ အာပတ္တီ"တိ ဒီပေန္တိ။ အနဝသေသံ အာပတ္တိံ "အနဝသေသာ အာပတ္တီ"တိ ဒီပေန္တိ။ [၃]သပ္ပဋိကမ္မံ အာပတ္တိံ "သပ္ပဋိကမ္မာ အာပတ္တီ"တိ ဒီပေန္တိ။ အပ္ပဋိကမ္မံ အာပတ္တိံ "အပ္ပဋိကမ္မာ အာပတ္တီ"တိ ဒီပေန္တိ။ [၄]တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနဟိတာယ ပဋိပန္နာ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ [၆]ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ ပုညံ ပသဝန္တိ၊ [၇]တေ စိမံ သဒ္ဓမ္မံ ဌပေန္တီတိ။ ။ဝီသတိမံ။

အနာပတ္တိဝဂ္ဂေါ ဒွါဒသမော။

---

အာပတ်''ဟု ပြကုန်၏၊ [၁]ရုန့်ရင်းသော အာပတ်ကို ''ရုန့်ရင်းသောအာပတ်'' ဟု ပြကုန်၏၊ ရုန့်ရင်းသော အာပတ်မဟုတ်သည်ကို ''ရုန့်ရင်းသော အာပတ် မဟုတ်''ဟု ပြကုန်၏၊ [၂]ကုစားခွင့် အကြွင်းရှိသော အာပတ်ကို ''ကုစားခွင့် အကြွင်းရှိသော အာပတ်''ဟု ပြကုန်၏၊ ကုစားခွင့်အကြွင်းမရှိသော အာပတ်ကို ''ကုစားခွင့် အကြွင်းမရှိသော အာပတ်''ဟု ပြကုန်၏၊ [၃]ကုစားကောင်းသော အာပတ်ကို ''ကုစားကောင်းသော အာပတ်''ဟု ပြကုန်၏၊ မကုစားကောင်းသောအာပတ်ကို ''မကုစားကောင်းသော အာပတ်''ဟု ပြကုန်၏။ [၄]ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါး ဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးဖြစ်ခြင်းငှါ နတ်လူတို့၏ အစီးအပွါး ဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်သည်မည်ကုန်၏၊ [၆]ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ [၇]ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း တည်တံ့စေသည် မည်ကုန်၏ဟု (မိန့်တော်မူ၏)။ ။ဝီသတိမသုတ်။

တဆယ့်နှစ်ခုမြောက် အနာပတ္တိဝဂ် ပြီး၏။

## ၁၃-ဧကပုဂ္ဂလဝဂ္ဂ

၁၇၀။ [၁]ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ [၂]ကတမော ဧကပုဂ္ဂလော၊ [၃]တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ [၄]အယံ ခေါ ဘိက္ခဝေ ဧကပုဂ္ဂလော လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနန္တိ။ (၁)

၁၇၁။ [၁]ဧကပုဂ္ဂလဿ ဘိက္ခဝေ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ။ [၂]ကတမဿ ဧကပုဂ္ဂလဿ၊ [၃]တထာဂတဿ

---

၁၇၀။ [၁]ရဟန်းတို့ တဦးတည်းသော ပုဂ္ဂိုလ်သည် (၁)လောက၌ ဖြစ်ပေါ်သည်ရှိသော် လူအများ၏ အစီးအပွါးဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ သတ္တလောကကို အစဉ်သနားခြင်းငှါ နတ်လူတို့၏ အကျိုးဖြစ်ခြင်းငှါ အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်၏။ [၂]တဦးတည်းသော ပုဂ္ဂိုလ်သည် အဘယ်နည်း ဟူမူ-[၃]ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရားတည်း။ [၄]ရဟန်းတို့ ဤတဦးတည်းသော ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်သည်ရှိသော် လူအများ၏ အစီးအပွါးဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ သတ္တလောကကို အစဉ်သနားခြင်းငှါ နတ်လူတို့၏ အကျိုးဖြစ်ခြင်းငှါ အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ။ (၁)

၁၇၁။ [၁]ရဟန်းတို့ တဦးတည်းသော ပုဂ္ဂိုလ်၏ ထင်ရှားဖြစ်ပေါ်ခြင်းကို လောက၌ ရခဲ၏၊ [၂]အဘယ် တဦးတည်းသော ပုဂ္ဂိုလ်၏ ထင်ရှားဖြစ်ပေါ်ခြင်းနည်း ဟူမူ-[၃]ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)

---

၁-ပါရမီဂုဏ် ဘုန်းဂုဏ်တို့ကြောင့် ကြွင်းသော သတ္တဝါတို့နှင့် မတူမူ၍ ခပ်သိမ်းသော သတ္တဝါတို့နှင့် မတူသည့်ရှေးဘုရားတို့နှင့်သာ တူသဖြင့် နှစ်ဦးမြောက် ဒုတိယ ပုဂ္ဂိုလ်မရှိသောကြောင့် တဦးတည်းသော ပုဂ္ဂိုလ်ဟု ဆိုသည်။

အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ [၄]ဣမဿ ခေါ ဘိက္ခဝေ ဧကပုဂ္ဂလဿ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိန္တိ။ (၂)

၁၇၂။ [၁]ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ အစ္ဆရိယမနုဿော။ [၂]ကတမော ဧကပုဂ္ဂလော၊ [၃]တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ [၄]အယံ ခေါ ဘိက္ခဝေ ဧကပုဂ္ဂလော လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ အစ္ဆရိယမနုဿောတိ။ (၃)

၁၇၃။ ဧကပုဂ္ဂလဿ ဘိက္ခဝေ ကာလကိရိယာ ဗဟုနော ဇနဿ အနုတပ္ပါ ဟောတိ။ [၁]ကတမဿ ဧကပုဂ္ဂလဿ၊ [၂]တထာဂတဿ အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ [၄]ဣမဿ ခေါ ဘိက္ခဝေ ဧကပုဂ္ဂလဿ ကာလကိရိယာ ဗဟုနော ဇနဿ အနုတပ္ပါ ဟောတီတိ။ (၄)

---

ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရား၏ ထင်ရှား ဖြစ်ပေါ်ခြင်းတည်း။ [၄]ရဟန်းတို့ ဤတဦးတည်းသော ပုဂ္ဂိုလ်၏ ထင်ရှား ဖြစ်ပေါ်ခြင်းကို လောက၌ ရခဲ၏ဟု (မိန့်တော်မူ၏)။ (၂)

၁၇၂။ [၁]ရဟန်းတို့ တဦးတည်းသော ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်သည်ရှိသော် လက်ဖျစ်တီး၍ အံ့ချီးလောက်သောသူဖြစ်၏။ [၂]တဦးတည်းသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဟူမူ— [၃]ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားတည်း။ [၄]ရဟန်းတို့ ဤတဦးတည်းသော ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်သည်ရှိသော် လက်ဖျစ်တီး၍ အံ့ချီးလောက်သောသူဖြစ်၏ဟု (မိန့်တော်မူ၏)။ (၃)

၁၇၃။ [၁]ရဟန်းတို့ တဦးတည်းသော ပုဂ္ဂိုလ်၏ ကွယ်လွန်ခြင်းသည် လူအများအား ပူပန်ခြင်းကိုဖြစ်စေ၏။ [၂]အဘယ် တဦးတည်းသော ပုဂ္ဂိုလ်၏ ကွယ်လွန်ခြင်းနည်းဟူမူ— [၃]ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ကွယ်လွန်ခြင်းတည်း။ [၄]ရဟန်းတို့ ဤတဦးတည်းသော ပုဂ္ဂိုလ်၏ ကွယ်လွန်ခြင်းသည် လူအများအား ပူပန်ခြင်းကို ဖြစ်စေ၏ဟု (မိန့်တော်မူ၏)။ (၄)

၁၇၄။ [1]ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ အဒုတိယော အသဟာယော [2]အပ္ပဋိမော အပ္ပဋိသမော အပ္ပဋိဘာဂေါ အပ္ပဋိပုဂ္ဂလော [3]အသမော အသမသမော ဒွိပဒါနံ အဂ္ဂေါ။ [4]ကတမော ဧကပုဂ္ဂလော၊ [5]တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ [6]အယံ ခေါ ဘိက္ခဝေ ဧကပုဂ္ဂလော လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ အဒုတိယော အသဟာယော [7]အပ္ပဋိမော အပ္ပဋိသမော အပ္ပဋိဘာဂေါ အပ္ပဋိပုဂ္ဂလော [8]အသမော အသမသမော ဒွိပဒါနံ အဂ္ဂေါတိ။ (၅)

၁၇၅-၁၈၆။ [1]ဧကပုဂ္ဂလဿ ဘိက္ခဝေ ပါတုဘာဝါ မဟတော စက္ခုဿ ပါတုဘာဝေါ ဟောတိ၊ [2]မဟတော အာလောကဿ ပါတုဘာဝေါ ဟောတိ၊ [3]မဟတော ဩဘာသဿ ပါတုဘာဝေါ ဟောတိ၊ [4]ဆန္နံ အနုတ္တရိယာနံ

---

၁၇၄။ [1] ရဟန်းတို့ တဦးတည်းသော ပုဂ္ဂိုလ်သည် ဖြစ်ပေါ်သည်ရှိသော် လောက၌နှစ်ဦးမြောက်'ဒုတိယ' ပုဂ္ဂိုလ်မရှိသူ ဂုဏ်ရည်တူမရှိသူ [2] ပုံတူရုပ်ပွါးမရှိသူ ပုံတူပုဂ္ဂိုလ်မရှိသူ ပြိုင်နိုင်သည့်ပုဂ္ဂိုလ်မရှိသူ [3]တုနိုင်သည့်ပုဂ္ဂိုလ်မရှိသူ ခပ်သိမ်းသော သတ္တဝါတို့နှင့်မတူသူ ခပ်သိမ်းသော သတ္တဝါတို့နှင့်မတူသည့် ရှေးဘုရားတို့နှင့်သာတူသူ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့တွင် အမြတ်ဆုံးသောသူ ဖြစ်၏။ [4] တဦးတည်းသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း ဟူမူ– [5] ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသောတရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားတည်း။ [6] ရဟန်းတို့ ဤတဦးတည်းသော ပုဂ္ဂိုလ်သည် ဖြစ်ပေါ်သည်ရှိသော် လောက၌နှစ်ဦးမြောက် 'ဒုတိယ' ပုဂ္ဂိုလ်မရှိသူ ဂုဏ်ရည်တူမရှိသူ [7]ပုံတူရုပ်ပွါးမရှိသူ ပုံတူပုဂ္ဂိုလ်မရှိသူ ပြိုင်နိုင်သည့်ပုဂ္ဂိုလ်မရှိသူ [8] တုနိုင်သည့်ပုဂ္ဂိုလ်မရှိသူ ခပ်သိမ်းသော သတ္တဝါတို့နှင့်မတူသူ ခပ်သိမ်းသောသတ္တဝါတို့နှင့်မတူသည့်ရှေးဘုရားတို့နှင့်သာတူသူ အခြေနှစ်ချောင်းရှိသောသတ္တဝါတို့တွင် အမြတ်ဆုံးသောသူဖြစ်၏ဟု(မိန့်တော်မူ၏)။ (၅)

၁၇၅-၁၈၆။ [1]ရဟန်းတို့ တဦးတည်းသော ပုဂ္ဂိုလ်၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် မြတ်သော (ပညာ) မျက်စိ၏ ထင်ရှားဖြစ်ပေါ်ခြင်းသည်ဖြစ်၏၊ [2] မြတ်သော (ပညာ)အလင်း၏ ထင်ရှားဖြစ်ပေါ်ခြင်းသည်ဖြစ်၏၊ [3] မြတ်သော (ပညာ)အရောင်၏ ထင်ရှားဖြစ်ပေါ်ခြင်းသည် ဖြစ်၏၊ [4] ခြောက်ပါးသော

ပါတုဘာဝေါ ဟောတိ၊[၅]စတုန္နံ ပဋိသမ္ဘိဒါနံ သစ္ဆိကိရိယာ ဟောတိ၊ [၆]အနေကဓာတုပဋိဝေဓော ဟောတိ၊ [၇]နာနာဓာတုပဋိဝေဓော ဟောတိ၊ [၈]ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာ ဟောတိ၊ [၉]သောတာပတ္တိဖလသစ္ဆိကိရိယာ ဟောတိ၊ [၁၀]သကဒါဂါမိဖလသစ္ဆိကိရိယာ ဟောတိ၊ [၁၁]အနာဂါမိဖလသစ္ဆိကိရိယာ ဟောတိ၊ [၁၂]အရဟတ္တဖလသစ္ဆိကိရိယာ ဟောတိ။

[၁]ကတမဿ ဧကပုဂ္ဂလဿ၊ တထာဂတဿ အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ ဣမဿခေါ ဘိက္ခဝေ ဧကပုဂ္ဂလဿ ပါတုဘာဝါ မဟတော စက္ခုဿ ပါတုဘာဝေါ ဟောတိ၊ [၂]မဟတော အာလောကဿ ပါတုဘာဝေါ ဟောတိ၊[၃]မဟတော ဩဘာသဿ ပါတုဘာဝေါ ဟောတိ၊ [၄]ဆန္နံ အနုတ္တရိယာနံ ပါတုဘာဝေါ ဟောတိ၊[၅]စတုန္နံ ပဋိသမ္ဘိဒါနံ သစ္ဆိကိရိယာ ဟောတိ၊ [၆]အနေကဓာတုပဋိဝေဓော ဟောတိ၊ [၇]နာနာဓာတုပဋိဝေဓော ဟောတိ၊

(ဒဿနာနုတ္တရိယစသည့်) အတုမရှိ မြတ်သောတရားတို့၏ ထင်ရှားဖြစ်ပေါ်ခြင်းသည် ဖြစ်၏၊ [၅] လေးပါးသော ပဋိသမ္ဘိဒါဉာဏ်တို့ကို မျက်မှောက်ပြုရခြင်းသည် ဖြစ်၏၊ [၆]များစွာသော ဓာတ်တို့ကို ထိုးထွင်း၍ သိရခြင်းသည် ဖြစ်၏၊ [၇]အမျိုးမျိုးသော ဓာတ်တို့ကို ထိုးထွင်း၍ သိရခြင်းသည် ဖြစ်၏၊ [၈]ဝိဇ္ဇာ (၁) ဝိမုတ္တိဖိုလ် (၂)ကို မျက်မှောက်ပြုရခြင်းသည် ဖြစ်၏၊ [၉]သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရခြင်းသည်ဖြစ်၏၊ [၁၀]သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရခြင်းသည် ဖြစ်၏၊ [၁၁]အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရခြင်းသည် ဖြစ်၏၊ [၁၂]အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်းသည် ဖြစ်၏၊

[၁]အဘယ် တဦးတည်းသော ပုဂ္ဂိုလ်၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့်နည်း ဟူမူ- ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှား ဖြစ်ပေါ်ခြင်း ကြောင့်တည်း၊ ရဟန်းတို့ တဦးတည်းသော ပုဂ္ဂိုလ်၏ ထင်ရှား ဖြစ်ပေါ်ခြင်း

၁-ဖိုလ်စိတ်နှင့်ယှဉ်သောဉာဏ် ဖိုလ်ဉာဏ်။ ။၂-ဖိုလ်ဉာဏ်မှ ကြွင်းသော သမ္ပယုတ်တရားများ။

[9]ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာ ဟောတိ၊ [9]သောတာပတ္တိဖလ-သစ္ဆိကိရိယာ ဟောတိ၊ [10]သကဒါဂါမိဖလသစ္ဆိကိရိယာ ဟောတိ၊ [11]အနာဂါမိဖလသစ္ဆိကိရိယာ ဟောတိ၊ [12]အရ-ဟတ္တဖလသစ္ဆိကိရိယာ ဟောတီတိ။ (၆-၁၇)

၁၈၇။ [1]နာဟံ ဘိက္ခဝေ အညံ ဧကပုဂ္ဂလမ္ပိ သမနု-ပဿာမိ၊ ယော ဧဝံ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ သမ္မဒေဝ အနုပ္ပဝတ္တေတိ၊ ယထယိဒံ ဘိက္ခဝေ သာရိပုတ္တော။ [2]သာရိပုတ္တော ဘိက္ခဝေ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ သမ္မဒေဝ အနုပ္ပဝတ္တေတီတိ။ (၁၈) ဧကပုဂ္ဂလဝဂ္ဂေါ တေရသမော။

---

**၁၄-ဧတဒဂ္ဂဝဂ္ဂ ၁-ပဌမဝဂ္ဂ**

၁၈၈။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာသိကောဏ္ဍညော။ (၁)

---

ကြောင့် မြတ်သော (ပညာ)မျက်စိ၏ ထင်ရှားဖြစ်ပေါ် ခြင်းသည် ဖြစ်၏ ။ပ။ [12]အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုရခြင်းသည် ဖြစ်၏ဟု(မိန့်တော်မူ၏)(၆-၁၇)

၁၈၇။ [1]ရဟန်းတို့ ဤသာရိပုတြာသည် မြတ်စွာဘုရား လည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို ကောင်းစွာသာလျှင် အတုလိုက်၍ လည်စေနိုင်သကဲ့သို့ ဤအတူ မြတ်စွာဘုရား လည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို ကောင်းစွာသာလျှင် အတုလိုက်၍ လည်စေနိုင်သော အခြား တဦးသော ပုဂ္ဂိုလ်ကိုမျှလည်း ငါမမြင်။ [2]ရဟန်းတို့ သာရိပုတြာသည် မြတ်စွာဘုရား လည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို ကောင်းစွာ သာလျှင် အတုလိုက်၍ လည်စေနိုင်၏ ဟု (မိန့်တော်မူ၏)။ (၁၈)

တဆယ့်သုံးခုမြောက် ဧကပုဂ္ဂလဝဂ် ပြီး၏။

---

၁၈၈။ ရဟန်းတို့ ညဉ့်ဘို့ကို သိကုန်(၁)'ရဟန်းဝါရင့်ကုန်' သော ငါ၏ တပည့် ရဟန်းတို့တွင် အကြင် အညာသိကောဏ္ဍညသည် ရှိ၏၊ ထို အညာသိကောဏ္ဍညသည် အမြတ်ဆုံးပေတည်း။ (၁)

---

၁-ရဟန်းဘဝဖြင့် နေခဲ့သောညဉ့် တရားရပြီး သေက္ခဘဝ ရဟန္တာဘဝနေခဲ့သောညဉ့်တို့ကို သိကုန် ရေတွက်မှတ်သားမိကုန်သောဟု ဆိုလိုသည်။

၁၈၉။ မဟာပညာနံ ယဒိဒံ သာရိပုတ္တော။ (၂)

၁၉၀။ ဣဒ္ဓိမန္တာနံ ယဒိဒံ မဟာမောဂ္ဂလ္လာနော။ (၃)

၁၉၁။ ဓုတဝါဒါနံ ယဒိဒံ မဟာကဿပေါ။ (၄)

၁၉၂။ ဒိဗ္ဗစက္ခုကာနံ ယဒိဒံ အနုရုဒ္ဓေါ။ (၅)

၁၉၃။ ဥစ္စာကုလိကာနံ ယဒိဒံ ဘဒ္ဒိယော ကာဠိဂေါ-ဓာယပုတ္တော။ (၆)

၁၉၄။ မဉ္ဇုဿရာနံ ယဒိဒံ လကုဏ္ဍကဘဒ္ဒိယော။ (၇)

---

၁၈၉။ ကြီးမြတ်သော ပညာနှင့် ပြည့်စုံကုန်သော ငါ၏တပည့် ရဟန်းတို့တွင် အကြင် သာရိပုတြာသည် ရှိ၏၊ ထိုသာရိပုတြာသည် အမြတ်ဆုံးပေတည်း။ (၂)

၁၉၀။ တန်ခိုးနှင့် ပြည့်စုံကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် မဟာမောဂ္ဂလာန်သည် ရှိ၏၊ ထိုမဟာမောဂ္ဂလာန်သည် အမြတ်ဆုံးပေတည်း။ (၃)

၁၉၁။ ဓုတဂုဏ်(၁) ဓုတဝါဒ(၂)ဂုဏ်နှင့်ပြည့်စုံကုန်သော ငါ၏တပည့် ရဟန်းတို့တွင် မဟာကဿပသည် ရှိ၏၊ ထိုမဟာကဿပသည် အမြတ်ဆုံးပေတည်း။ (၄)

၁၉၂။ ဒိဗ္ဗစက္ခုအဘိညာဉ်ရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် အနုရုဒ္ဓါသည် ရှိ၏၊ ထိုအနုရုဒ္ဓါသည် အမြတ်ဆုံးပေတည်း။ (၅)

၁၉၃။ မြတ်သောအမျိုး၌ဖြစ်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ကာဠိဂေါဓာအမည်ရှိသော သာကီဝင်မင်းသမီး၏သား အကြင်ဘဒ္ဒိယသည် ရှိ၏၊ ထိုဘဒ္ဒိယသည် အမြတ်ဆုံးပေတည်း။ (၆)

၁၉၄။ သာယာသော အသံရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် လကုဏ္ဍကဘဒ္ဒိယသည် ရှိ၏၊ ထိုလကုဏ္ဍကဘဒ္ဒိယသည် အမြတ်ဆုံးပေတည်း။ (၇)

---

၁-ဓုတင်အကျင့်ဖြင့် ကိလေသာကို ခါထုတ်ခြင်းသည် ဓုတဂုဏ်။ ။၂-ဓုတင်အကျင့်ဖြင့်ကိလေသာကို ခါထုတ်ပျက်ဆီးရန် ဟောပြောခြင်းသည် ဓုတဝါဒမည်၏။

၁၉၅။ သီဟနာဒိကာနံ ယဒိဒံ ပိဏ္ဍောလဘာရဒွါဇော။ (၈)

၁၉၆။ ဓမ္မကထိကာနံ ယဒိဒံ ပုဏ္ဏော မန္တာဏိ-ပုတ္တော။ (၉)

၁၉၇။ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ ယဒိဒံ မဟာကစ္စာနော'တိ။ (၁၀)

ဝဂ္ဂေါ ပဌမော။

## ၁၄-ဧတဒဂ္ဂဝဂ္ဂ ၂-ဒုတိယဝဂ္ဂ

၁၉၈။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မနောမယံ ကာယံ အဘိနိမ္မိနန္တာနံ ယဒိဒံ စူဠပန္ထကော။ (၁)

---

၁၉၅။ ခြင်္သေ့ကဲ့သို့ရဲရင့်စွာ ကျုံးဝါး မြွက်ဆိုနိုင်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင်ပိဏ္ဍောလဘာရဒွါဇသည် ရှိ၏၊ ထိုပိဏ္ဍောလဘာရဒွါဇသည် အမြတ်ဆုံးပေတည်း။ (၈)

၁၉၆။ တရားဟောတတ်ကုန်သော ငါ၏တပည့် ရဟန်းတို့တွင် မန္တာဏိပုဏ္ဏေးမ၏သား အကြင်ပုဏ္ဏသည် ရှိ၏၊ ထိုပုဏ္ဏသည် အမြတ်ဆုံးပေတည်း။ (၉)

၁၉၇။ အကျဉ်းအားဖြင့် ဟောအပ်သောတရားတော်၏အနက်ကို အကျယ်အားဖြင့် ဝေဖန်တတ်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် မဟာကစ္စာနသည် ရှိ၏၊ ထိုမဟာကစ္စာနသည် အမြတ်ဆုံးပေတည်းဟု (မိန့်တော်မူ၏)။ (၁၀)

ပဌမဝဂ် ပြီး၏။

---

၁၉၈။ ရဟန်းတို့ စိတ်ဖြင့်ပြီးသော ကိုယ်ကိုဖန်ဆင်းတတ်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင်စူဠပန္ထကသည်ရှိ၏၊ ထိုစူဠပန္ထကသည် အမြတ်ဆုံးပေတည်း။ (၁)

၁၉၉။ စေတောဝိဝဋကုသလာနံ ယဒိဒံ စူဠပန္ထကော။ (၂)

၂၀၀။ သညာဝိဝဋကုသလာနံ ယဒိဒံ မဟာပန္ထကော။ (၃)

၂၀၁။ အရဏဝိဟာရီနံ ယဒိဒံ သုဘူတိ။ (၄)

၂၀၂။ ဒက္ခိဏေယျာနံ ယဒိဒံ သုဘူတိ။ (၅)

၂၀၃။ အာရညကာနံ ယဒိဒံ ရေဝတော ခဒိရဝနိယော။ (၆)

၂၀၄။ ဈာယီနံ ယဒိဒံ ကင်္ခါရေဝတော။ (၇)

၂၀၅။ အာရဒ္ဓဝီရိယာနံ ယဒိဒံ သောဏော ကောဠိဝိသော။ (၈)

---

၁၉၉။ ရူပါဝစရဈာန်အရာ၌ ကျွမ်းကျင်လိမ္မာကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင် စူဠပန္ထကသည် ရှိ၏၊ ထိုစူဠပန္ထကသည် အမြတ်ဆုံး ပေတည်း။ (၂)

၂၀၀။ အရူပါဝစရဈာန်အရာ၌ ကျွမ်းကျင်လိမ္မာကုန်သော ငါ၏ တပည့် ရဟန်းတို့တွင် အကြင် မဟာပန္ထကသည် ရှိ၏၊ ထိုမဟာပန္ထကသည် အမြတ်ဆုံးပေတည်း။ (၃)

၂၀၁။ ကိလေသာကင်းသော နေခြင်းရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင်သုဘူတိသည် ရှိ၏၊ ထိုသုဘူတိသည် အမြတ်ဆုံးပေတည်း။ (၄)

၂၀၂။ မြတ်သော အလှူကို ခံထိုက်ကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင် သုဘူတိသည် ရှိ၏၊ ထိုသုဘူတိသည် အမြတ်ဆုံးပေတည်း။ (၅)

၂၀၃။ တောကျောင်းနေကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင် ခဒိရ ဝနိယ ရေဝတသည် ရှိ၏၊ ထိုခဒိရ ဝနိယ ရေဝတသည် အမြတ်ဆုံး ပေတည်း။ (၆)

၂၀၄။ ဈာန်၌မွေ့လျော်ကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင် ကင်္ခါရေဝတသည် ရှိ၏၊ ထို ကင်္ခါရေဝတသည် အမြတ်ဆုံးပေတည်း။ (၇)

၂၀၅။ ထက်သန်သော လုံ့လရှိကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် ကောဠိဝိသအနွယ်၌ဖြစ်သော အကြင် သောဏသည် ရှိ၏၊ ထိုသောဏသည် အမြတ်ဆုံးပေတည်း။ (၈)

၂၀၆။ ကလျာဏဝါက္ကရဏာနံ ယဒိဒံ သောဘဏော ကုဋ္ဌိကဏ္ဏော။ (၉)

၂၀၇။ လာဘီနံ ယဒိဒံ သီဝလိ။ (၁၀)

၂၀၈။ သဒ္ဓါဓိမုတ္တာနံ ယဒိဒံ ဝက္ကလိတိ။ (၁၁)

ဝဂ္ဂေါ ဒုတိယော။

## ၁၄ ဧတဒဂ္ဂဝဂ္ဂ ၃-တတိယဝဂ္ဂ

၂၀၉။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သိက္ခာကာမာနံ ယဒိဒံ ရာဟုလော။ (၁)

၂၁၀။ သဒ္ဓါပဗ္ဗဇိတာနံ ယဒိဒံ ရဋ္ဌပါလော။ (၂)

---

၂၀၆။ ချိုသောစကားကို ပြောဆိုဘတ်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ကုဋ္ဌိကဏ္ဏအမည်ရသော (၁)အကြင် သောဏသည် ရှိ၏၊ ထိုသောဏသည် အမြတ်ဆုံးပေတည်း။ (၉)

၂၀၇။ လာဘ်များခြင်းရှိကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင် သီဝလိသည် ရှိ၏၊ ထိုသီဝလိသည် အမြတ်ဆုံးပေတည်း။ (၁၀)

၂၀၈။ သဒ္ဓါတရား အားကြီးကုန်သော ငါ၏တပည့်ရဟန်းတို့တွင်အကြင် ဝက္ကလိသည် ရှိ၏၊ ထို ဝက္ကလိသည် အမြတ်ဆုံးပေတည်း ဟု (မိန့်တော်မူ၏)။ (၁၁)

ဒုတိယဝဂ်ပြီး၏။

---

၂၀၉။ ရဟန်းတို့ အကျင့်သိက္ခာကို လိုလားကုန်သော ငါ၏ တပည့် ရဟန်းတို့တွင် အကြင် ရာဟုလာသည် ရှိ၏၊ ထိုရာဟုလာသည် အမြတ်ဆုံး ပေတည်း။ (၁)

၂၁၀။ သဒ္ဓါတရားဖြင့် ရဟန်းပြုကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင် ရဋ္ဌပါလသည် ရှိ၏၊ ထို ရဋ္ဌပါလသည် အမြတ်ဆုံးပေတည်း။ (၂)

---

၁-လူဖြစ်စဉ်က တကုဋေတန်သော နားတန်ဆာကို ဝတ်ဆင်သောကြောင့် ဤအမည်ကိုရသည်။

၂၁၁။ ပဌမံ သလာကံ ဂဏှန္တာနံ ယဒိဒံ ကုဏ္ဍဓာနော။ (၃)

၂၁၂။ ပဋိဘာနဝန္တာနံ ယဒိဒံ ဝင်္ဂီသော။ (၄)

၂၁၃။ သမန္တပါသာဒိကာနံ ယဒိဒံ ဥပသေနော ဝင်္ဂန္တပုတ္တော။ (၅)

၂၁၄၊ သေနာသနပညာပကာနံ ယဒိဒံ ဒဗ္ဗော မလ္လပုတ္တော။ (၆)

၂၁၅။ ဒေဝတာနံ ပိယမနာပါနံ ယဒိဒံ ပိလိန္ဒဝစ္ဆော။ (၇)

၂၁၆။ ခိပ္ပါဘိညာနံ ယဒိဒံ ဗာဟိယော ဒါရုစီရိယော။ (၈)

---

၂၁၁။ စာရေးတံမဲကို ပဌမရယူတတ်ကုန်သောငါ၏တပည့်ရဟန်းတို့တွင် အကြင်ကုဏ္ဍဓာနသည် ရှိ၏၊ ထိုကုဏ္ဍဓာနသည် အမြတ်ဆုံးပေတည်း။ (၃)

၂၁၂။ ဆန်းကြယ်သောဉာဏ်'ပဋိဘာန်'ရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင်ဝင်္ဂီသသည် ရှိ၏၊ ထိုဝင်္ဂီသသည် အမြတ်ဆုံးပေတည်း။ (၄)

၂၁၃။ ထက်ဝန်းကျင် ကြည်ညိုဖွယ်ရှိကုန်သော ငါ၏တပည့် ရဟန်းတို့တွင် ဝင်္ဂန္တပုဏ္ဏားမ၏သား အကြင်ဥပသေနသည် ရှိ၏၊ ထိုဥပသေနသည် အမြတ်ဆုံးပေတည်း။ (၅)

၂၁၄။ ကျောင်း အိပ်ရာနေရာ ခင်းကျင်းစီမံတတ်ကုန်သော ငါ၏တပည့် ရဟန်းတို့တွင် မလ္လာမင်း၏သား အကြင်ဒဗ္ဗသည် ရှိ၏၊ ထိုဒဗ္ဗသည် အမြတ်ဆုံးပေတည်း။ (၆)

၂၁၅။ နတ်တို့ချစ်ခင်မြတ်နိုးအပ်ကုန်သော ငါ၏တပည့် ရဟန်းတို့တွင် အကြင်ပိလိန္ဒဝစ္ဆသည် ရှိ၏၊ ထိုပိလိန္ဒဝစ္ဆသည် အမြတ်ဆုံးပေတည်း။ (၇)

၂၁၆။ လျင်မြန်စွာရသော မဂ်ဖိုလ်အသိဉာဏ် ရှိကုန်သော ငါ၏တပည့် ရဟန်းတို့တွင် ဗာဟိယတိုင်းသား အကြင်ဒါရုစီရိယသည်ရှိ၏၊ ထိုဒါရုစီရိယသည် အမြတ်ဆုံးပေတည်း။ (၈)

၂၁၇။ စိတ္တကထိကာနံ ယဒိဒံ ကုမာရကဿပေါ။ (၉)

၂၁၈။ ပဋိသမ္ဘိဒါပ္ပတ္တာနံ ယဒိဒံ မဟာကောဋ္ဌိ-တောတိ။ (၁၀)

ဝဂ္ဂေါ တတိယော။

---

## ၁၄-ဧတဒဂ္ဂဝဂ္ဂ ၄-စတုတ္ထဝဂ္ဂ

၂၁၉။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဗဟုဿုတာနံ ယဒိဒံ အာနန္ဒော။ (၁)

၂၂၀။ သတိမန္တာနံ ယဒိဒံ အာနန္ဒော။ (၂)

၂၂၁။ ဂတိမန္တာနံ ယဒိဒံ အာနန္ဒော။ (၃)

၂၂၂။ ဓိတိမန္တာနံ ယဒိဒံ အာနန္ဒော။ (၄)

---

၂၁၇။ ဆန်းကြယ်စွာ တရား ဟောပြောတတ်ကုန်သော ငါ၏တပည့် ရဟန်းတို့တွင် အကြင်ကုမာရကဿပသည် ရှိ၏၊ ထိုကုမာရကဿပသည် အမြတ်ဆုံးပေတည်း။ (၉)

၂၁၈။ ပဋိသမ္ဘိဒါလေးပါးသို့ ရောက်ကုန်သော ငါ၏တပည့် ရဟန်းတို့တွင် အကြင်မဟာကောဋ္ဌိတသည် ရှိ၏၊ ထိုမဟာကောဋ္ဌိတသည် အမြတ်ဆုံး ပေတည်းဟု (မိန့်တော်မူ၏)။ (၁၀)

တတိယဝဂ် ပြီး၏။

---

၂၁၉။ ရဟန်းတို့ အကြားအမြင်များခြင်းရှိကုန်သော ငါ၏တပည့် ရဟန်းတို့တွင် အကြင်အာနန္ဒာသည် ရှိ၏၊ ထိုအာနန္ဒာသည် အမြတ်ဆုံးပေတည်း။ (၁)

၂၂၀။ (ငါ၏စကားတော်ကို ကြာမြင့်စွာ ဆောင်စွမ်းနိုင်သည့်) သတိရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင်အာနန္ဒာသည် ရှိ၏၊ ထိုအာနန္ဒာသည် အမြတ်ဆုံးပေတည်း။ (၂)

၂၂၁။ (ငါဟောအပ်သည့်အတိုင်း အလုံးစုံသော ပုဒ်တို့ကို) သိစွမ်းနိုင်သည့်ပညာရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင်အာနန္ဒာသည် ရှိ၏၊ ထိုအာနန္ဒာသည် အမြတ်ဆုံးပေတည်း။ (၃)

၂၂၂။ (ငါ၏စကားတော်ကို သင်ခြင်း, ဆောင်ခြင်း, သရဇ္ဈာယ်ခြင်းနှင့် ငါ့ကိုဆည်းကပ်လုပ်ကျွေးခြင်းတို့၌) လုံ့လရှိကုန်သော ငါ၏တပည့် ရဟန်းတို့တွင် အကြင် အာနန္ဒာသည် ရှိ၏၊ ထိုအာနန္ဒာသည် အမြတ်ဆုံးပေတည်း။ (၄)

၂၂၃။ ဥပဋ္ဌာကာနံ ယဒိဒံ အာနန္ဒော။ (၅)

၂၂၄။ မဟာပရိသာနံ ယဒိဒံ ဥရုဝေလကဿပေါ။ (၆)

၂၂၅။ ကုလပ္ပသာဒကာနံ ယဒိဒံ ကာဠုဒါယီ။ (၇)

၂၂၆။ အပ္ပါဗာဓာနံ ယဒိဒံ ဗာကုလော။ (၈)

၂၂၇။ ပုဗ္ဗေနိဝါသံ အနုဿရန္တာနံ ယဒိဒံ သောဘိတော။ (၉)

၂၂၈။ ဝိနယဓရာနံ ယဒိဒံ ဥပါလိ။ (၁၀)

၂၂၉။ ဘိက္ခုနောဝါဒကာနံ ယဒိဒံ နန္ဒကော။ (၁၁)

၂၃၀။ ဣန္ဒြိယေသု ဂုတ္တဒွါရာနံ ယဒိဒံ နန္ဒော။ (၁၂)

---

၂၂၃။ (ငါ့အား) လုပ်ကျွေးကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် အာနန္ဒာသည်ရှိ၏၊ ထိုအာနန္ဒာသည် အမြတ်ဆုံးပေတည်း။ (၅)

၂၂၄။ များသော ဝရိသတ်ရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် ဥရုဝေလကဿပသည် ရှိ၏၊ ထိုဥရုဝေလကဿပသည် အမြတ်ဆုံးပေတည်း။ (၆)

၂၂၅။ ဆွေတော် မျိုးတော်တို့ကို ကြည်ညိုစေတတ်ကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင် ကာဠုဒါယီသည် ရှိ၏၊ ထိုကာဠုဒါယီသည် အမြတ်ဆုံးပေတည်း။ (၇)

၂၂၆။ အနာရောဂါ ကင်းကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် ဗာကုလသည် ရှိ၏၊ ထိုဗာကုလသည် အမြတ်ဆုံးပေတည်း။ (၈)

၂၂၇။ ရှေး၌ နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင်သောဘိတသည် ရှိ၏၊ ထိုသောဘိတသည် အမြတ်ဆုံးပေတည်း။ (၉)

၂၂၈။ ဝိနည်းကို ဆောင်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် ဥပါလိသည်ရှိ၏၊ ထိုဥပါလိသည် အမြတ်ဆုံးပေတည်း။ (၁၀)

၂၂၉။ ဘိက္ခုနီမတို့ကို ဆုံးမကုန်သော ငါ၏တပည့်ရဟန်းတို့တွင်အကြင် နန္ဒကသည်ရှိ၏၊ ထိုနန္ဒကသည် အမြတ်ဆုံးပေတည်း။ (၁၁)

၂၃၀။ ဣန္ဒြေကို စောင့်စည်းကုန်သော ငါ၏တပည့်ရဟန်းတို့တွင်အကြင် နန္ဒသည် ရှိ၏၊ ထိုနန္ဒသည် အမြတ်ဆုံးပေတည်း။ (၁၂)

၂၃၁။ ဘိက္ခုပြဲဝါဒကာနံ ယဒိဒံ မဟာကပ္ပိနော။ (၁၃)

၂၃၂။ တေဇောဓာတုကုသလာနံ ယဒိဒံ သာဂတော။ (၁၄)

၂၃၃။ ပဋိဘာနေယျကာနံ ယဒိဒံ ရာဓော။ (၁၅)

၂၃၄။ လူခစီဝရဓရာနံ ယဒိဒံ မောဃရာဇာတိ။ (၁၆)

ဝဂ္ဂေါ စတုတ္ထော။

---

## ၁၄-ဧတဒဂ္ဂဝဂ္ဂ ၅-ပဉ္စမဝဂ္ဂ

၂၃၅။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ရတ္တညူနံ ယဒိဒံ မဟာပဇာပတိဂေါတမီ။ (၁)

---

၂၃၁။ ရဟန်းယောကျ်ားတို့ကို ဆုံးမတတ်ကုန်သော ငါ၏ တပည့် ရဟန်းတို့တွင် အကြင်မဟာကပ္ပိနသည် ရှိ၏၊ ထိုမဟာကပ္ပိနသည် အမြတ်ဆုံး ပေတည်း။ (၁၃)

၂၃၂။ တေဇောဓာတ် ၊ဝင်စားရာ၌ ကျွမ်းကျင်ကုန်သော ငါ၏တပည့် ရဟန်းတို့တွင် အကြင်သာဂတသည် ရှိ၏၊ ထိုသာဂတသည် အမြတ်ဆုံးပေ တည်း။ (၁၄)

၂၃၃။ တရားကို ထင်မြင်လွယ်သောဉာဏ်'ပဋိဘာန်''(၁)နှင့်ပြည့်စုံကုန် သော ငါ၏တပည့်ရဟန်းတို့တွင် အကြင်ရာဓသည် ရှိ၏၊ ထိုရာဓသည် အမြတ် ဆုံးပေတည်း။ (၁၅)

၂၃၄။ ခေါင်းပါးသော(၂) သင်္ကန်းကို ဆောင်ကုန်သော ငါ၏တပည့် ရဟန်းတို့တွင် အကြင်မောဃရာဇသည် ရှိ၏၊ ထိုမောဃရာဇသည် အမြတ်ဆုံး ပေတည်းဟု (မိန့်တော်မူ၏)။ (၁၆)

စတုတ္ထဝဂ် ပြီး၏။

---

၂၃၅။ ရဟန်းတို့ ညဉ့်တို့ကို သိကုန်, ရဟန်း ဝါရင့်ကုန်သော ငါ၏ တပည့်ရဟန်းမိန်းမတို့တွင် အကြင်မဟာပဇာပတိဂေါတမီသည်ရှိ၏၊ ထိုမဟာ ပဇာပတိဂေါတမီသည် အမြတ်ဆုံးပေတည်း။ (၁)

---

၁-ပဋိဝေဓပဋိဘာန်ကိုဆိုသည်။ ။၂-ချည်အထည် ဆိုးရည် အားဖြင့် သုံးမျိုးလုံးညံ့သောဟု ဆိုလိုသည်။

၂၃၆။ မဟာပညာနံ ယဒိဒံ ခေမာ။ (၂)
၂၃၇။ ဣဒ္ဓိမန္တီနံ ယဒိဒံ ဥပ္ပလဝဏ္ဏာ။ (၃)
၂၃၈။ ဝိနယဓရာနံ ယဒိဒံ ပဋာစာရာ။ (၄)
၂၃၉။ ဓမ္မကထိကာနံ ယဒိဒံ ဓမ္မဒိန္နာ။ (၅)
၂၄၀။ ဈာယီနံ ယဒိဒံ နန္ဒာ။ (၆)
၂၄၁။ အာရဒ္ဓဝီရိယာနံ ယဒိဒံ သောဏာ။ (၇)
၂၄၂။ ဒိဗ္ဗစက္ခုကာနံ ယဒိဒံ ဗကုလာ။ (၈)
၂၄၃။ ခိပ္ပါဘိညာနံ ယဒိဒံ ဘဒ္ဒါ ကုဏ္ဍလကေသာ။ (၉)

---

၂၃၆။ ကြီးမြတ်သော ပညာနှင့် ပြည့်စုံကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင် ခေမာသည် ရှိ၏၊ ထို ခေမာသည် အမြတ်ဆုံးပေတည်း။ (၂)

၂၃၇။ တန်ခိုးနှင့် ပြည့်စုံကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင် ဥပ္ပလဝဏ်သည် ရှိ၏၊ ထို ဥပ္ပလဝဏ်သည် အမြတ်ဆုံးပေတည်း။ (၃)

၂၃၈။ ဝိနည်းကို ဆောင်ကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင် ပဋာစာရီသည် ရှိ၏၊ ထို ပဋာစာရီသည် အမြတ်ဆုံးပေတည်း။ (၄)

၂၃၉။ တရားဟော တတ်ကုန်သော ငါ၏တပည့် ရဟန်းမိန်းမ တို့တွင် အကြင် ဓမ္မဒိန္နာသည် ရှိ၏၊ ထို ဓမ္မဒိန္နာသည် အမြတ်ဆုံး ပေတည်း။ (၅)

၂၄၀။ ဈာန်ဝင်စားခြင်း၌ မွေ့လျော်ကုန်သော ငါ၏တပည့် ရဟန်းမိန်းမ တို့တွင် အကြင် နန္ဒာ(၁)သည် ရှိ၏၊ထို နန္ဒာသည် အမြတ်ဆုံးပေတည်း။ (၆)

၂၄၁။ ထက်သန်သော လုံ့လရှိကုန်သော ငါ၏တပည့် ရဟန်းမိန်းမ တို့တွင် အကြင် သောဏာသည် ရှိ၏၊ ထို သောဏာသည် အမြတ်ဆုံးပေ တည်း။ (၇)

၂၄၂။ ဒိဗ္ဗစက္ခုအဘိညာဉ်ရှိကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင် ဗကုလာသည် ရှိ၏၊ ထို ဗကုလာသည် အမြတ်ဆုံးပေတည်း။ (၈)

၂၄၃။ လျင်မြန်စွာ ရအပ်သော မဂ်ဖိုလ်အသိဉာဏ် ရှိကုန်သော ငါ၏ တပည့်ရဟန်းမိန်းမတို့တွင် အကြင် ဘဒ္ဒါမည်သော ကုဏ္ဍလကေသာသည် ရှိ၏၊ ထို ဘဒ္ဒါမည်သော ကုဏ္ဍလကေသာသည် အမြတ်ဆုံးပေတည်း။ (၉)

---

၁-မိထွေးတော်ဂေါတမီ၏သမီး ဇနပဒကလျာဏီမင်း ဖြစ်သည်။

၂၄၄။ ပုဗ္ဗေနိဝါသံ အနုဿရန္တာနံ ယဒိဒံ ဘဒ္ဒါ ကာပိလာနီ။ (၁၀)

၂၄၅။ မဟာဘိညပ္ပတ္တာနံ ယဒိဒံ ဘဒ္ဒကစ္စာနာ။ (၁၁)

၂၄၆။ လူခစီဝရဓရာနံ ယဒိဒံ ကိသာဂေါတမီ။ (၁၂)

၂၄၇။ သဒ္ဓါဓိမုတ္တာနံ ယဒိဒံ သိင်္ဂါလကမာတာတိ။ (၁၃)

## ဝဂ္ဂေါ ပဥ္စမော။

## ၁၄-ဧတဒဂ္ဂဝဂ္ဂ ၆-ဆဋ္ဌဝဂ္ဂ

၂၄၈။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပဌမံ သရဏံ ဂစ္ဆန္တာနံ ယဒိဒံ တပုဿဘလ္လိကာ ဝါဏိဇာ။ (၁)

---

၂၄၄။ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကုန်သော ငါ၏ တပည့် ရဟန်းမိန်းမတို့တွင် အကြင် ဘဒ္ဒါကာပိလာနီသည် ရှိ၏၊ ထို ဘဒ္ဒါကာပိလာနီသည် အမြတ်ဆုံးပေတည်း။ (၁၀)

၂၄၅။ မြတ်သော အဘိညာဉ်သို့ရောက်ကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင် ဘဒ္ဒ ကစ္စာနာ(၁) သည်ရှိ၏၊ ထို ဘဒ္ဒ ကစ္စာနာသည် အမြတ်ဆုံးပေတည်း။ (၁၁)

၂၄၆။ ခေါင်းပါးသော သင်္ကန်းကို ဆောင်ကုန်သော ငါ၏ တပည့် ရဟန်းမိန်းမတို့တွင် အကြင် ကိသာဂေါတမီသည် ရှိ၏၊ ထို ကိသာဂေါတမီသည် အမြတ်ဆုံးပေတည်း။ (၁၂)

၂၄၇။ သဒ္ဓါတရား အားကြီးကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင် သိင်္ဂါလကမာတာသည် ရှိ၏၊ ထို သိင်္ဂါလကမာတာသည် အမြတ်ဆုံးပေတည်း ဟု (မိန့်တော်မူ၏)။ (၁၃)

ပဉ္စမဝဂ် ပြီး၏။

---

၂၄၈။ ရဟန်းတို့ ရှေးဦးစွာ ကိုးကွယ်ဆည်းကပ်ခြင်း 'သရဏဂုံ' သို့ ရောက်ကုန်သော ငါ၏ တပည့်ဥပါသကာတို့တွင် အကြင် တပုဿနှင့် ဘလ္လိက ကုန်သည်တို့သည် ရှိကုန်၏၊ ထို တပုဿနှင့် ဘလ္လိကတို့သည် အမြတ်ဆုံး ပေတည်း။ (၁)

---

(၁) ရာဟုလာ၏မယ်တော် ယသော်ဓရာတည်း။

၂၄၉။ ဒါယကာနံ ယဒိဒံ သုဒတ္တော ဂဟပတိ အနာထပိဏ္ဍိကော။ (၂)

၂၅၀။ ဓမ္မကထိကာနံ ယဒိဒံ စိတ္တော ဂဟပတိ မစ္ဆိကာသဏ္ဍိကော။ (၃)

၂၅၁။ စတူဟိ သင်္ဂဟဝတ္ထူဟိ ပရိသံ သင်္ဂဏှန္တာနံ ယဒိဒံ ဟတ္ထကော အာဠဝကော။ (၄)

၂၅၂။ ပဏီတဒါယကာနံ ယဒိဒံ မဟာနာမော သက္ကော။ (၅)

၂၅၃။ မနာပဒါယကာနံ ယဒိဒံ ဥဂ္ဂေါ ဂဟပတိ ဝေသာလိကော။ (၆)

၂၅၄။ သံဃုပဋ္ဌာကာနံ ယဒိဒံ ဟတ္ထိဂါမကော ဥဂ္ဂတော ဂဟပတိ။ (၇)

---

၂၄၉။ လှူဒါန်းခြင်း၌ မွေ့လျော်ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် သုဒတ္တမည်သော အကြင်အနာထပိဏ်သူကြွယ်သည် ရှိ၏၊ ထိုအနာထပိဏ်သူကြွယ်သည် အမြတ်ဆုံးပေတည်း။ (၂)

၂၅၀။ တရားဟောတတ်ကုန်သော ငါ၏ တပည့် ဥပါသကာ တို့တွင် မစ္ဆိကာသဏ္ဍမြို့သား အကြင် စိတ္တသူကြွယ်သည် ရှိ၏၊ ထိုစိတ္တသူကြွယ်သည် အမြတ်ဆုံးပေတည်း။ (၃)

၂၅၁။ သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် ပရိသတ်ကိုချီးမြှောက် ထောက်ပံ့ကုန်သော ငါ၏တပည့် ဥပါသကာ တို့တွင် အကြင် ဟတ္ထက အာဠဝကသည် ရှိ၏၊ ထိုဟတ္ထက အာဠဝကသည် အမြတ်ဆုံးပေတည်း။ (၄)

၂၅၂။ မွန်မြတ်သောဝတ္ထုကို ပေးလှူတတ်ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် သာကီဝင်မင်းမျိုးဖြစ်သော အကြင်မဟာနာမ်သည် ရှိ၏၊ ထိုမဟာနာမ်သည် အမြတ်ဆုံးပေတည်း။ (၅)

၂၅၃။ နှစ်သက်ဖွယ်ဝတ္ထုကို လှူတတ်ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် ဝေသာလီပြည်သား အကြင်ဥဂ္ဂသူကြွယ်သည် ရှိ၏၊ ထိုဥဂ္ဂသူကြွယ်သည် အမြတ်ဆုံးပေတည်း။ (၆)

၂၅၄။ သံဃာကို လုပ်ကျွေးတတ်ကုန်သော ငါ၏တပည့်ဥပါသကာတို့တွင် ဟတ္ထိရွာသား အကြင်ဥဂ္ဂတသူကြွယ်သည် ရှိ၏၊ ထိုဥဂ္ဂတသူကြွယ်သည် အမြတ်ဆုံးပေတည်း။ (၇)

၂၅၅။ အဝေစ္စပ္ပသန္နာနံ ယဒိဒံ သုရဗန္ဓော။ (၈)

၂၅၆။ ပုဂ္ဂလပ္ပသန္နာနံ ယဒိဒံ ဇီဝကော ကောမာရဘစ္စော။ (၉)

၂၅၇။ ဝိဿာသကာနံ ယဒိဒံ နကုလပိတာ ဂဟပတီတိ။ (၁၀)

ဝဂ္ဂေါ ဆဋ္ဌော။

## ၁၄-ဧတဒဂ္ဂဝဂ္ဂ ၇-သတ္တမဝဂ္ဂ

၂၅၈။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ပဌမံ သရဏံ ဂစ္ဆန္တီနံ ယဒိဒံ သုဇာတာ သေနိယဓီတာ။ (၁)

---

၂၅၅။ သာသနာ၌ သက်ဝင်၍ မတုန်မလှုပ်ကြည်ညိုကုန်သော ငါ၏တပည့်ဥပါသကာတို့တွင် အကြင်သုရဗန္ဓ(၁)သည် ရှိ၏၊ ထို သုရဗန္ဓသည် အမြတ်ဆုံးပေတည်း။ (၈)

၂၅၆။ ပုဂ္ဂိုလ်ကို ကြည်ညိုကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် အဘယမင်းသား မွေးစားအပ်သော အကြင်ဇီဝကသည်ရှိ၏၊ ထိုဇီဝကသည် အမြတ်ဆုံးပေတည်း။ (၉)

၂၅၇။ ငါနှင့် အကျွမ်းဝင်သောစကားကို ဆိုတတ်ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် အကြင်နကုလပိတာသူကြွယ်သည် ရှိ၏၊ ထို နကုလပိတာသူကြွယ်သည် အမြတ်ဆုံးပေတည်း ဟု (မိန့်တော်မူ၏)၊ (၁၀)

ဆဋ္ဌဝဂ် ပြီး၏။

---

၂၅၈။ ရဟန်းတို့ ရှေးဦးစွာ ကိုးကွယ် ဆည်းကပ်ခြင်း 'သရဏဂုံ'သို့ ရောက်ကုန်သော ငါ၏တပည့်ဥပါသိကာမတို့တွင် သေနိယသူဌေး၏ သမီး အကြင် သုဇာတာသည် ရှိ၏၊ ထိုသူဌေးသမီး သုဇာတာသည် အမြတ်ဆုံး ပေတည်း။ (၁)

---

၁-သုရမ္ဗဋ္ဌ-ဟု အဋ္ဌကထာ၌ရှိ၏။

၂၅၉။ ဒါယိကာနံ ယဒိဒံ ဝိသာခါ မိဂါရမာတာ။ (၂)

၂၆၀။ ဗဟုဿုတာနံ ယဒိဒံ ခုဇ္ဇုတ္တရာ။ (၃)

၂၆၁။ မေတ္တာဝိဟာရီနံ ယဒိဒံ သာမာဝတီ။ (၄)

၂၆၂။ ဈာယီနံ ယဒိဒံ ဥတ္တရာ နန္ဒမာတာ။ (၅)

၂၆၃။ ပဏီတဒါယိကာနံ ယဒိဒံ သုပ္ပဝါသာ ကောလိယဓီတာ။ (၆)

၂၆၄။ ဂိလာနုပဋ္ဌာကီနံ ယဒိဒံ သုပ္ပိယာ ဥပါသိကာ။ (၇)

၂၆၅။ အဝေစ္စပ္ပသန္နာနံ ယဒိဒံ ကာတိယာနီ။ (၈)

၂၅၉။ လှူဒါန်းခြင်း၌ မွေ့လျော်ကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် မိဂါရသူဌေး၏ အမိအရာ၌တည်သော အကြင် ဝိသာခါသည် ရှိ၏၊ ထို ဝိသာခါသည် အမြတ်ဆုံးပေတည်း။ (၂)

၂၆၀။ အကြားအမြင် များကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် အကြင် ခုဇ္ဇုတ္တရာသည် ရှိ၏၊ ထို ခုဇ္ဇုတ္တရာသည် အမြတ်ဆုံးပေတည်း။ (၃)

၂၆၁။ မေတ္တာစိတ်ဖြင့်နေလေ့ရှိကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် အကြင် သာမာဝတီသည် ရှိ၏၊ ထို သာမာဝတီသည် အမြတ်ဆုံးပေတည်း။ (၄)

၂၆၂။ ဈာန်၌ မွေ့လျော်ကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် နန္ဒသတို့သား၏မိခင် အကြင် ဥတ္တရာသည် ရှိ၏၊ ထို ဥတ္တရာသည် အမြတ်ဆုံးပေတည်း။ (၅)

၂၆၃။ မွန်မြတ်သော ဝတ္ထုကို ပေးလှူကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် ကောလိယမင်း၏သမီး အကြင် သုပ္ပဝါသာသည် ရှိ၏၊ ထို သုပ္ပဝါသာသည် အမြတ်ဆုံးပေတည်း။ (၆)

၂၆၄။ သူနာကို လုပ်ကျွေးပြုစုတတ်ကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် အကြင် သုပ္ပိယာ ဥပါသိကာမသည် ရှိ၏၊ ထို သုပ္ပိယာ ဥပါသိကာမသည် အမြတ်ဆုံးပေတည်း။ (၇)

၂၆၅။ သာသနာ၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် အကြင် ကာတိယာနီသည် ရှိ၏၊ ထို ကာတိယာနီသည် အမြတ်ဆုံးပေတည်း။ (၈)

၂၆၆။ ဝိသာသိကာနံ ယဒိဒံ နကုလမာတာ ဂဟ-
ပတာနီ၊ (၉)

၂၆၇။ အနုဿဝပ္ပသန္နာနံ ယဒိဒံ ကာဠီ ဥပါသိကာ
ကုလဃရိကာတိ။ (၁၀)

ဝဂ္ဂေါ သတ္တမော။ (ဧတဒဂ္ဂဝဂ္ဂေါ နိဋ္ဌိတော)။

---

## ၁၅-အဋ္ဌာနပါဠိ ၁-ပဌမဝဂ်

၂၆၈။ ¹အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ
ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ကဉ္စိ သင်္ခါရံ နိစ္စတော ဥပဂစ္ဆေယျ၊
နေတံ ဌာနံ ဝိဇ္ဇတိ။ ²ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ
ပုထုဇ္ဇနော ကဉ္စိ သင်္ခါရံ နိစ္စတော ဥပဂစ္ဆေယျ၊ ဌာနမေတံ
ဝိဇ္ဇတီတိ။ (၁)

၂၆၉။ ¹အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ
ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ကဉ္စိ သင်္ခါရံ သုခတော ဥပဂစ္ဆေ-

---

၂၆၆။ ငါနှင့် အကျွမ်းဝင်သော စကားကို ဆိုဟတ်ကုန်သော ငါ၏ တပည့် ဥပါသိကာမတို့တွင် အကြင် နကုလမာတာ သူကြွယ်မသည် ရှိ၏၊ ထို နကုလမာတာ သူကြွယ်မသည် အမြတ်ဆုံးပေတည်း။ (၉)

၂၆၇။ တဆင့်စကားဖြင့် ကြည်ညိုခြင်း ရှိကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် ကုလဃရ်ရမြို့သူ အကြင် ကာဠီဥပါသိကာမသည် ရှိ၏၊ ထို ကာဠီ ဥပါသိကာမသည် အမြတ်ဆုံးပေတည်း ဟု (မိန့်တော်မူ၏)။ (၁၀)

သတ္တမဝဂ် ပြီး၏၊

ဧတဒဂ္ဂဝဂ် ပြီး၏။

---

၂၆၈။ ¹ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တစုံတခုသော သင်္ခါရတရားကို နိစ္စဟု ယူရာသော အကြောင်းအခွင့်သည်မရှိ၊ ²ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် တစုံတခုသော သင်္ခါရတရားကို နိစ္စဟု ယူရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၁)

၂၆၉။ ¹ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တစုံတခုသော သင်္ခါရတရားကို သုခဟု ယူရာသော အကြောင်းအခွင့်သည်

ယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ [၂]ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော ကဉ္စိ သင်္ခါရံ သုခတော ဥပဂစ္ဆေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၃)

၂၇၀။ [၁]အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ကဉ္စိ ဓမ္မံ အတ္တတော ဥပဂစ္ဆေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ [၂]ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော ကဉ္စိ ဓမ္မံ အတ္တတော ဥပဂစ္ဆေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၃)

၂၇၁။ [၁]အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော မာတရံ ဇီဝိတာ ဝေါရောပေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ [၂]ဌာနဉ္စ ခေါ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော မာတရံ ဇီဝိတာ ဝေါရောပေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၄)

၂၇၂။ [၁]အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ပိတရံ ဇီဝိတာ ဝေါရောပေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ [၂]ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ

မရှိ။ [၂]ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် တစုံတခုသော သင်္ခါရတရားကို သုခဟု ယူရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၂)

၂၇၀။ [၁]ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တစုံတခုသောတရားကို အတ္တဟုယူရာသော အကြောင်းအခွင့်သည် မရှိ။ [၂]ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် တစုံတခုသောတရားကို အတ္တဟုယူရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၃)

၂၇၁။ [၁]ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အမိကိုသတ်ရာသော အကြောင်းအခွင့်သည် မရှိ။ [၂]ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် အမိကို သတ်ရာသော အကြောင်းအခွင့်ကား ရှိ၏ဟု (မိန့်တော်မူ၏)။ (၄)

၂၇၂။ [၁]ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် အဖကိုသတ်ရာသော အကြောင်းအခွင့်သည် မရှိ။ [၂]ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်

ပုထုဇ္ဇနော ပိတရံ ဇီဝိတာ ဝေါရောပေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၅)

၂၇၃။ [1]အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော အရဟန္တံ ဇီဝိတာ ဝေါရောပေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ [2]ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော အရဟန္တံ ဇီဝိတာ ဝေါရောပေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၆)

၂၇၄။ [1]အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော တထာဂတဿ ပဒုဋ္ဌစိတ္တော လောဟိတံ ဥပ္ပါဒေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ [2]ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော တထာဂတဿ ပဒုဋ္ဌစိတ္တော လောဟိတံ ဥပ္ပါဒေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၇)

၂၇၅။ [1]အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သံဃံ ဘိန္ဒေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။

---

သည် အဖကို သတ်ရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)၊ (၅)

၂၇၃။ [1] ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ရဟန္တာပုဂ္ဂိုလ်ကို သတ်ရာသော အကြောင်းအခွင့်သည် မရှိ။ [2]ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် ရဟန္တာပုဂ္ဂိုလ်ကို သတ်ရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၆)

၂၇၄။ [1] ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် မြတ်စွာဘုရားအား ပြစ်မှားလိုသော စိတ်ဖြင့် သွေးစိမ်း တည်စေရာသော အကြောင်းအခွင့်သည် မရှိ။ [2] ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် မြတ်စွာဘုရားအား ပြစ်မှားလိုသော စိတ်ဖြင့် သွေးစိမ်းတည်စေရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၇)

၂၇၅။ ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သံဃာကိုသင်းကွဲစေရာသော အကြောင်းအခွင့်သည်မရှိ။ ရဟန်းတို့ ပုထုဇဉ်

ဌာနဉ္စ ခေါ တေ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော သံခါရံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော သံဃံ
ဘိန္ဒေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၈)

၂၇၆။ ¹အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော အညံ သတ္ထာရံ ဥဒ္ဒိသေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ ²ဌာနဉ္စ ခေါ တေ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော အညံ သတ္ထာရံ ဥဒ္ဒိသေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၉)

၂၇၇။ ¹အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဧကိဿာ လောကဓာတုယာ ဒွေ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယျုံ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ ²ဌာနဉ္စ ခေါ တေ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ဧကိဿာ လောကဓာတုယာ ဧကော ဝ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဥပ္ပဇ္ဇေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၁၀)

ဝဂ္ဂေါ ပဌမော။

---

ပုဂ္ဂိုလ်သည် သံဃာကို သင်းကွဲစေရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ ။(၈)

၂၇၆။ ¹ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားမှတပါးသော သူကို ဆရာဟု ညွှန်ပြရာသော အကြောင်းအခွင့်သည် မရှိ၊ ²ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် မြတ်စွာဘုရားမှ တပါးသော သူကို ဆရာဟု ညွှန်ပြရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၉)

၂၇၇။ ¹ရဟန်းတို့ (ဇာတိခေတ်ဟုဆိုအပ်သော) တခုသော လောကဓာတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားနှစ်ဆူတို့သည် မရှေးမနှောင်း ပွင့်တော်မူရာသော အကြောင်းအခွင့်သည်(၁)မရှိ၊ ²ရဟန်းတို့ (ဇာတိခေတ်ဟုဆိုအပ်သော) တခုသော လောကဓာတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားတဆူတည်းသာ ပွင့်တော်မူရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ ။(၁၀)

ပဌမဝဂ် ပြီး၏။

---

၁-သဗ္ဗညု မြတ်စွာဘုရားတို့၏ ဂုဏ်တန်ခိုးတော် ကြီးကျယ်သောကြောင့်တည်း။

## ၁၅-အဋ္ဌာနပါဠိ ၂-ဒုတိယဝဂ္ဂ

၂၇၈။ [1]အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဧကိဿာ လောကဓာတုယာ ဒွေ ရာဇာနော စက္ကဝတ္တီ အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယျုံ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ [2]ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ဧကိဿာ လောကဓာတုယာ ဧကော ရာဇာ စက္ကဝတ္တီ ဥပ္ပဇ္ဇေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၁)

၂၇၉။ [1]အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဣတ္ထီ အရဟံ အဿ သမ္မာသမ္ဗုဒ္ဓေါ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ [2]ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုရိသော အရဟံ အဿ သမ္မာသမ္ဗုဒ္ဓေါ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၂)

၂၈၀။ [1]အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဣတ္ထီ ရာဇာ အဿ စက္ကဝတ္တီ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ [2]ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုရိသော ရာဇာ အဿ စက္ကဝတ္တီ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၃)

---

၂၇၈။ [1]ရဟန်းတို့ တခုသော လောကဓာတ်၌ စကြဝတေးမင်း နှစ်ပါးတို့ မရှေးမနှောင်း ဖြစ်ရာသော အကြောင်းအခွင့်သည် မရှိ၊ [2]ရဟန်းတို့ တခုသော လောကဓာတ်၌ စကြဝတေးမင်း တပါးတည်းသာ ဖြစ်ပေါ်ရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၁)

၂၇၉။ [1]ရဟန်းတို့ မိန်းမသည် ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရား ဖြစ်ရာသော အကြောင်းအခွင့်သည် မရှိ၊ [2]ရဟန်းတို့ ယောကျ်ားသည် ပူဇော် အထူးကို ခံတော်မူထိုက်သော ဘုရားဖြစ်ရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၂)

၂၈၀။ [1]ရဟန်းတို့ မိန်းမသည် စကြဝတေးမင်း ဖြစ်ရာသော အကြောင်း အခွင့်သည် မရှိ၊ [2]ရဟန်းတို့ ယောကျ်ားသည် စကြဝတေးမင်း ဖြစ်ရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၃)

၂၀၁-၂၀၃။ ¹အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဣတ္ထီ သက္ကတ္တံ ကာရေယျ။ပ။ မာရတ္တံ ကာရေယျ။ပ။ ဗြဟ္မတ္တံ ကာရေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ ²ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုရိသော သက္ကတ္တံ ကာရေယျ။ပ။ မာရတ္တံ ကာရေယျ။ပ။ ဗြဟ္မတ္တံ ကာရေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၄-၆)

၂၀၄။ ¹အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ကာယဒုစ္စရိတဿ ဣဋ္ဌော ကန္တော မနာပေါ ဝိပါကော နိဗ္ဗတ္တေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ ²ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ကာယဒုစ္စရိတဿ အနိဋ္ဌော အကန္တော အမနာပေါ ဝိပါကော နိဗ္ဗတ္တေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၇)

၂၀၅-၂၀၆။ ¹အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဝစီဒုစ္စရိတဿ။ ပ။ ယံ မနောဒုစ္စရိတဿ ဣဋ္ဌော ကန္တော မနာပေါ ဝိပါကော နိဗ္ဗတ္တေယျ၊ နေတံ ဌာနံ

---

၂၀၁-၂၀၃။ ¹ရဟန်းတို့ မိန်းမသည် သိကြားမင်း ဖြစ်ရာသော။ပ။ မာရ်မင်း ဖြစ်ရာသော။ပ။ ဗြဟ္မာကြီး ဖြစ်ရာသော အကြောင်းအခွင့်သည်မရှိ။ ²ရဟန်းတို့ ယောကျ်ားသည် သိကြားဖြစ်ရာသော။ပ။ မာရ်မင်း ဖြစ်ရာသော ။ပ။ ဗြဟ္မာကြီးဖြစ်ရာသော အကြောင်းအခွင့်ကားရှိ၏ ဟု (မိန့်တော်မူ၏)။ (၄-၆)

၂၀၄။ ¹ရဟန်းတို့ ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အမှု'ကာယဒုစရိုက်'၏ အလိုရှိအပ် နှစ်သက်အပ် နှလုံးကို ပွါးစေတတ်သော အကျိုး ဖြစ်ရာသော အကြောင်းအခွင့်သည် မရှိ၊ ²ရဟန်းတို့ ကိုယ်ဖြင့် ပြုအပ်သော မကောင်းသောအမှု 'ကာယဒုစရိုက်'၏ အလိုမရှိအပ် မနှစ်သက်အပ် နှလုံးကိုမပွါးစေတတ်သော အကျိုးသာဖြစ်ရာသော အကြောင်းအခွင့်ကား ရှိ၏ဟု (မိန့်တော်မူ၏)။ (၇)

၂၀၅-၂၀၆။ ¹ရဟန်းတို့ နှုတ်ဖြင့်ပြုအပ်သော မကောင်းသောအမှု'ဝစီဒုစရိုက်'၏။ပ။စိတ်ဖြင့်ပြုအပ်သောမကောင်းသောအမှု'မနောဒုစရိုက်'၏ အလိုရှိအပ် နှစ်သက်အပ် နှလုံးကို ပွါးစေတတ်သော အကျိုးဖြစ်ရာသော

ဝိဇ္ဇတိ။[၂]ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ မနောဒုစ္စရိ-
တဿ အနိဋ္ဌော အကန္တော အမနာပေါ ဝိပါကော
နိဗ္ဗတ္တေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၈-၉)

ဝဂ္ဂေါ ဒုတိယော။

## ၁၅-အဋ္ဌာနပါဠိ ၃-တတိယဝဂ္ဂ

၂၀၇။ [၁]အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ကာယသုစရိတဿ အနိဋ္ဌော အကန္တော အမနာပေါ ဝိပါကော နိဗ္ဗတ္တေယျ၊နေတံ ဌာနံ ဝိဇ္ဇတိ။[၂]ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ။ ယံ ကာယသုစရိတဿ ဣဋ္ဌော ကန္တော မနာပေါ ဝိပါကော နိဗ္ဗတ္တေယျ၊ဌာနမေတံ ဝိဇ္ဇတီတိ။ (၁)

၂၀၈-၂၀၉။ [၁]အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာ-
သော၊ ယံ ဝစီသုစရိတဿ။ပ။မနောသုစရိတဿ အနိဋ္ဌော

---

အကြောင်းအခွင့်သည်မရှိ။ (၁)[၂]ရဟန်းတို့ စိတ်ဖြင့်ပြုအပ်သော မကောင်းသော အမှု 'မနောဒုစရိုက်'၏ အလိုမရှိအပ် မနှစ်သက်အပ် နှလုံးကိုမပွါးစေတတ်သော အကျိုးဖြစ်ရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၈-၉)

ဒုတိယဝဂ် ပြီး၏။

၂၀၇။ [၁]ရဟန်းတို့ ကိုယ်ဖြင့်ပြုအပ်သော ကောင်းသောအမှု 'ကာယသုစရိုက်'၏ အလိုမရှိအပ် မနှစ်သက်အပ် နှလုံးကို မပွါးစေတတ်သော အကျိုးဖြစ်ရာသော အကြောင်းအခွင့်သည်မရှိ၊[၂]ရဟန်းတို့ ကိုယ်ဖြင့်ပြုအပ်သော ကောင်းသောအမှု 'ကာယသုစရိုက်'၏ အလိုရှိအပ် နှစ်သက်အပ် နှလုံးကို ပွါးစေတတ်သော အကျိုးဖြစ်ရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၁)

၂၀၈-၂၀၉။ [၁]ရဟန်းတို့ နှုတ်ဖြင့်ပြုအပ်သော ကောင်းသောအမှု 'ဝစီသုစရိုက်'၏။ပ။ စိတ်ဖြင့်ပြုအပ်သော ကောင်းသောအမှု 'မနောသုစရိုက်' ၏

---

၁-ချိုသောမျိုးစေ့မှ ခါးသောအသီး ဖြစ်ရိုး မရှိသကဲ့သို့ပင်တည်း။

အကုသလာ အမနာပေါ ဝိပါကော နိဗ္ဗတ္တေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ ၂ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ မနော-သုစရိတဿ ဣဋ္ဌော ကန္တော မနာပေါ ဝိပါကော နိဗ္ဗတ္တေ-ယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၂-၃)

၂၉၀။ ၁အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ကာယဒုစ္စရိတသမင်္ဂီ တန္နိဒါနာ တပ္ပစ္စယာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ ၂ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ကာယဒုစ္စရိတသမင်္ဂီ တန္နိဒါနာ တပ္ပစ္စယာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၄)

၂၉၁-၂၉၂။ ၁အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာ-သော၊ ယံ ဝစီဒုစ္စရိတသမင်္ဂီ။ ပ။ ယံ မနောဒုစ္စရိတသမင်္ဂီ

---

အလိုမရှိအပ် မနှစ်သက်အပ် နှလုံးကိုမပွါးစေတတ်သော အကျိုးဖြစ်ရာသော အကြောင်းအခွင့်သည် မရှိ။ ၂ရဟန်းတို့ စိတ်ဖြင့် ပြုအပ်သော ကောင်းသော အမှု'မနောသုစရိုက်'၏ အလိုရှိအပ် နှစ်သက်အပ် နှလုံးကိုပွါးစေတတ်သော အကျိုးဖြစ်ရာသောအကြောင်းအခွင့်ကား ရှိ၏ဟု (မိန့်တော်မူ၏)။ (၂-၃)

၂၉၀။ ၁ရဟန်းတို့ ကာယဒုစရိုက်နှင့် ပြည့်စုံသော သူသည် ထို(ကာယဒုစရိုက်) ဟူသော အကြောင်းကြောင့် ထို (ကာယဒုစရိုက်) ဟူသော အထောက်အပံ့ကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရာသော အကြောင်းအခွင့်သည် မရှိ။ ၂ရဟန်းတို့ ကာယဒုစရိုက်နှင့် ပြည့်စုံသောသူသည် ထို (ကာယဒုစရိုက်)ဟူသော အကြောင်းကြောင့် ထို(ကာယဒုစရိုက်) ဟူသော အထောက်အပံ့ကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲသို့ ရောက်ရာသောအကြောင်းအခွင့်ကား ရှိ၏ ဟူ (မိန့်တော်မူ၏)။ (၄)

၂၉၁-၂၉၂။ ၁ရဟန်းတို့ ဝစီဒုစရိုက်နှင့် ပြည့်စုံသောသူသည် ။ပ။မနော ဒုစရိုက်နှင့် ပြည့်စုံသောသူသည် ထို (မနောဒုစရိုက်)ဟူသော အကြောင်း

တန္နိဒါနာ တပ္ပစ္စယာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ [2]ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ မနောဒုစ္စရိတသမင်္ဂီ တန္နိဒါနာ တပ္ပစ္စယာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၅-၆)

၂၉၃။ [1]အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ကာယသုစရိတသမင်္ဂီ တန္နိဒါနာ တပ္ပစ္စယာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ [2]ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ။ ယံ ကာယသုစရိတသမင်္ဂီ တန္နိဒါနာ တပ္ပစ္စယာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၇)

---

ကြောင့် ထို (မနောဒုစရိုက်)ဟူသော အထောက်အပံ့ကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်သို့ ရောက်ရာဖြစ်သောအကြောင်းအခွင့်သည် မရှိ။ [2]ရဟန်းတို့ မနောဒုစရိုက်နှင့် ပြည့်စုံသောသူသည် (ထိုမနောဒုစရိုက်) ဟူသော အကြောင်းကြောင့် ထို (မနောဒုစရိုက်)ဟူသော အထောက်အပံ့ကြောင့် ခန္ဓာကိုယ် ပျက်စီး၍သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာပျက်စီး၍ ကျရောက်ရာဖြစ်သောငရဲသို့ ရောက်ရာအကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၅-၆)

၁၉၃။ [1]ရဟန်းတို့ ကာယသုစရိုက်နှင့် ပြည့်စုံသောသူသည် ထို (ကာယသုစရိုက်)ဟူသောအကြောင်းကြောင့် ထို (ကာယသုစရိုက်)ဟူသောအထောက်အပံ့ကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သောငရဲသို့ ရောက်ရာသော အကြောင်းအခွင့်သည် မရှိ။ [2]ရဟန်းတို့ ကာယသုစရိုက်နှင့် ပြည့်စုံသောသူသည် ထို (ကာယသုစရိုက်)ဟူသော အကြောင်းကြောင့် ထို(ကာယသုစရိုက်)ဟူသော အထောက်အပံ့ကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၇)

၂၉၄-၂၉၅။ ¹အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော။ ယံ ဝစီသုစရိတသမင်္ဂီ။ ပ။ ယံ မနောသုစရိတသမင်္ဂီ တန္နိဒါနာ တပ္ပစ္စယာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ ²ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ မနောသုစရိတသမင်္ဂီ တန္နိဒါနာ တပ္ပစ္စယာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။ (၁-၉)

ဝဂ္ဂေါ တတိယော။ အဋ္ဌာနပါဠိ နိဋ္ဌိတာ။

---

## ၁၆-ကောမ္ဗပါဠိ ၁-ပဌမဝဂ္ဂ

၂၉၆။ ¹ဧကဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ²ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ ³အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ⁴ကတမော

---

၂၉၄-၂၉၅။ ¹ ရဟန်းတို့ ဝစီသုစရိုက်နှင့် ပြည့်စုံသော သူသည်။ပ။ မနောသုစရိုက်နှင့် ပြည့်စုံသောသူသည် ထို (မနောသုစရိုက်) ဟူသော အကြောင်းကြောင့် ထို (မနောသုစရိုက်) ဟူသော အထောက်အပံ့ကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲသို့ ရောက်ရာသော အကြောင်းအခွင့်သည် မရှိ။ ² ရဟန်းတို့ မနောသုစရိုက်နှင့် ပြည့်စုံသောသူသည် ထို (မနောသုစရိုက်)ဟူသော အကြောင်းကြောင့် ထို (မနောသုစရိုက်) ဟူသော အထောက်အပံ့ကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၁-၉)

တတိယဝဂ် ပြီး၏။
အဋ္ဌာနပါဠိ ပြီး၏။

---

၂၉၆။ ¹ ရဟန်းတို့ ပွါးများအပ်သော အဖန်ဖန် အလေ့အလာ ပြုအပ်သော တခုသော တရားသည် ² စင်စစ်အားဖြင့် (ဝဋ်ဆင်းရဲ၌) ငြီးငွေ့ခြင်းငှါ တပ်မက်မှုကင်းခြင်းငှါ ရာဂစသည်တို့ ချုပ်ခြင်းငှါ ကိလေသာတို့ ငြိမ်း

ကေဝမ္ဗော၊ ပုဗ္ဗါနုဿတိ။ [၅]အယံ ခေါ ဘိက္ခဝေ ကေဝမ္ဗော ဘာဝိတော ဗဟုလီကတော [၆]ကေန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ [၇]အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတီတိ။ (၁)

၂၉၇။ [၁]ကေဝမ္ဗော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော [၂]ကေန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ [၃]အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ [၄]ကတမော ကေဝမ္ဗော၊ ဓမ္မာနုဿတိ။ပ။သံဃာနုဿတိ။ သီလာနုဿတိ။စာဂါနုဿတိ။ ဒေဝတာနုဿတိ။ အာနာပါနုဿတိ။ မရဏဿတိ။ ကာယဂတာသတိ။ ဥပသမာနုဿတိ။ [၅]အယံ ခေါ ဘိက္ခဝေ ကေဝမ္ဗော ဘာဝိတော ဗဟုလီ-

---

အေးခြင်းငှါ [၃] (လက္ခဏာယာဉ်သို့တင်၍) အထူးသိခြင်းငှါ (သစ္စာလေးပါးကို) ထိုးထွင်း၍သိခြင်းငှါ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှါဖြစ်၏။ [၄] တခုသော တရားဟူသည် အဘယ်နည်းဟူမူ—မြတ်စွာဘုရား၏ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း ဗုဒ္ဓါနုဿတိတရားတည်း။ [၅] ရဟန်းတို့ ပွါးများအပ်အဖန်ဖန် အလေ့အလာပြုအပ်သော ဤတခုသော (ဗုဒ္ဓါနုဿတိ) တရားသည် [၆] စင်စစ် အားဖြင့် ဝဋ်ဆင်းရဲ၌ငြီးငွေ့ခြင်းငှါ တပ်မက်မှုကင်းခြင်းငှါ ရာဂစသည်တို့ ချုပ်ခြင်းငှါ ကိလေသာတို့ ငြိမ်းအေးခြင်းငှါ [၇] (လက္ခဏာယာဉ်သို့ တင်၍) အထူးသိခြင်းငှါ (သစ္စာလေးပါးကို) ထိုးထွင်း၍သိခြင်းငှါ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၁)

၂၉၇။ [၁] ရဟန်းတို့ ပွါးများအပ် အဖန်ဖန်အလေ့အလာပြုအပ်သော တခုသောတရားသည် [၂] စင်စစ်အားဖြင့် (ဝဋ်ဆင်းရဲ၌) ငြီးငွေ့ခြင်းငှါ တပ်မက်မှုကင်းခြင်းငှါ ရာဂစသည်တို့ချုပ်ခြင်းငှါ ကိလေသာတို့ ငြိမ်းအေးခြင်းငှါ [၃] (လက္ခဏာယာဉ်သို့ တင်၍) အထူးသိခြင်းငှါ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းငှါ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါဖြစ်၏။ [၄] တခုသော တရားဟူသည် အဘယ်နည်းဟူမူ—တရား၏ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း ဓမ္မာနုဿတိ တရားတည်း။ပ။သံဃာ၏ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်းသံဃာနုဿတိ တရားတည်း။ပ။ မိမိ၏သီလဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း သီလာနုဿတိတရားတည်း၊ မိမိ၏စွန့်ကြဲခြင်းဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း စာဂါနုဿတိတရားတည်း။ နတ်တို့၏ သဒ္ဓါအစရှိသော ဂုဏ်နှင့်

ကတော [၆]ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာ-ယ [၇]အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတီတိ။ (၁၀)

ဝဂ္ဂေါ ပဌမော။

---

## ၁၆-ဧကဓမ္မပါဠိ ၂-ဒုတိယဝဂ္ဂ

၂၉၇။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တိ၊ ယထယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ။ [၂]မိစ္ဆာဒိဋ္ဌိကဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ

---

တူသော မိမိ၏သဒ္ဓါအစရှိသောဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း ဒေဝတာနုဿတိတရားတည်း။ ထွက်သက်ဝင်သက်ကို အောက်မေ့ခြင်း အာနာပါနဿတိ တရားတည်း။ သေခြင်းကို အဖန်ဖန် အောက်မေ့ခြင်း မရဏဿတိ တရားတည်း၊ ဆံအစရှိသော ရုပ်အစုကို အောက်မေ့ခြင်း ကာယဂတာသတိ တရားတည်း။ နိဗ္ဗာန်၏ဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း ဥပသမာနုဿတိ တရားတည်း။ [၁] ရဟန်းတို့ ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သော ဤ တခုသောတရားသည် [၆]စင်စစ်အားဖြင့် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှါ တပ်မက်မှုကင်းခြင်းငှါ ရာဂစသည်တို့ ချုပ်ခြင်းငှါ ကိလေသာတို့ ငြိမ်းအေးခြင်းငှါ [၇](လက္ခဏာယာဉ်သို့တင်၍)အထူးသိခြင်းငှါ(သစ္စာလေးပါးကို) ထိုးထွင်း၍ သိခြင်းငှါ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ (၁၀)

ပဌမဝဂ် ပြီး၏။

---

၂၉၇။ [၁] ရဟန်းတို့ ဤမှားသော မြင်ခြင်း 'မိစ္ဆာဒိဋ္ဌိ' တရားသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း အဖန်ဖန်ပြန့်ပြောစွာ ဖြစ်ကြောင်းဖြစ်သော အခြားတခုသောတရားကိုမျှလည်း ငါမမြင်။ [၂] ရဟန်းတို့ မှားသော မြင်ခြင်း'မိစ္ဆာဒိဋ္ဌိ'အယူရှိသောသူအား မဖြစ်ပေါ်သေးသော

ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တီတိ။ (၁)

၂၉၉။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တိ၊ ယထယိဒံ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ [၂]သမ္မာဒိဋ္ဌိကဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တီတိ။ (၂)

၃၀၀။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ နုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ

---

အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။ (၁)

၂၉၉။ [၁] ရဟန်းတို့ ဤမှန်သော မြင်ခြင်း'သမ္မာဒိဋ္ဌိ'တရားသည်မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း အဖန်ဖန်ပြန့်ပြောစွာ ဖြစ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ကြောင်း ဖြစ်သော အခြားတခုသောတရားကိုမျှလည်း ငါမမြင်။ [၂] ရဟန်းတို့ မှန်သော မြင်ခြင်း'သမ္မာဒိဋ္ဌိ'အယူရှိသောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း အဖန်ဖန်ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ (၂)

၃၀၀။ [၁] ရဟန်းတို့ ဤမှားသောမြင်ခြင်း'မိစ္ဆာဒိဋ္ဌိ'တရားသည်မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော

ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ။ [2]မိစ္ဆာဒိဋ္ဌိကဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ နုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ (၃)

၃၀၁။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ နုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ [2]သမ္မာဒိဋ္ဌိကဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ နုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တီတိ။ (၄)

၃၀၂။ [1]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ မိစ္ဆာဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နာ ဝါ မိစ္ဆာဒိဋ္ဌိ

ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်းငါမမြင်။ [2] ရဟန်းတို့ မှားသောမြင်ခြင်း 'မိစ္ဆာဒိဋ္ဌိ' အယူရှိသောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း မဖြစ်ပေါ်ကုန်၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ဟု (မိန့်တော်မူ၏)။ (၃)

၃၀၁။ [1] ရဟန်းတို့ ဤမှန်သောမြင်ခြင်း 'သမ္မာဒိဋ္ဌိ' တရားသည် မဖြစ်ပေါ်သေးသောအကုသိုလ်တရားတို့၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း မဖြစ်ပေါ်ကြောင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသောတရားကိုမျှလည်းငါမမြင်။ [2]ရဟန်းတို့ မှန်သောမြင်ခြင်း 'သမ္မာဒိဋ္ဌိ' အယူရှိသောသူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း မဖြစ်ပေါ်ကုန်၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ဟု (မိန့်တော်မူ၏)။ (၄)

၃၀၂။ [1] ရဟန်းတို့ ဤမသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'အယောနိသော မနသိကာရ' တရားသည် မဖြစ်ပေါ်သေးသော မိစ္ဆာဒိဋ္ဌိတရား၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသောမိစ္ဆာဒိဋ္ဌိတရား၏လည်း တိုးပွါးကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော မိစ္ဆာဒိဋ္ဌိတရား

ပဝဍ္ဎတိ၊ ယထယိဒံ ဘိက္ခဝေ အယောနိသော မနသိကာရော။ [၂]အယောနိသော ဘိက္ခဝေ မနသိ ကရောတော အနုပ္ပန္နာ စေဝ မိစ္ဆာဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နာ စ မိစ္ဆာဒိဋ္ဌိ ပဝဍ္ဎတီတိ။ (၅)

၃၀၃။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ သမ္မာဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နာ ဝါ သမ္မာဒိဋ္ဌိ ပဝဍ္ဎတိ၊ ယထယိဒံ ဘိက္ခဝေ ယောနိသော မနသိကာရော။ [၂]ယောနိသော ဘိက္ခဝေ မနသိ ကရောတော အနုပ္ပန္နာ စေဝ သမ္မာဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ [၃]ဥပ္ပန္နာ စ သမ္မာဒိဋ္ဌိ ပဝဍ္ဎတီတိ။ (၆)

၃၀၄။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပ္ပဇ္ဇန္တိ၊ ယထယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ။ [၂]မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ သတ္တာ

---

၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော မိစ္ဆာဒိဋ္ဌိတရား၏လည်း တိုးပွါးကြောင်းဖြစ်သော အခြားတခုသောတရားကိုမျှလည်း ငါမမြင်။ [၂]ရဟန်းတို့ မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသောမိစ္ဆာဒိဋ္ဌိတရားသည်လည်း ဖြစ်ပေါ်၏၊ ဖြစ်ပေါ်ပြီးသော မိစ္ဆာဒိဋ္ဌိတရားသည်လည်း တိုးပွါး၏ ဟု(မိန့်တော်မူ၏)။ (၅)

၃၀၃။ [၁]ရဟန်းတို့ ဤသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း'ယောနိသော မနသိကာရ'တရားသည် မဖြစ်ပေါ်သေးသော သမ္မာဒိဋ္ဌိတရား၏လည်းဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော သမ္မာဒိဋ္ဌိ တရား၏လည်း တိုးပွါးကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော သမ္မာဒိဋ္ဌိ တရား၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော သမ္မာဒိဋ္ဌိတရား၏လည်း တိုးပွါးကြောင်းဖြစ်သော အခြားတခုသော တရားကိုမျှလည်းငါမမြင်။ [၂]ရဟန်းတို့ သင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော သမ္မာဒိဋ္ဌိ တရားသည်လည်း ဖြစ်ပေါ်၏၊ [၃] ဖြစ်ပေါ်ပြီးသော သမ္မာဒိဋ္ဌိတရားသည်လည်း တိုးပွါး၏ ဟု (မိန့်တော်မူ၏)။ (၆)

၃၀၄။ [၁] ရဟန်းတို့ ဤမှားသောမြင်ခြင်း'မိစ္ဆာဒိဋ္ဌိ'တရားသည် သတ္တဝါတို့ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာ ကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ကြောင်းဖြစ်သကဲ့သို့ ဤအတူ သတ္တဝါတို့ ငရဲသို့ ရောက်ကြောင်းဖြစ်သော အခြား တခု

ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တီတိ။ (၇)

၁၀၅။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ၊ ယထယိဒံ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ [၂]သမ္မာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တီတိ။ (၈)

၁၀၆။ [၁]မိစ္ဆာဒိဋ္ဌိကဿ ဘိက္ခဝေ ပုရိသပုဂ္ဂလဿ ယဉ္စေဝ ကာယကမ္မံ ယထာဒိဋ္ဌိ သမတ္တံ သမာဒိန္နံ၊ [၂]ယဉ္စ ဝစီကမ္မံ။ပ။ ယဉ္စ မနောကမ္မံ ယထာဒိဋ္ဌိ သမတ္တံ သမာဒိန္နံ၊ [၃]ယာ စ စေတနာ၊ ယာ စ ပတ္ထနာ၊ ယော စ ပဏိဓိ၊ ယေ စ သင်္ခါရာ၊ [၄]သဗ္ဗေ တေ ဓမ္မာ အနိဋ္ဌာယ အကန္တာယ အမနာ-

---

သော တရားကိုမျှလည်း ငါမမြင်။ [၂] ရဟန်းတို့ မှားသောမြင်ခြင်း 'မိစ္ဆာဒိဋ္ဌိ' အယူရှိကုန်သော သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ရကုန်၏ဟု (မိန့်တော်မူ၏)။　(၇)

၁၀၅။ [၁] ရဟန်းတို့ ဤမှန်သောမြင်ခြင်း' သမ္မာဒိဋ္ဌိ'တရားသည် သတ္တဝါတို့ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ကြောင်းဖြစ်သကဲ့သို့ ဤအတူ သတ္တဝါတို့ နတ်ပြည်သို့ ရောက်ကြောင်း ဖြစ်သော အခြားတခုသောတရားကိုမျှလည်း ငါမမြင်။ [၂] ရဟန်းတို့ မှန်သော မြင်ခြင်း'သမ္မာဒိဋ္ဌိ'အယူရှိကုန်သော သတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏ဟု (မိန့်တော်မူ၏)။　(၈)

၁၀၆။ [၁] ရဟန်းတို့ မှားသောမြင်ခြင်း 'မိစ္ဆာဒိဋ္ဌိ' အယူရှိသော ပုဂ္ဂိုလ်အား အယူအားလျော်စွာ အပြည့် အစုံ ဆောက်တည်အပ်သော ကိုယ်ဖြင့်ပြုအပ်သောအကြင်ကာယကံသည်၎င်း [၂] နှုတ်ဖြင့်ပြောဆိုအပ်သော အကြင် ဝစီကံသည်၎င်း။ပ။အယူအားလျော်စွာအပြည့်အစုံဆောက်တည်အပ်သောစိတ်ဖြင့် ကြံစည်အပ်သော အကြင်မနောကံသည်၎င်း [၃] အကြင်စေ့ဆော်ခြင်း'စေတနာ' သည်၎င်း, အကြင် တောင့်တခြင်း 'ပတ္ထနာ'သည်၎င်း, အကြင်စိတ်ကိုဆောက်

ပါယ အပဟိတာယ ဒုက္ခာယ သံဝတ္တန္တိ။[၅]တံ ကိဿ ဟေတု၊
ဒိဋ္ဌိ ဟိဿ ဘိက္ခဝေ ပါပိကာ။

[၁]သေယျထာပိ ဘိက္ခဝေ နိမ္ဗဗီဇံ ဝါ ကောသာတကိဗီဇံ
ဝါ တိတ္တကလာဗုဗီဇံ ဝါ အလ္လာယ ပထဝိယာ နိက္ခိတ္တံ
ယဉ္စေဝ ပထဝိရသံ ဥပါဒိယတိ၊[၂]ယဉ္စ အာပေါရသံ ဥပါဒိ-
ယတိ။[၃]သဗ္ဗံ တံ တိတ္တကတ္တာယ ကဋုကတ္တာယ အသာ-
တတ္တာယ သံဝတ္တတိ။ [၄]တံ ကိဿ ဟေတု၊ ဗီဇံ ဟိဿ
ဘိက္ခဝေ ပါပကံ။

[၁]ဧဝမေဝ ခေါ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိကဿ ပုရိသပုဂ္ဂလဿ
ယဉ္စေဝ ကာယကမ္မံ ယထာဒိဋ္ဌိ သမတ္တံ သမာဒိန္နံ၊[၂]ယဉ္စ ဝစီ-
ကမ္မံ။ပ။ယဉ္စ မနောကမ္မံ ယထာဒိဋ္ဌိ သမတ္တံ သမာဒိန္နံ၊ [၃]ယာ
စ စေတနာ၊ယာ စ ပတ္ထနာ၊ယော စ ပဏိဓိ၊ယေ စ သင်္ခါရာ
[၄]သဗ္ဗေ တေ ဓမ္မာ အနိဋ္ဌာယ အကန္တာယ အမနာပါယ

---

တည်ခြင်း 'ပဏိဓိ'သည်၎င်း အကြင်ပြုပြင်ခြင်း 'သင်္ခါရ' တို့သည်၎င်း ရှိကုန်၏၊ [၄] အလုံးစုံသော ထိုတရားတို့သည် မလိုလားခြင်းငှါ မနှစ်သက်ခြင်းငှါ နှလုံးကို မပွါးစေခြင်းငှါ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏၊ [၅] ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ–ရဟန်းတို့ ထိုသူ၏မိစ္ဆာဒိဋ္ဌိ အယူသည် ယုတ်ညံ့သည်သာဖြစ်သောကြောင့်တည်း။

[၁] ရဟန်းတို့ ဥပမာသော်ကား စိုစွတ်သောမြေ၌ စိုက်ပျိုးအပ်သော တမာမျိုးစေ့သည်၎င်း သပွတ်ခါးမျိုးစေ့သည်၎င်း ဗူးခါး မျိုးစေ့သည်၎င်း အကြင်မြေသြဇာကိုလည်း ယူ၏၊ [၂] အကြင်ရေသြဇာကိုလည်းယူ၏၊ [၃] ထိုအလုံးစုံသော မြေသြဇာ ရေသြဇာသည် ခါးခြင်း သက်ခြင်း မချိုခြင်းငှါဖြစ်၏။ [၄] ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ–ရဟန်းတို့ မျိုးစေ့သည် ယုတ်ညံ့သည်သာဖြစ်သောကြောင့်တည်း။

[၁] ရဟန်းတို့ ဤအတူသာလျှင် မိစ္ဆာဒိဋ္ဌိ အယူရှိသော ပုဂ္ဂိုလ်အား အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော ကိုယ်ဖြင့် ပြုလုပ်အပ်သော အကြင်ကာယကံသည်၎င်း [၂] နှုတ်ဖြင့် ပြောဆိုအပ်သော အကြင်ဝစီကံသည်၎င်း။ပ။ အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော စိတ်ဖြင့်ကြံစည်အပ်သော အကြင်မနောကံသည်၎င်း [၃] အကြင် စေ့ဆော်ခြင်း

အဟိတာယ ဒုက္ခာယ သံဝတ္တန္တိ။ [၅]တံ ကိဿ ဟေတု၊ ဒိဋ္ဌိ ဟိဿ ဘိက္ခဝေ ပါပိကာတိ။ (၉)

၃၀၇။ [၁]သမ္မာဒိဋ္ဌိကဿ ဘိက္ခဝေ ပုရိသပုဂ္ဂလဿ ယဉ္စေဝ ကာယကမ္မံ ယထာဒိဋ္ဌိ သမတ္တံ သမာဒိန္နံ၊ [၂]ယဉ္စ ဝစီကမ္မံ။ပ။ယဉ္စ မနောကမ္မံ ယထာဒိဋ္ဌိ သမတ္တံ သမာဒိန္နံ၊ [၃]ယာ စ စေတနာ၊ယာ စ ပတ္ထနာ၊ယော စ ပဏိဓိ၊ ယေ စ သင်္ခါရာ၊[၄]သဗ္ဗေ တေ ဓမ္မာ ဣဋ္ဌာယ ကန္တာယ မနာပါယ ဟိတာယ သုခါယ သံဝတ္တန္တိ။ တံ ကိဿ ဟေတု၊ ဒိဋ္ဌိ ဟိဿ ဘိက္ခဝေ ဘဒ္ဒိကာ။

[၁]သေယျထာပိ ဘိက္ခဝေ ဥစ္ဆုဗီဇံ ဝါ သာလိဗီဇံ ဝါ မုဒ္ဒိကာဗီဇံ ဝါ အလ္လာယ ပထဝိယာ နိက္ခိတ္တံ ယဉ္စေဝ ပထဝိရသံ ဥပါဒိယတိ၊ [၂]ယဉ္စ အာပေါရသံ ဥပါဒိယတိ၊

'စေတနာ'သည်၎င်း အကြင်တောင့်တခြင်း 'ပတ္ထနာ' သည်၎င်း အကြင် စိတ်ကို ဆောက်တည်ခြင်း 'ပဏိဓိ'သည်၎င်း အကြင် ပြုပြင်ခြင်း'သင်္ခါရ' တို့ သည်၎င်းရှိကုန်၏၊ [၄] အလုံးစုံသော ထိုတရားတို့သည် မလိုလားခြင်းငှါ မနှစ်သက်ခြင်းငှါ နှလုံးကိုမပွါးစေခြင်းငှါ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါဖြစ်၏။[၅] ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ ထိုသူ၏မိစ္ဆာဒိဋ္ဌိအယူသည် ယုတ်ညံ့သည်သာဖြစ်သောကြောင့်တည်းဟု (မိန့်တော်မူ၏)။ (၉)

၃၀၇။ [၁] ရဟန်းတို့ မှန်သောမြင်ခြင်း 'သမ္မာဒိဋ္ဌိအယူ'ရှိသော ပုဂ္ဂိုလ်အား အယူအားလျော်စွာ အပြည့်အစုံဆောက်တည်အပ်သော ကိုယ်ဖြင့်ပြုလုပ်အပ်သောအကြင်ကာယကံသည်၎င်း၊ [၂]နှုတ်ဖြင့်ပြောဆိုအပ်သောအကြင်ဝစီကံသည်၎င်း။ပ။ အယူအားလျော်စွာ အပြည့်အစုံဆောက်တည်အပ်သော စိတ်ဖြင့်ကြံစည်အပ်သော အကြင်မနောကံသည်၎င်း၊ [၃]အကြင် စေ့ဆော်ခြင်း 'စေတနာ'သည်၎င်း အကြင်တောင့်တခြင်း ပတ္ထနာ'သည်၎င်း အကြင် စိတ်ကိုဆောက်တည်ခြင်း 'ပဏိဓိ'သည်၎င်း အကြင် ပြုပြင်ခြင်း 'သင်္ခါရ' တို့ သည်၎င်း ရှိကုန်၏၊ [၄]အလုံးစုံသော ထိုတရားတို့သည် လိုလားခြင်းငှါ နှစ်သက်ခြင်းငှါ နှလုံးကိုပွါးစေခြင်းငှါ အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏။[၅] ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ ထိုသူ၏ သမ္မာဒိဋ္ဌိအယူသည်ကောင်းမြတ်သည်သာဖြစ်သောကြောင့်တည်း။

[၃]သဗ္ဗံ တံ မဓုရတ္တာယ သာတတ္တာယ အသေစနကတ္တာယ သံဝတ္တတိ။ [၄]တံ ကိဿ ဟေတု၊ ဗီဇံ ဟိဿ ဘိက္ခဝေ ဘဒ္ဒကံ။

[၁]ဧဝမေဝ ခေါ ဘိက္ခဝေ သမ္မာဒိဋ္ဌိကဿ ပုရိသပုဂ္ဂလဿ ယဉ္စေဝ ကာယကမ္မံ ယထာဒိဋ္ဌိ သမတ္တံ သမာဒိန္နံ၊ [၂]ယဉ္စ ဝစီကမ္မံ။ပ။ ယဉ္စ မနောကမ္မံ ယထာဒိဋ္ဌိ သမတ္တံ သမာဒိန္နံ၊ [၃]ယာ စ စေတနာ၊ ယာ စ ပတ္ထနာ၊ ယော စ ပဏိဓိ၊ ယေ စ သင်္ခါရာ၊ [၄]သဗ္ဗေ တေ ဓမ္မာ ဣဋ္ဌာယ ကန္တာယ မနာပါယ ဟိတာယ သုခါယ သံဝတ္တန္တိ။ [၅]တံ ကိဿ ဟေတု၊ ဒိဋ္ဌိ ဟိဿ ဘိက္ခဝေ ဘဒ္ဒိကာတိ။ (၁၀)

ဝဂ္ဂေါ ဒုတိယော။

---

[၁] ရဟန်းတို့ ဥပမာသော်ကား စိုစွတ်သောမြေ၌ စိုက်ပျိုးအပ်သော ကြံမျိုးစေ့သည်၎င်း သလေးမျိုးစေ့သည်၎င်း သပြစ်မျိုးစေ့သည်၎င်း အကြင်မြေဩဇာကိုလည်းယူ၏၊ [၂] အကြင်ရေဩဇာကိုလည်းယူ၏၊ [၃] ထိုအလုံးစုံသော မြေဩဇာ ရေဩဇာသည်ချိုမြိန်ခြင်းငှါ သာယာခြင်းငှါ (အခြား) သွန်းလောင်းဘွယ်ရှိခြင်းငှါ ဖြစ်၏၊ [၄] ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ မျိုးစေ့သည်ကောင်းသည်သာ ဖြစ်သောကြောင့်တည်း။

[၁] ရဟန်းတို့ ဤအတူသာလျှင် မှန်သောမြင်ခြင်း 'သမ္မာဒိဋ္ဌိ'အယူရှိသော ပုဂ္ဂိုလ်အား အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော ကိုယ်ဖြင့် ပြုလုပ်အပ်သော အကြင် ကာယကံသည်၎င်း။ပ။ [၂]နှုတ်ဖြင့်ပြောဆိုအပ်သော အကြင် ဝစီကံသည်၎င်း။ပ။ အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သောစိတ်ဖြင့် ကြံစည်အပ်သော အကြင် မနောကံသည်၎င်း [၃] အကြင်စေ့ဆော်ခြင်း 'စေတနာ'သည်၎င်း အကြင်တောင့်တခြင်း 'ပတ္ထနာ' သည်၎င်း အကြင်စိတ်ကိုဆောက်တည်ခြင်း 'ပဏိဓိ'သည်၎င်း အကြင်ပြုပြင်ခြင်း 'သင်္ခါရ' တို့သည်၎င်း ရှိကုန်၏။ [၄] အလုံးစုံသော ထိုတရားတို့သည် လိုလားခြင်းငှါ နှစ်သက်ခြင်းငှါ နှလုံးကို ပွါးစေခြင်းငှါ အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏။ [၅] ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ ထိုသူ၏သမ္မာဒိဋ္ဌိအယူသည် ကောင်းမြတ်သည်သာ ဖြစ်သောကြောင့်တည်းဟု (မိန့်တော်မူ၏)။ (၁၀)

ဒုတိယဝဂ် ပြီး၏။

## ၁၆-ဧကဓမ္မပါဠိ ၃-တတိယဝဂ္ဂ

၃၀၈။ [၁]ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနအဟိတာယ ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ [၂]ကတမော ဧကပုဂ္ဂလော၊ မိစ္ဆာဒိဋ္ဌိကော ဟောတိ ဝိပရီတဒဿနော၊ [၃]သော ဗဟုဇနံ သဒ္ဓမ္မာ ဝုဋ္ဌာပေတွာ အသဒ္ဓမ္မေ ပတိဋ္ဌာပေတိ။ [၄]အယံ ခေါ ဘိက္ခဝေ ဧကပုဂ္ဂလော လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနအဟိတာယ ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနန္တိ။ (၁)

၃၀၉။ [၁]ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ [၂]ကတမော ဧကပုဂ္ဂလော၊ သမ္မာဒိဋ္ဌိကော ဟောတိ

၃၀၈။ [၁] ရဟန်းတို့ တယောက်သောပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်လာသော် လူအများ၏အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူအများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ပေါ်လာ၏၊ [၂] ထိုတယောက်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဟူမူ— ဖေါက်ပြန်သောအားဖြင့် မြင်တတ်သော မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်တည်း။ [၃] ထိုပုဂ္ဂိုလ်သည် လူအများကို သူတော်ကောင်းတရားမှ ကင်းကွာစေ၍ မသူတော်တရား၌ တည်စေ၏။ [၄] ရဟန်းတို့ မိစ္ဆာဒိဋ္ဌိအယူရှိသော ဤပုဂ္ဂိုလ် တယောက်လောက၌ ဖြစ်ပေါ်လာသော် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူအများ၏အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ (၁)

၃၀၉။ [၁] ရဟန်းတို့ တယောက်သောပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်လာသော် လူအများ၏ အစီးအပွါးရှိခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးရှိခြင်းငှါ နတ်လူတို့၏ အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါဖြစ်ပေါ်လာ၏။ [၂] ထိုတယောက်သော ပုဂ္ဂိုလ်သည် အဘယ်နည်းဟူမူ— မဖေါက်မပြန်သောအားဖြင့် မြင်တတ်သောသမ္မာဒိဋ္ဌိ အယူရှိသော ပုဂ္ဂိုလ်

အဝိပရီတဒဿနော၊ [၃]သော ဗဟုဇနံ အသဒ္ဓမ္မာ ဝုဋ္ဌာပေတွာ သဒ္ဓမ္မေ ပတိဋ္ဌာပေတိ။ [၄]အယံ ခေါ ဘိက္ခဝေ ဧကပုဂ္ဂလော လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနန္တိ။ (၂)

၁၁၀။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ မဟာသာဝဇ္ဇံ၊ ယထယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ။ [၂]မိစ္ဆာဒိဋ္ဌိပရမာနိ ဘိက္ခဝေ မဟာသာဝဇ္ဇာနီတိ။ (၃)

၁၁၁။ [၁]နာဟံ ဘိက္ခဝေ အညံ ဧကပုဂ္ဂလမ္ပိ သမနုပဿာမိ၊ ယော ဧဝံ ဗဟုဇနအဟိတာယ ပဋိပန္နော ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ ယထယိဒံ ဘိက္ခဝေ မက္ခလိ

---

တည်း၊ [၃] ထိုပုဂ္ဂိုလ်သည် လူအများကို မသူတော်တရားမှ ထင်းကွာစေ၍ သူတော်ကောင်းတရား၌ တည်စေ၏၊ [၄] ရဟန်းတို့ သမ္မာဒိဋ္ဌိ အယူရှိသော ဤပုဂ္ဂိုလ်တယောက် လောက၌ ဖြစ်ပေါ်လာသော် လူအများ၏ အစီးအပွါး ရှိခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးရှိခြင်းငှါ နတ်လူတို့၏အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၂)

၁၁၀။ [၁] ရဟန်းတို့ ဤမှားသော မြင်ခြင်း'မိစ္ဆာဒိဋ္ဌိ' သည် ကြီးလေးသောအပြစ်ရှိသကဲ့သို့ ဤအတူ ကြီးလေးသော အပြစ်ရှိသော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ [၂] ရဟန်းတို့ ကြီးလေးသော အပြစ်ရှိသော အကုသိုလ်ကံတို့သည် မိစ္ဆာဒိဋ္ဌိသာလျှင် လွန်ကဲခြင်းရှိကုန်၏ ဟု (မိန့်တော်မူ၏)။

၁၁၁။ [၁]ရဟန်းတို့ ဤ (မဂ်ဖိုလ်မှ) အချည်းနှီးသောယောက်ျား ဖြစ်သော မက္ခလိဂေါသာလသည် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူအများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါး မဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သကဲ့သို့ ဤအတူ ကျင့်သော အခြားတစုံ တယောက်သော ပုဂ္ဂိုလ်ကိုမျှလည်း ငါမမြင်၊ [၂] ရဟန်းတို့ များစွာသော ငါးတို့

မောဃပုရိသော။ [2]သေယျထာပိ ဘိက္ခဝေ နဒီမုခေ ခိပ္ပံ ဥဍ္ဍေယျ ဗဟူနံ မစ္ဆာနံ အဟိတာယ ဒုက္ခာယ အနယာယ ဗျသနာယ။ [3]ဧဝမေဝ ခေါ ဘိက္ခဝေ မက္ခလိ မောဃပုရိသော မနုဿခိပ္ပံ မညေ လောကေ ဥပ္ပန္နော ဗဟူနံ သတ္တာနံ အဟိတာယ ဒုက္ခာယ အနယာယ ဗျသနာယာတိ။ (၄)

၃၁၂။ [1]ဒုရက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယော စ သမာဒပေတိ၊ [2]ယဉ္စ သမာဒပေတိ၊ [3]ယော စ သမာဒပိ-တော တထတ္တာယ ပဋိပဇ္ဇတိ၊ [4]သဗ္ဗေ တေ ဗဟုံ အပုညံ ပသဝန္တိ။ [5]တံ ကိဿ ဟေတု၊ ဒုရက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿာတိ။ (၅)

၃၁၃။ [1]သွာက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယော စ သမာဒပေတိ၊ [2]ယဉ္စ သမာဒပေတိ၊ ယော စ သမာဒပိတော

---

၏အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ အကျိုးမဲ့ခြင်းငှါ ပျက်စီးခြင်းငှါ မြစ်ဆုံ မြစ်ဝ၌ မြှုံးကို ဖွဲ့နှောင်၍ ထားသကဲ့သို့ [3]ဤအတူသာလျှင် များစွာသော သတ္တဝါတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ အကျိုးမဲ့ခြင်းငှါ ပျက်စီးခြင်းငှါ (မဂ်ဖိုလ်မှ) အချည်းနှီးသော မက္ခလိဂေါသာလသည် လူမြှုံးကဲ့ လောက၌ ဖြစ်ပေါ်လာ၏ ဟု (မိန့်တော်မူ၏)။ (၄)

၃၁၂။ [1]ရဟန်းတို့ မကောင်းသဖြင့် ဟောအပ်သော သာသနာ၌ အကြင် ဆရာဖြစ်သူသည်လည်း ဆောက်တည်စေ၏၊ [2]အကြင် တပည့်ဖြစ်သူကိုလည်း ဆောက်တည်စေ၏၊ [3]ဆောက်တည်စေအပ်သော အကြင် တပည့်သည်လည်း ထိုအဆုံးအမအတိုင်း ဖြစ်ခြင်းငှါ ကျင့်၏၊ [4]ထိုအလုံးစုံသော ဆရာတပည့်တို့သည် များစွာသော မကောင်းမှုကို ဖြစ်ပွါးစေကုန်၏၊ [5]ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ-ရဟန်းတို့ တရားကို မကောင်းသဖြင့် ဟောအပ်သည် အဖြစ်ကြောင့်တည်း ဟု (မိန့်တော်မူ၏)။ (၅)

၃၁၃။ [1]ရဟန်းတို့ ကောင်းစွာ ဟောအပ်သော သာသနာ၌ အကြင် ဆရာဖြစ်သူသည်လည်း ဆောက်တည်စေ၏၊ [2]အကြင် တပည့်ဖြစ်သူကိုလည်း ဆောက်တည်စေအပ်၏၊ [3]ဆောက်တည်စေအပ်သော အကြင်တပည့်သည်လည်း ထို အဆုံးအမအတိုင်းဖြစ်ခြင်းငှါကျင့်၏၊ [4]ထိုအလုံးစုံသောဆရာတပည့်တို့သည်

တထတ္တာယ ပဋိပဇ္ဇတိ၊ [၁]သဗ္ဗေ တေ ဗဟုံ ပုညံ ပသဝန္တိ။ [၂]တံ ကိဿ ဟေတု၊ သွာက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿာတိ။ (၆)

၁၁၄။ [၁]ဒုရက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ဒါယကေန မတ္တာ ဇာနိတဗ္ဗာ နော ပဋိဂ္ဂါဟကေန။ [၂]တံ ကိဿ ဟေတု ဒုရက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿာတိ။ (၇)

၁၁၅။ [၁]သွာက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ပဋိဂ္ဂါဟကေန မတ္တာ ဇာနိတဗ္ဗာ နော ဒါယကေန။ [၂]တံ ကိဿ ဟေတု၊ သွာက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿာတိ။ (၈)

၁၁၆၊ [၁]ဒုရက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယော အာရဒ္ဓဝီရိယော၊ သော ဒုက္ခံ ဝိဟရတိ။ [၂]တံ ကိဿ ဟေတု၊ ဒုရက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿာတိ။ (၉)

---

များစွာသော ကောင်းမှုကို ဖြစ်ပွါးစေကုန်၏၊ [၂]ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ဟူမူ-ရဟန်းတို့ တရားကို ကောင်းစွာ ဟောအပ်သည့်၏အဖြစ်ကြောင့်တည်း ဟု (မိန့်တော်မူ၏)။ (၆)

၁၁၄။ [၁]ရဟန်းတို့ မကောင်းသဖြင့် ဟောအပ်သော သာသနာ၌ အလှူပေးပုဂ္ဂိုလ်သည် အတိုင်းအရှည်ကို သိရမည်၊ အလှူခံပုဂ္ဂိုလ်သည် အတိုင်းအရှည်ကို သိရန် မလိုပေ၊ [၂]ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ- ရဟန်းတို့ တရားကို မကောင်းသဖြင့် ဟောအပ်သည်၏ အဖြစ်ကြောင့်တည်း ဟု (မိန့်တော်မူ၏)။ (၇)

၁၁၅။ [၁]ရဟန်းတို့ ကောင်းစွာ ဟောအပ်သော သာသနာ၌ အလှူခံပုဂ္ဂိုလ်သည် အတိုင်းအရှည်ကို သိရမည်၊ အလှူပေးပုဂ္ဂိုလ်သည် အတိုင်းအရှည်ကို သိရန် မလိုပေ၊ [၂]ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ- ရဟန်းတို့ တရားကို ကောင်းစွာ ဟောအပ်သည်၏ အဖြစ်ကြောင့်တည်း ဟု (မိန့်တော်မူ၏)။ (၈)

၁၁၆။ [၁]ရဟန်းတို့ မကောင်းသဖြင့် ဟောအပ်သော သာသနာ၌အကြင်သူသည် ထက်သန်သော လုံ့လရှိ၏၊ ထိုသူသည် ဆင်းရဲစွာ နေရ၏၊ [၂]ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ-ရဟန်းတို့ တရားကို မကောင်းသဖြင့် ဟောအပ်သည့်၏ အဖြစ်ကြောင့်တည်းဟု (မိန့်တော်မူ၏)။ (၉)

၃၁၇။ [၁]သွာက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယော ကုသီတော၊ သော ဒုက္ခံ ဝိဟရတိ။ [၂]တံ ကိဿ ဟေတု၊ သွာက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿာတိ။ (၁၀)

၃၁၈။ [၁]ဒုရက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယော ကုသီတော၊ သော သုခံ ဝိဟရတိ။ [၂]တံ ကိဿ ဟေတု၊ ဒုရက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿာတိ။ (၁၁)

၃၁၉။ [၁]သွာက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယော အာရဒ္ဓဝီရိယော၊ သော သုခံ ဝိဟရတိ။ [၂]တံ ကိဿ ဟေတု၊ သွာက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿာတိ။ (၁၂)

၃၂၀။ [၁]သေယျထာပိ ဘိက္ခဝေ အပ္ပမတ္တကောပိ ဂူထော ဒုဂ္ဂန္ဓော ဟောတိ။ [၂]ဧဝမေဝ ခေါ အဟံ ဘိက္ခဝေ အပ္ပမတ္တကမ္ပိ ဘဝံ န ဝဏ္ဏေမိ အန္တမသော အစ္ဆရာသင်္ဃာတမတ္တမ္ပိ။ (၁၃)

---

၃၁၇။ [၁]ရဟန်းတို့ ကောင်းစွာ ဟောအပ်သော သာသနာ၌ အကြင်သူသည် ပျင်းရိ၏၊ ထိုသူသည် ဆင်းရဲစွာနေရ၏၊ [၂]ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ တရားကိုကောင်းစွာ ဟောအပ်သည်၏ အဖြစ်ကြောင့်တည်း ဟု (မိန့်တော်မူ၏)။ (၁၀)

၃၁၈။ [၁]ရဟန်းတို့ မကောင်းသဖြင့် ဟောအပ်သောသာသနာ၌ အကြင်သူသည်ပျင်းရိ၏၊ ထိုသူသည် ချမ်းသာစွာနေရ၏၊ [၂]ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ တရားကို မကောင်းသဖြင့် ဟောအပ်သည်၏အဖြစ်ကြောင့်တည်း ဟု (မိန့်တော်မူ၏)။ (၁၁)

၃၁၉။ [၁]ရဟန်းတို့ ကောင်းစွာ ဟောအပ်သော သာသနာ၌ အကြင်သူသည် ထက်သန်သော လုံ့လရှိ၏၊ ထိုသူသည် ချမ်းသာစွာနေရ၏၊ [၂]ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ တရားကို ကောင်းစွာ ဟောအပ်သည်၏အဖြစ်ကြောင့်တည်း ဟု (မိန့်တော်မူ၏)။ (၁၂)

၃၂၀။ [၁]ရဟန်းတို့ အနည်းငယ်မျှသော မစင်သည်လည်း မကောင်းသောအနံ့ရှိသကဲ့သို့ [၂]ရဟန်းတို့ ဤအတူပင် ငါသည် အနည်းငယ်မျှသောဘဝကိုလည်းချီးမွမ်းတော်မမူ၊အယုတ်ဆုံးအားဖြင့် လက်ဖျစ်တတီး ကာလမျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ ဟု (မိန့်တော်မူ၏)။ (၁၃)

၃၂၁။ [၁]သေယျထာပိ ဘိက္ခဝေ အပ္ပမတ္တကမ္ပိ မုတ္တံ ဒုဂ္ဂန္ဓံ ဟောတိ။ [၂]အပ္ပမတ္တကောပိ ခေဠော ဒုဂ္ဂန္ဓော ဟောတိ။ [၃]အပ္ပမတ္တကောပိ ပုဗ္ဗော ဒုဂ္ဂန္ဓော ဟောတိ။ [၄]အပ္ပမတ္တကမ္ပိ လောဟိတံ ဒုဂ္ဂန္ဓံ ဟောတိ။ [၅]ဧဝမေဝ ခေါ အဟံ ဘိက္ခဝေ အပ္ပမတ္တကမ္ပိ ဘဝံ န ဝဏ္ဏေမိ အန္တမသော အစ္ဆရာသင်္ဃာတမတ္တမ္ပိ။ (၁၄)

ဝဂ္ဂေါ တတိယော။

---

## ၁၆-ဧကဓမ္မပါဠိ ၄-စတုတ္ထဝဂ္ဂ

၃၂၂။ [၁]သေယျထာပိ ဘိက္ခဝေ အပ္ပမတ္တကံ ဣမသ္မိံ ဇမ္ဗုဒီပေ အာရာမရာမဏေယျကံ ဝနရာမဏေယျကံ ဘူမိရာမဏေယျကံ ပေါက္ခရဏီရာမဏေယျကံ။ [၂]အထ ခေါ ဧတဒေဝ ဗဟုတရံ၊ ယဒိဒံ ဥက္ကူလဝိကူလံ နဒီဝိဒုဂ္ဂံ ခါဏုကဏ္ဋကဋ္ဌာနံ ပဗ္ဗတဝိသမံ။ [၃]ဧဝမေဝ ခေါ ဘိက္ခဝေ

---

၃၂၁။ [၁]ရဟန်းတို့ အနည်းငယ်မျှသော ကျင်ငယ်သည်လည်း မကောင်းသော အနံ့ရှိသကဲ့သို့ [၂]အနည်းငယ်မျှသော တံတွေးသည်လည်း မကောင်းသောအနံ့ရှိသကဲ့သို့ [၃]အနည်းငယ်မျှသော ပြည်သည်လည်း မကောင်းသော အနံ့ရှိသကဲ့သို့ [၄]အနည်းငယ်မျှသော သွေးသည်လည်း မကောင်းသောအနံ့ ရှိသကဲ့သို့ [၅]ရဟန်းတို့ ဤအတူပင်လျှင် ငါသည် အနည်းငယ်မျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ၊ အယုတ်ဆုံးအားဖြင့် လက်ဖျစ်တတီး ကာလမျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ ဟု (မိန့်တော်မူ၏)။ (၁၄)

တတိယဝဂ် ပြီး၏။

---

၃၂၂။ [၁]ရဟန်းတို့ ဤဇမ္ဗူဒိပ်၌ မွေ့လျော်ဖွယ်ကောင်းသောအရံ မွေ့လျော်ဖွယ်ကောင်းသောတော မွေ့လျော်ဖွယ်ကောင်းသောအရပ် မွေ့လျော်ဖွယ်ကောင်းသောရေကန်သည် အနည်းငယ်မျှသာရှိ၏၊ [၂]စင်စစ်သော်ကား ချိုင့်ဝှမ်းမြင့်မောက်သောမြေ သွားလာကူးခက်သောမြစ် သစ်ငုတ် ဆူးငြောင့်ရှိ

အပ္ပကာ တေ သတ္တာ၊ယေ ထလဇာ။ [၃]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ ဩဒကာ။(၁)

၃၂၃။ [၁]ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ မနုဿေသု ပစ္စာဇာယန္တိ။[၂]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ယေ အညတြ မနုဿေဟိ ပစ္စာဇာယန္တိ။[၃]ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ယေ မဇ္ဈိမေသု ဇနပဒေသု ပစ္စာဇာယန္တိ။ [၄]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ယေ ပစ္စန္တိမေသု ဇနပဒေသု ပစ္စာဇာယန္တိ အဝိညာတာရေသု မိလက္ခေသု။(၂)

၃၂၄။ [၁]ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ ပညဝန္တော အဇဠာ အနေဠမူဂါ ပဋိဗလာ သုဘာသိတဒုဗ္ဘာသိတဿ အတ္ထမညာတုံ။ [၂]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ယေ ဒုပ္ပညာ ဇဠာ ဧဠမူဂါ န ပဋိဗလာ သုဘာသိတဒုဗ္ဘာသိတဿ အတ္ထမညာတုံ။

---

သောအရပ် မညီညွတ်သော တောင်တို့သာ များသကဲ့သို့ [၂]ရဟန်းတို့ ဤအတူပင်လျှင် ကြည်းကုန်း၌ ဖြစ်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ [၃]စင်စစ်သော်ကား ရေ၌ဖြစ်သော သတ္တဝါတို့သာ များကုန်၏. (၁)

၃၂၃။ [၁]ရဟန်းတို့ ဤအတူပင်လျှင် လူ့ပြည်၌ဖြစ်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ [၂]စင်စစ်သော်ကား လူ့ပြည်မှ တပါးသော အပါယ်ဘုံ၌ ဖြစ်သော သတ္တဝါတို့သာ များကုန်၏၊[၃]ရဟန်းတို့ ဤအတူပင်လျှင် မဇ္ဈိမတိုင်း ဇနပုဒ်တို့၌ ဖြစ်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ [၄]စင်စစ်သော်ကား ဘိုင်းစွန်ပြည်နား ဇနပုဒ်အရပ် သစ္စာလေးပါးကို မသိနိုင်ကုန်သော လူရိုင်းမိလက္ခုတို့၌ ဖြစ်သော သတ္တဝါတို့သာ များကုန်၏။ (၂)

၃၂၄။ [၁]ရဟန်းတို့ ဤအတူပင်လျှင် မထိုင်းမှိုင်းကုန် မဆွံ့အကုန်သော ကောင်းစွာ ဆိုအပ်သောစကား မကောင်းသဖြင့် ဆိုအပ်သော စကား၏ အနက်ကို သိနိုင်ကုန်သော ပညာရှိပုဂ္ဂိုလ်တို့သည် အနည်းငယ်မျှသာဖြစ်ကုန်၏၊ [၂]စင်စစ်သော်ကားထိုင်းမှိုင်းကုန်ဆွံ့အကုန်သောကောင်းစွာဆိုအပ်သောစကား မကောင်းသဖြင့်ဆိုအပ်သော စကား၏အနက်ကို မသိနိုင်ကုန်သော ပညာမဲ့ ပုဂ္ဂိုလ်တို့သာ များကုန်၏။ (၃)

၃၂၅။ ¹ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ အရိယေန ပညာစက္ခုနာ သမန္နာဂတာ၊ ²အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ အဝိဇ္ဇာဂတာ သမ္မူဠှာ။ (၄)

၃၂၆။ ¹ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ လဘန္တိ တထာဂတံ ဒဿနာယ၊ ²အထခေါ ဧတေဝ-သတ္တာ ဗဟုတရာ၊ ယေန လဘန္တိ တထာဂတံ ဒဿာနာယ။ (၅)

၃၂၇။ ¹ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ လဘန္တိ တထာဂတပ္ပဝေဒိတံ ဓမ္မဝိနယံ သဝနာယ။ ²အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ယေ န လဘန္တိ တထာဂတပ္ပဝေဒိတံ ဓမ္မဝိနယံ သဝနာယ။ (၆)

၃၂၈။ ¹ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ သုတွာ ဓမ္မံ ဓာရေန္တိ။ ²အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ ယေ သုတွာ ဓမ္မံ န ဓာရေန္တိ။ (၇)

---

၃၂၅။ ¹ရဟန်းတို့ ဤအတူပင်လျှင် မြတ်သောပညာမျက်စိနှင့် ပြည့်စုံကုန်သော သတ္တဝါတို့သည် အနည်းငယ်မျှသာဖြစ်ကုန်၏၊ ²စင်စစ်သော်ကား အဝိဇ္ဇာ အမိုက်တိုက်သို့ ရောက်ကုန်၍ တွေဝေကုန်သော သတ္တဝါတို့သာ များကုန်၏။ (၄)

၃၂၆။ ¹ရဟန်းတို့ ဤအတူပင်လျှင် မြတ်စွာဘုရားကို ဖူးမျှော်ရကုန်သော သတ္တဝါတို့သည် အနည်းငယ်မျှသာဖြစ်ကုန်၏၊ ²စင်စစ်သော်ကား မြတ်စွာဘုရားကို မဖူးမျှော်ရကုန်သော သတ္တဝါတို့သာ များကုန်၏။ (၅)

၃၂၇။ ¹ရဟန်းတို့ ဤအတူပင်လျှင် မြတ်စွာဘုရား ဟောကြားအပ်သော ဓမ္မဝိနယကို ကြားနာရကုန်သောသတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ ²စင်စစ်သော်ကား မြတ်စွာဘုရား ဟောကြားအပ်သော ဓမ္မဝိနယကို မကြားနာရကုန်သော သတ္တဝါတို့သာ များကုန်၏။ (၆)

၃၂၈။ ¹ရဟန်းတို့ ဤအတူပင်လျှင် ကြားနာရ၍ တရားကိုဆောင်ထားကြကုန်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ ²စင်စစ်သော်ကား ကြားနာရ၍ တရားကိုဆောင်မထား ကြကုန်သော သတ္တဝါတို့သာ များကုန်၏၊ (၇)

၃၂၉။ [၁] ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ ဓာတာနံ ဓမ္မာနံ အတ္ထံ ဥပပရိက္ခန္တိ။ [၂] အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ ဓာတာနံ ဓမ္မာနံ အတ္ထံ န ဥပပရိက္ခန္တိ။ (၈)

၃၃၀။ [၁] ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ အတ္ထမညာယ ဓမ္မမညာယ ဓမ္မာနုဓမ္မံ ပဋိပဇ္ဇန္တိ။ [၂] အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ အတ္ထမညာယ ဓမ္မမညာယ ဓမ္မာနုဓမ္မံ န ပဋိပဇ္ဇန္တိ။ (၉)

၃၃၁။ [၁] ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ ... ဇနီယေသု ဌာနေသု သံဝေဇန္တိ။ [၂] အထ ခေါ ဧတေ... တ္တာ ဗဟုတရာ၊ ယေ သံဝေဇနီယေသု ဌာနေသု န သံ... ။ (၁၀)

၃၃၂။ [၁] ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ သံဝိဂ္ဂါ ယောနိသော ပဒဟန္တိ။ [၂] အထ ခေါ ဧတေဝ

---

၃၂၉။ [၁] ရဟန်းတို့ ဤအတူပင်လျှင် ဆောင်ထားသော တရားတို့၏ အနက်ကို စုံစမ်းစိစစ်ကြကုန်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ [၂] စင်စစ်သော်ကား ဆောင်ထားသောတရားတို့၏ အနက်ကို မစုံစမ်း မစိစစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၈)

၃၃၀။ [၁] ရဟန်းတို့ ဤအတူပင်လျှင် ပါဠိတော်နှင့် အဋ္ဌကထာကို သိ၍ တရားနှင့် လျော်သောအကျင့်ကို ကျင့်ကြကုန်သောသတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ [၂] စင်စစ်သော်ကား ပါဠိတော်နှင့် အဋ္ဌကထာကိုသိ၍ တရားနှင့် လျော်သောအကျင့်ကို မကျင့်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၉)

၃၃၁။ [၁] ရဟန်းတို့ ဤအတူပင်လျှင် ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သည့် ဇာတိစသောအကြောင်းတို့၌ ထိတ်လန့်ကြကုန်သော သတ္တဝါတို့သည် နည်းကုန်၏၊ [၂] စင်စစ်သော်ကား ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သည့်ဇာတိစသော အကြောင်းတို့၌ မထိတ်လန့်ကုန်သောသတ္တဝါတို့သာ များကုန်၏။ (၁၀)

၃၃၂။ [၁] ရဟန်းတို့ ဤအတူပင်လျှင် ထိတ်လန့်ကုန်သည်ဖြစ်၍ သင့်လျော်သောအကြောင်းအားဖြင့် အားထုတ်ကြကုန်သော သတ္တဝါတို့သည် နည်းပါး

သတ္တာ ဗဟုတရာ၊ ယေ သံဝိဂ္ဂါ ယောနိသော န ပဒဟန္တိ။ (၁၁)

၃၃၃။ [၁]ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ ဝဝဿဂ္ဂါရမ္မဏံ ကရိတွာ လဘန္တိ သမာဓိံ လဘန္တိ စိတ္တဿေကဂ္ဂတံ။ [၂]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ ဝဝဿဂ္ဂါရမ္မဏံ ကရိတွာ န လဘန္တိ သမာဓိံ န လဘန္တိ စိတ္တဿေကဂ္ဂတံ။ (၁၂)

၃၃၄။ [၁]ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ အန္နဂ္ဂရသဂ္ဂါနံ လာဘိနော။ [၂]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ အန္နဂ္ဂရသဂ္ဂါနံ န လာဘိနော ဥဉ္ဆေန ကပါလာဘတေန ယာပေန္တိ။ (၁၃)

၃၃၅။ [၁]ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ အတ္ထရသဿ ဓမ္မရသဿ ဝိမုတ္တိရသဿ လာဘိနော။

---

ကုန်၏၊ [၂] စင်စစ်သော်ကား ထိတ်လန့်ကုန်သည်ဖြစ်၍ သင့်လျော်သော အကြောင်းအားဖြင့် အားမထုတ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၁၁)

၃၃၃။ [၁]ရဟန်းတို့ ဤအတူပင်လျှင် နိဗ္ဗာန်ကိုအာရုံပြု၍ မဂ်ဖိုလ်သမာဓိကိုရကြကုန် စိတ်၏တည်ကြည်ခြင်းကို ရကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ [၂] စင်စစ်သော်ကား နိဗ္ဗာန်ကိုအာရုံပြု၍ မဂ်ဖိုလ်သမာဓိကို မရကြကုန် စိတ်၏တည်ကြည်ခြင်းကို မရကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၁၂)

၃၃၄။ [၁]ရဟန်းတို့ ဤအတူပင်လျှင် မွန်မြတ်သောထမင်း မွန်မြတ်သော အရသာတို့ကိုရကြကုန်သောသတ္တဝါတို့သည် နည်းပါးကုန်၏၊ [၂] စင်စစ်သော်ကား မွန်မြတ်သောထမင်း မွန်မြတ်သော အရသာတို့ကို [၃]မရကြကုန်မူ၍ ခွက်လက်စွဲကာ တောင်း၍ရသော ထမင်းဖြင့်၎င်း သင်္ဘောသီးကြီးငယ်ဖြင့်၎င်း မျှတကြရကုန်သောသတ္တဝါတို့သာ များကုန်၏။ (၁၃)

၃၃၅။ [၁]ရဟန်းတို့ ဤအတူသာလျှင် ဖိုလ်တည်းဟူသော အရသာ မဂ်တည်းဟူသော အရသာ နိဗ္ဗာန်တည်းဟူသော အရသာကို ရကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ [၂] စင်စစ်သော်ကား ဖိုလ်တည်းဟူသော အရ

[၂]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ, ယေ အညတြ အရိယာ ဓမ္မဝိနယာ ပါပုဏန္တိ, ယေ အရိယာ ဓမ္မဝိနယာ နလာဘိနော။ [၃]တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ ''အတ္ထရသဿ ဓမ္မရသဿ ဝိမုတ္တိ- ရသဿ လာဘိနော ဘဝိဿာမာ''တိ။ [၄]ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗန္တိ။ (၁၄)

၃၃၆-၃၃၈။ [၁]သေယျထာပိ ဘိက္ခဝေ အပ္ပမတ္တကံ ဣမသ္မိံ ဇမ္ဗုဒီပေ အာရာမရာမဏေယျကံ ဝနရာမဏေယျ- ကံ ဘူမိရာမဏေယျကံ ပေါက္ခရဏီရာမဏေယျကံ။ [၂]အထ ခေါ ဧတေဝ ဗဟုတရံ, ယဒိဒံ ဥက္ကူလဝိကူလံ နဒီဝိဒုဂ္ဂံ ခါဏုကဏ္ဋကဋ္ဌာနံ ပဗ္ဗတဝိသမံ။ [၃]ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ, ယေ မနုဿာ စုတာ မနုဿေသု ပစ္စာဇာယန္တိ။ [၄]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ, ယေ မနုဿာ စုတာ နိရယေ ပစ္စာဇာယန္တိ။ပ။တိရစ္ဆာနယော- နိယာ ပစ္စာဇာယန္တိ။ပ။ ပေတ္တိဝိသယေ ပစ္စာဇာယန္တိ။ (၁၅-၁၇)

သာ မဂ်တည်းဟူသော အရသာ နိဗ္ဗာန်တည်း ဟူသောအရသာကို မရကြ ကုန်သော သတ္တဝါတို့သာ များကုန်၏၊ [၃]ရဟန်းတို့ ထိုသို့ဖြစ်သောကြောင့် ဤသာသနာတော်၌ ဤသို့လျှင် ''ဖိုလ်တည်းဟူသော အရသာ မဂ်တည်းဟူ သောအရသာ နိဗ္ဗာန်တည်းဟူသော အရသာကို ရရှိသူတို့ ဖြစ်ကြကုန်အံ့''ဟု ကျင့်ရမည်၊[၄]ရဟန်းတို့ သင်တို့သည် ဤသို့သာလျှင် ကျင့်ရမည် ဟု မိန့်တော် မူ၏။ (၁၄)

၃၃၆-၃၃၈။ [၁]ရဟန်းတို့ ဤဇမ္ဗူဒိပ်၌ မွေ့လျော်ဖွယ်ကောင်းသောအရံ မွေ့လျော်ဖွယ်ကောင်းသော တော မွေ့လျော်ဖွယ်ကောင်းသော မြေအရပ် မွေ့လျော်ဖွယ် ကောင်းသော ရေကန်သည် အနည်းငယ်မျှသာရှိ၏၊ [၂]စင်စစ် သော်ကား ချိုင့်ဝှမ်း မြင့်မောက်သောမြေ သွားလာကူးခက်သောမြစ် သစ် ငုတ်ဆူးငြောင့်ရှိသော အရပ် မညီညွတ်သော တောင်တို့သာ များသကဲ့သို့ [၃]ရဟန်းတို့ ဤအတူပင်လျှင် လူ့ပြည်မှစုတေ၍ လူ့ပြည်၌ပင် တဖန် ပြန်ဖြစ် ကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ [၄]စင်စစ်သော်ကား လူ့ပြည်မှ စုတေ၍ ငရဲဘုံ၌ဖြစ်ကြကုန်သော။ပ။ တိရစ္ဆာန်အမျိုး၌ ဖြစ်ကြကုန်သော။ပ။ ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၁၅-၁၇)

၃၃၉-၃၄၁။ [1]ဝေမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ မနုဿာ စုတာ ဒေဝေသု ပစ္စာဇာယန္တိ။ [2]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ မနုဿာ စုတာ နိရယေ ပစ္စာဇာယန္တိ။တိရစ္ဆာနယောနိယာ ပစ္စာ-ဇာယန္တိ။ပေတ္တိဝိသယေ ပစ္စာဇာယန္တိ။ (၁၈-၂၀)

၃၄၂-၃၄၄။ [1]ဝေမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ ဒေဝါ စုတာ ဒေဝေသု ပစ္စာဇာယန္တိ။[2]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ယေ ဒေဝါ စုတာ နိရယေ ပစ္စာဇာယန္တိ။တိရစ္ဆာနယောနိယာ ပစ္စာဇာယန္တိ။ ပေတ္တိ-ဝိသယေ ပစ္စာဇာယန္တိ။ (၂၁-၂၃)

၃၄၅-၃၄၇။ [1]ဝေမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ယေ ဒေဝါ စုတာ မနုဿေသု ပစ္စာဇာယန္တိ။[2]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ယေ ဒေဝါ စုတာ နိရယေ ပစ္စာဇာယန္တိ။ တိရစ္ဆာနယောနိယာ ပစ္စာဇာယန္တိ။ ပေတ္တိဝိသယေ ပစ္စာဇာယန္တိ။ (၂၄-၂၆)

---

၃၃၉-၃၄၁။ [1]ရဟန်းတို့ ဤအတူပင်လျှင် လူ့ပြည်မှစုတေ၍ နတ်ပြည်တို့၌ ဖြစ်ကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ [2]စင်စစ်သော်ကားလူ့ပြည်မှစုတေ၍ ငရဲတို့၌ ဖြစ်ကြကုန်သော ။တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော သတ္တဝါတို့သာများကုန်၏။ (၁၈-၂၀)

၃၄၂-၃၄၄။ [1]ရဟန်းတို့ ဤအတူပင်လျှင် နတ်ပြည်မှ စုတေ၍ နတ်ပြည်တို့၌ ဖြစ်ကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ [2]စင်စစ်သော်ကား နတ်ပြည်မှစုတေ၍ ငရဲဘုံ၌ဖြစ်ကြကုန်သော၊ တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော၊ ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၂၁-၂၃)

၃၄၅-၃၄၇။ [1]ရဟန်းတို့ ဤအတူပင်လျှင် နတ်ပြည်မှစုတေ၍ လူ့ပြည်တို့၌ ဖြစ်ကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ [2]စင်စစ်သော်ကား နတ်ပြည်မှစုတေ၍ ငရဲဘုံ၌ဖြစ်ကြကုန်သော။ တိရစ္ဆာန်မျိုး၌ ဖြစ်ကြ ကုန်သော။ ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၂၄-၂၆)

၃၄၇-၃၅၀။ [၁]ဝေမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ နိရယာ စုတာ မနုဿေသု ပစ္စာဇာယန္တိ။ [၂]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ။ ယေ နိရယာ စုတာ နိရယေ ပစ္စာဇာယန္တိ။ တိရစ္ဆာနယောနိယာ ပစ္စာဇာယန္တိ။ ပေတ္တိဝိသယေ ပစ္စာဇာယန္တိ။ (၂၇-၂၉)

၃၅၁-၃၅၃။ [၁]ဝေမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ယေ နိရယာ စုတာ ဒေဝေသု ပစ္စာဇာယန္တိ။ [၂]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ နိရယာ စုတာ နိရယေ ပစ္စာဇာယန္တိ။တိရစ္ဆာနယောနိယာ ပစ္စာဇာယန္တိ။ ပေတ္တိဝိသယေ ပစ္စာဇာယန္တိ။ (၃၀-၃၂)

၃၅၄-၃၅၆။ [၁]ဝေမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ တိရစ္ဆာနယောနိယာ စုတာ မနုဿေသု ပစ္စာဇာယန္တိ။ [၂]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ယေ တိရစ္ဆာနယောနိယာ စုတာ နိရယေ ပစ္စာဇာယန္တိ။ တိရစ္ဆာနယောနိယာ ပစ္စာဇာယန္တိ။ ပေတ္တိဝိသယေ ပစ္စာဇာယန္တိ။ (၃၃-၃၅)

---

၃၄၇-၃၅၀။ [၁]ရဟန်းတို့ ဤအတူပင်လျှင် ငရဲဘုံမှစုတေ၍ လူ့ပြည်တို့၌ ဖြစ်ကြကုန်သောသတ္တဝါတို့သည် နည်းပါးကုန်၏၊ [၂]စင်စစ်သော်ကား ငရဲဘုံမှစုတေ၍ ငရဲဘုံ၌ ဖြစ်ကြကုန်သော။ တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော။ ပြိတ္တာဘုံ၌ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၂၇-၂၉)

၃၅၁-၃၅၃။ [၁]ရဟန်းတို့ ဤအတူပင်လျှင် ငရဲဘုံမှစုတေ၍ နတ်ပြည်တို့၌ ဖြစ်ကြကုန်သော သတ္တဝါတို့သည်နည်းပါးကုန်၏၊ [၂]စင်စစ်သော်ကား ငရဲဘုံမှစုတေ၍ ငရဲဘုံ၌ဖြစ်ကြကုန်သော။တိရစ္ဆာန်မျိုး၌ဖြစ်ကြကုန်သော။ ပြိတ္တာဘုံ၌ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၃၀-၃၂)

၃၅၄-၃၅၆။ [၁]ရဟန်းတို့ ဤအတူပင်လျှင် တိရစ္ဆာန်မျိုးမှ စုတေ၍ လူ့ပြည်တို့၌ဖြစ်ကြကုန်သောသတ္တဝါတို့သည် နည်းပါးကုန်၏၊ [၂]စင်စစ်သော်ကား တိရစ္ဆာန်မျိုးမှစုတေ၍ ငရဲဘုံ၌ ဖြစ်ကြကုန်သော။ တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော။ ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ ၃၃-၃၅)

၃၅၇-၃၅၉။ [1]ဝေမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ တိရစ္ဆာနယောနိယာ စုတာ ဒေဝေသု ပစ္စာဇာယန္တိ။ [2]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ တိရစ္ဆာနယောနိယာ စုတာ နိရယေ ပစ္စာဇာယန္တိ။ တိရစ္ဆာနယောနိယာ ပစ္စာဇာယန္တိ။ ပေတ္တိဝိသယေ ပစ္စာဇာယန္တိ။ (၃၆-၃၈)

၃၆၀-၃၆၂။ [1]ဝေမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ ပေတ္တိဝိသယာ စုတာ မနုဿေသု ပစ္စာဇာယန္တိ။ [2]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ ပေတ္တိဝိသယာ စုတာ နိရယေ ပစ္စာဇာယန္တိ။ တိရစ္ဆာနယောနိယာ ပစ္စာဇာယန္တိ။ ပေတ္တိဝိသယေ ပစ္စာဇာယန္တိ။ (၃၉-၄၁)

၃၆၃-၃၆၅။ [1]ဝေမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ ပေတ္တိဝိသယာ စုတာ ဒေဝေသု ပစ္စာဇာယန္တိ။ [2]အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ

---

၃၅၇-၃၅၉။ [1] ရဟန်းတို့ ဤအတူပင်လျှင် တိရစ္ဆာန်မျိုးမှ စုတေ၍ နတ်ပြည်တို့၌ဖြစ်ကြကုန်သော သတ္တဝါတို့သည်နည်းပါးကုန်၏၊ [2] စင်စစ်သော်ကား တိရစ္ဆာန်မျိုးမှစုတေ၍ ငရဲဘုံ၌ ဖြစ်ကြကုန်သော။ တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော။ ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၃၆-၃၈)

၃၆၀-၃၆၂။ [1]ရဟန်းတို့ ဤအတူပင်လျှင် ပြိတ္တာဘုံမှစုတေ၍ လူ့ပြည်တို့၌ ဖြစ်ကြကုန်သောသတ္တဝါတို့သည်နည်းပါးကုန်၏၊ [2] စင်စစ်သော်ကား ပြိတ္တာဘုံမှ စုတေ၍ ငရဲဘုံ၌ ဖြစ်ကြကုန်သော။ တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော။ ပြိတ္တာဘုံ၌ဖြစ်ကြကုန်သောသတ္တဝါတို့သာ များကုန်၏။ (၃၉-၄၁)

၃၆၃-၃၆၅။ [1] ရဟန်းတို့ ဤအတူပင်လျှင် ပြိတ္တာဘုံမှစုတေ၍နတ်ပြည်တို့၌ ဖြစ်ကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ [2] စင်စစ်သော်ကား ပြိတ္တာဘုံမှစုတေ၍ ငရဲဘုံ၌ ဖြစ်ကြကုန်သော။ တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော။

ပေတ္တိဝိသယာ စုတာ နိရယေ ပစ္စာဇာယန္တိ။ တိရစ္ဆာနယောနိယာ ပစ္စာဇာယန္တိ။ ပေတ္တိဝိသယေ ပစ္စာဇာယန္တိ။ (၄၂-၄၄)

ဝဂ္ဂေါ စတုတ္ထော။ (ဇမ္ဗုဒီပပေယျာလော နိဋ္ဌိတော)

---

## ၁၇-ပသာဒကရဓမ္မဝဂ္ဂ

၃၆၆-၃၈၁။ [၁]အဂ္ဂမိဒံ ဘိက္ခဝေ လာဘာနံ ယဒိဒံ အာရညိကတ္တံ။ပ။ [၂]ပိဏ္ဍပါတိကတ္တံ။ [၃]ပံသုကူလိကတ္တံ၊ [၄]တေစီဝရိကတ္တံ။ [၅]ဓမ္မကထိကတ္တံ။ [၆]ဝိနယဓရတ္တံ။ ဗာဟုသစ္စံ [၇]ထာဝရေယျံ။ အာကပ္ပသမ္ပဒါ။ [၉]ပရိဝါရသမ္ပဒါ။ မဟာပရိဝါ[၁]ရတာ။

ဖြိုဋ္ဌာဘိုဋ္ဌ ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏ ဟု (မိန့်တော်မူ၏)။ (၄၂-၄၄)

ဂတုတ္ထဝဂ် ပြီး၏။

(ဇမ္ဗုဒီပ ပေယျာလ ပြီး၏။)

---

၃၆၆-၃၈၁။ [၁]ရဟန်းတို့ တောင်၌နေသော ရဟန်း၏ အဖြစ်သည်လာဘ် ရခြင်းတို့၏ မုချအကြောင်းဖြစ်၏။ပ။ [၂]ပိဏ္ဍပါတ်စုတင် ဆောက်တည်သော ရဟန်း၏ အဖြစ်သည်။ ပံသုကူ သင်္ကန်းကို[၃]ဆောင်သောရဟန်း၏ အဖြစ်သည်။ တိစီဝရိက်သင်္ကန်းကိုဆောင်သောရဟန်း၏ အဖြစ်သည်။ [၅]တရားဟောသော ရဟန်း၏အဖြစ်သည်။ ဝိနည်းကို ဆောင်သော ရဟန်း၏ အဖြစ်သည်၊ အကြား အမြင် များသော ရဟန်း၏အဖြစ်သည်။ [၇](သိက္ခာဝါရင့်၍) ထာဝရတည်မြဲခြင်းသို့ရောက်သော ရဟန်း၏အဖြစ်သည်။(ရဟန်းတို့၏) ကြည်ညိုဖွယ်အသွင်အပြင်နှင့် ပြည့်စုံသော ရဟန်း၏ အဖြစ်သည်၊ [၉]စင်ကြယ်သော အခြံအရံနှင့် ပြည့်စုံသော ရဟန်း၏အဖြစ်သည်။ များမြတ်သော အခြံအရံနှင့် ပြည့်စုံသော ရဟန်း၏ အဖြစ်သည်။ [၆]အမျိုးကောင်းသား ရဟန်း၏ အဖြစ်သည်။ ကိုယ်အဆင်းနှင့် ပြည့်စုံသော ရဟန်း၏ အဖြစ်သည်။ ချိုသာသော စကားရှိသော ရဟန်း၏အဖြစ်သည်၊[၇]အလိုနည်းသောရဟန်း၏အဖြစ်သည်။ ကျန်းမာခြင်းနှင့်

[6]ကောလပုတ္တိ။ ဝဏ္ဏပေါက္ခရတာ။ ကလျာဏဝါက္ကရဏတာ။ [7]အပ္ပိစ္ဆတာ။ အပ္ပါဗာဓတာတိ။ (၁-၁၆)

(သောဠသ ပသာဒကရဓမ္မာ နိဋ္ဌိတာ။)

---

## ၁၈-အပရအစ္ဆရာသင်္ဃာတဝဂ္ဂ

၃၈၂။ [1]အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု ပဌမံ ဈာနံ ဘာဝေတိ၊ [2]အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထုသာသနကရော ဩဝါဒပတိကရော၊ အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ [3]ကော ပန ဝါဒေါ ယေ နံ ဗဟုလီကရောန္တီတိ။ (၁)

၃၈၃-၃၈၉။ [1]အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု ဒုတိယံ ဈာနံ ဘာဝေတိ။ ပ။ တတိယံ ဈာနံ ဘာဝေတိ။ ပ။ စတုတ္ထံ ဈာနံ ဘာဝေတိ။ ပ။ [2]မေတ္တံ စေတော-

---

ပြည့်စုံသော ရဟန်း၏အဖြစ်သည် လာဘ်ရခြင်းတို့၏ မုချအကြောင်းဖြစ်၏ဟု (မိန့်တော်မူ၏)။ (၁-၁၆)

ကြည်ညိုခြင်းကို ပြုတတ်သောတရားများ ပြီး၏။

---

၃၈၂။ [1]ရဟန်းတို့ ရဟန်းသည် လက်ဖျစ်တတီးကာလမျှလည်း အကယ်၍ ပဌမဈာန်ကို ပွါးများငြားအံ့၊ [2]ရဟန်းတို့ ဤရဟန်းကို ဈာန်မှဆိတ်သုဉ်းခြင်း မရှိမူ၍ နေသောရဟန်းဟူ၍၎င်း မြတ်စွာဘုရား၏ သွန်သင်မှုကို လိုက်နာ၍ နေသော ရဟန်းဟူ၍၎င်း မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာ၍နေသော ရဟန်းဟူ၍၎င်း ပြည်သူတို့ဆွမ်းကို အချည်းနှီး မဖြစ်စေမူ၍၊ စားသုံးသော ရဟန်းဟူ၍၎င်း ဆိုထိုက်၏၊ [3]ထိုဈာန်ကို အဖန်ဖန် အလေ့အလာပြုကုန်သော ရဟန်းတို့၌ကား အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း ဟု (မိန့်တော်မူ၏)။ (၁)

၃၈၃-၃၈၉။ [1]ရဟန်းတို့ ရဟန်းသည် လက်ဖျစ်တတီး ကာလမျှလည်း ဒုတိယဈာန်ကို ပွါးများငြားအံ့။ ပ။ တတိယဈာန်ကို ပွါးများငြားအံ့။ ပ။ စတုတ္ထဈာန်ကို ပွါးများငြားအံ့။ ပ။ [2]ပျက်စီးစေလိုခြင်း 'ဗျာပါဒ'မှ စိတ်၏

ဝိမုတ္တိံ ဘာဝေတိ။ ပ။ [၃]ကရုဏံ စေတောဝိမုတ္တိံ ဘာဝေတိ ။ပ။ [၄]မုဒိတံ စေတောဝိမုတ္တိံ ဘာဝေတိ။ပ။ [၅]ဥပေက္ခံ စေတော-ဝိမုတ္တိံ ဘာဝေတိ။ ပ။ (၂-၈)

၃၉၀-၃၉၃။ [၁]ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။ ပ။ [၂]ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။ [၃]စိတ္တေ စိတ္တာနုပဿီ ဝိရဟတိ။ [၄]ဓမ္မေသု ဓမ္မာ-နုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။ (၉-၁၂)

၃၉၄-၃၉၇။ [၁]အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ [၂]ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ ဝါယမတိ၊

---

လွတ်မြောက်ကြောင်းဖြစ်သော စေတောဝိမုတ္တိမေတ္တာကို ပွါးများဪအံ့ ပ။ [၃] ညှဉ်းဆဲလိုခြင်း'ဝိဟိံသ'မှ စိတ်၏လွတ်မြောက်ကြောင်းဖြစ်သော စေတောဝိမုတ္တိကရုဏာကိုပွါးများဪအံ့။ပ။[၄] မငွေ့လျော်ခြင်း 'အရတိ' မှ စိတ်၏ လွတ်မြောက်ကြောင်း ဖြစ်သော စေတောဝိမုတ္တိမုဒိတာကို ပွါးများဪအံ့။ပ။ [၅] တပ်မက်ခြင်း'ရာဂ'မှ စိတ်၏လွတ်မြောက်ကြောင်းဖြစ်သော စေတောဝိမုတ္တိ ဥပေက္ခာကို ပွါးများဪအံ့။ပ။ (၂-၈)

၃၉၀-၃၉၃။ [၁] ပြင်းစွာအားထုတ်အပ်သောလုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု'သတိရှိလျက် လောက၌ အဘိဇ္ဈာ ဒေါမနဿတို့ကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အဖန်ဖန်ရှုလျက် နေဪအံ့။ပ။ [၂] ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန်ရှုလျက် နေဪအံ့။ပ။ [၃] စိတ်၌စိတ်ဟု အဖန်ဖန်ရှုလျက်နေဪအံ့။ပ။ [၄] ပြင်းစွာအားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိလျက် လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍၊ သဘောတရားတို့၌ သဘောတရားတို့ကို အဖန်ဖန်ရှုလျက် နေဪအံ့။ (၉-၁၂)

၃၉၄-၃၉၇။ [၁] မဖြစ်ပေါ်သေးသော ယုတ်ညံ့သောအကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ပြုလိုသောဆန္ဒကိုဖြစ်စေဪအံ့၊လုံ့လပြုဪအံ့၊ဝီရိယကို

ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ [၃]အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ [၄]ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ အသမ္မောသာယ ဘိယျောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ ဆန္ဒံ ဇနေတိ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ (၁၃-၁၆)

၃၉၇-၄၀၁။ [၁]ဆန္ဒသမာဓိပဓာနသင်္ခါရသမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ။ [၂]ဝီရိယသမာဓိပဓာနသင်္ခါရသမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ။ [၃]စိတ္တသမာဓိပဓာနသင်္ခါရသမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ။[၄]ဝီမံသာသမာဓိပဓာနသင်္ခါရသမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ။ (၁၇-၂၀)

---

အားထုတ်ခြင်းအံ့၊စိတ်ကို မြှင့်တင်ခြင်းအံ့၊အားစိုက်ခြင်းအံ့၊[၂] ဖြစ်ပေါ်ပြီးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်ဖျောက်ရန် ပြုလိုသောဆန္ဒကို ဖြစ်စေခြင်းအံ့၊ လုံ့လပြုခြင်းအံ့၊ ဝီရိယကို အားထုတ်ခြင်းအံ့၊ စိတ်ကိုမြှင့်တင်ခြင်းအံ့၊ အားစိုက်ခြင်းအံ့။ [၃] မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့ကိုဖြစ်ပေါ်စေရန်ပြုလိုသောဆန္ဒကို ဖြစ်စေခြင်းအံ့၊ လုံ့လပြုခြင်းအံ့၊ ဝီရိယကို အားထုတ်ခြင်းအံ့၊စိတ်ကိုမြှင့်တင်ခြင်းအံ့၊ အားစိုက်ခြင်းအံ့။ [၄] ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့ကို တည်တံ့စေရန် မပျောက်ပျက်စေရန် အဖန်ဖန်ဖြစ်စေရန်ပြန့်ပြောစွာဖြစ်စေရန် ပွါးများစေရန် ပြည့်စုံစေရန် ပြုလိုသောဆန္ဒကို ဖြစ်စေခြင်းအံ့၊ လုံ့လပြုခြင်းအံ့၊ ဝီရိယကို အားထုတ်ခြင်းအံ့၊ စိတ်ကိုမြှင့်တင်ခြင်းအံ့၊အားစိုက်ခြင်းအံ့၊ (၁၃-၁၆)

၃၉၇-၄၀၁။ [၁] ဆန္ဒကို မှီ၍ ဖြစ်သော သမာဓိနှင့်ရင်း သမ္ပပ္ပဓာန် ဝီရိယနှင့်ရင်း ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများခြင်းအံ့။ [၂] ဝီရိယကို မှီ၍ ဖြစ်သောသမာဓိနှင့်ရင်း သမ္မပ္ပဓာန် ဝီရိယနှင့်ရင်း ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများခြင်းအံ့။ [၃] စိတ်ကိုမှီ၍ဖြစ်သောသမာဓိနှင့်ရင်း သမ္မပ္ပဓာန် ဝီရိယနှင့်ရင်း ပြည့်စုံသောဣဒ္ဓိပါဒ်ကို ပွါးများအံ့၊ [၄] ပညာကို မှီ၍ဖြစ်သော သမာဓိနှင့်ရင်း သမ္မပ္ပဓာန်ဝီရိယနှင့်ရင်း ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများခြင်းအံ့။ (၁၇-၂၀)

၄၀၂-၄၀၆။ သဒ္ဓိန္ဒြိယံ ဘာဝေတိ။ ဝီရိယိန္ဒြိယံ ဘာဝေတိ။ သတိန္ဒြိယံ ဘာဝေတိ။ သမာဓိန္ဒြိယံ ဘာဝေတိ။ ပညိန္ဒြိယံ ဘာဝေတိ။ (၂၁-၂၅)

၄၀၇-၄၁၁။ သဒ္ဓါဗလံ ဘာဝေတိ။ ဝီရိယဗလံ ဘာဝေတိ။ သတိဗလံ ဘာဝေတိ။ သမာဓိဗလံ ဘာဝေတိ။ ပညာဗလံ ဘာဝေတိ။ (၂၆-၃၀)

၄၁၂-၄၁၈။ သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ။ ဝီရိယသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ။ ပီတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ။ သမာဓိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ။ (၃၁-၃၇)

၄၁၉-၄၂၆။ သမ္မာဒိဋ္ဌိံ ဘာဝေတိ။ သမ္မာသင်္ကပ္ပံ ဘာဝေတိ။ သမ္မာဝါစံ ဘာဝေတိ။ သမ္မာကမ္မန္တံ ဘာဝေတိ။ သမ္မာအာဇီဝံ ဘာဝေတိ။ သမ္မာဝါယာမံ ဘာဝေတိ။ သမ္မာသတိံ ဘာဝေတိ။ သမ္မာသမာဓိံ ဘာဝေတိ။ (၃၈-၄၅)

---

၄၀၂-၄၀၆။ သဒ္ဓိန္ဒြေကို ပွါးများဖြစ်စေအံ့။ ဝီရိယိန္ဒြေကို ပွါးများဖြစ်စေအံ့။ သတိန္ဒြေကို ပွါးများဖြစ်စေအံ့။ သမာဓိန္ဒြေကို ပွါးများဖြစ်စေအံ့။ ပညိန္ဒြေကို ပွါးများဖြစ်စေအံ့။ (၂၁-၂၅)

၄၀၇-၄၁၁။ သဒ္ဓါဗိုလ်ကို ပွါးများဖြစ်စေအံ့။ ဝီရိယဗိုလ်ကို ပွါးများဖြစ်စေအံ့။ သတိဗိုလ်ကို ပွါးများဖြစ်စေအံ့။ သမာဓိဗိုလ်ကို ပွါးများဖြစ်စေအံ့။ ပညာဗိုလ်ကို ပွါးများဖြစ်စေအံ့။ (၂၆-၃၀)

၄၁၂-၄၁၈။ သတိသမ္ဗောဇ္ဈင်ကို ပွါးများဖြစ်စေအံ့။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများဖြစ်စေအံ့။ ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများဖြစ်စေအံ့။ ပီတိသမ္ဗောဇ္ဈင်ကို ပွါးများဖြစ်စေအံ့။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများဖြစ်စေအံ့။ သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများဖြစ်စေအံ့။ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများဖြစ်စေအံ့။ (၃၁-၃၇)

၄၁၉-၄၂၆။ သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပွါးများဖြစ်စေအံ့။ သမ္မာသင်္ကပ္ပမဂ္ဂင်ကို ပွါးများဖြစ်စေအံ့။ သမ္မာဝါစာမဂ္ဂင်ကို ပွါးများဖြစ်စေအံ့။ သမ္မာကမ္မန္တမဂ္ဂင်ကို ပွါးများဖြစ်စေအံ့။ သမ္မာအာဇီဝမဂ္ဂင်ကို ပွါးများဖြစ်စေအံ့။ သမ္မာဝါယာမမဂ္ဂင်ကို ပွါးများဖြစ်စေအံ့။ သမ္မာသတိမဂ္ဂင်ကို ပွါးများဖြစ်စေအံ့။ သမ္မာသမာဓိမဂ္ဂင်ကို ပွါးများဖြစ်စေအံ့။ (၃၈-၄၅)

၄၂၇-၄၃၄။ [၁]အဇ္ဈတ္တံ ရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ ပရိတ္တာနိ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ၊ တာနိ အဘိဘုယျ ‘‘ဇာနာမိ ပဿာမီ’’တိ ဧဝံသညီ ဟောတိ။ [၂]အဇ္ဈတ္တံ ရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ အပ္ပမာဏာနိ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ၊ တာနိ အဘိဘုယျ ‘‘ဇာနာမိ ပဿာမီ’’တိ ဧဝံသညီ ဟောတိ။ [၃]အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ ပရိတ္တာနိ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ၊ တာနိ အဘိဘုယျ ‘‘ဇာနာမိ ပဿာမီ’’တိ ဧဝံသညီ ဟောတိ။ [၄]အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ အပ္ပမာဏာနိ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ၊ တာနိ အဘိဘုယျ ‘‘ဇာနာမိ ပဿာမီ’’တိ ဧဝံသညီ ဟောတိ။ [၅]အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ နီလာနိ နီလဝဏ္ဏာနိ နီလနိဒဿနာနိ နီလနိဘာသာနိ၊ တာနိ အဘိဘုယျ

---

၄၂၇-၄၃၃။ [၁] မိမိသန္တာန်၌ဖြစ်ကုန်သော ရုပ်တို့ကို ရှုမှတ်ခြင်းသညာရှိသည်ဖြစ်၍ အပသန္တာန်၌ဖြစ်ကုန်သော သေးငယ်ကုန်သော ကောင်းသောအဆင်း မကောင်းသောအဆင်းဟု ဆိုအပ်သော ရုပ်တို့ကိုရှုငြားအံ့။ ထိုရုပ်တို့ကို လွှမ်းမိုး၍‘‘သိအံ့ မြင်အံ့’’ဟု အကယ်၍ အမှတ်သညာ ရှိသည်ဖြစ်ငြားအံ့။ [၂] မိမိသန္တာန်၌ ဖြစ်ကုန်သော ရုပ်တို့ကို ရှုမှတ်ခြင်း သညာရှိသည်ဖြစ်၍ အပသန္တာန်၌ဖြစ်ကုန်သော အတိုင်းအရှည်မရှိ ကြီးမားကုန်သော ကောင်းသောအဆင်းမကောင်းသောအဆင်း ဟု ဆိုအပ်ကုန်သော ရုပ်တို့ကိုရှုငြားအံ့၊ ထိုရုပ်တို့ကိုလွှမ်းမိုး၍‘‘သိအံ့ မြင်အံ့ဟု အကယ်၍ အမှတ်သညာ ရှိသည်ဖြစ်ငြားအံ့။ [၃] မိမိသန္တာန်၌ ဖြစ်ကုန်သော ရုပ်တို့ကို ရှုမှတ်ခြင်းသညာမရှိသည်ဖြစ်၍ အပသန္တာန်၌ ဖြစ်ကုန်သော သေးငယ်သော ကောင်းသောအဆင်း မကောင်းသောအဆင်းဟုဆိုအပ်ကုန်သောရုပ်တို့ကိုရှုငြားအံ့၊ ထိုရုပ်တို့ကိုလွှမ်းမိုး၍‘‘သိအံ့ မြင်အံ့’’ဟု အကယ်၍ အမှတ်သညာ ရှိသည်ဖြစ်ငြားအံ့။ [၄]မိမိသန္တာန်၌ဖြစ်ကုန်သောရုပ်တို့ကို ရှုမှတ်ခြင်းသညာမရှိသည်ဖြစ်၍ အပသန္တာန်၌ဖြစ်ကုန်သော အတိုင်း အရှည် မရှိ ကြီးမားကုန်သော ကောင်းသောအဆင်း မကောင်းသောအဆင်း ဟု ဆိုအပ်ကုန်သော ကသိုဏ်း ရုပ်တို့ကို ရှုငြားအံ့၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ ‘‘သိအံ့ မြင်အံ့ဟု အကယ်၍ အမှတ်သညာရှိသည်ဖြစ်ငြားအံ့။ [၅] မိမိသန္တာန်၌ ဖြစ်ကုန်သော ရုပ်တို့ကို ရှုမှတ်ခြင်း သညာမရှိသည်ဖြစ်၍ အပသန္တာန်၌ ဖြစ်ကုန်သော ညိုကုန်သော ညိုသော

"ဇာနာမိ ပဿာမိ"တိ ဝေဒိသည် ဟောတိ။ [၆]အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ ပီတာနိ ပီတဝဏ္ဏာနိ ပီတနိဒဿနာနိ ပီတနိဘာသာနိ၊ တာနိ အဘိဘုယျ "ဇာနာမိ ပဿာမိ"တိ ဝေဒိသည် ဟောတိ။ [၇]အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ လောဟိတကာနိ လောဟိတကဝဏ္ဏာနိ လောဟိတကနိဒဿနာနိ လောဟိတကနိဘာသာနိ၊တာနိ အဘိဘုယျ"ဇာနာ မိ ပဿာမိ"တိ ဝေဒိသည် ဟောတိ။ [၈]အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ ဩဒါတာနိ ဩဒါတဝဏ္ဏာနိ ဩဒါတနိဒဿနာနိ ဩဒါတနိဘာသာနိ၊ တာနိ အဘိဘုယျ "ဇာနာမိ ပဿာမိ"တိ ဝေဒိသည် ဟောတိ။ (၄၆-၅၃)

၄၃၅-၄၄၂။ [၁]ရူပီ ရူပါနိ ပဿတိ။ [၂]အဇ္ဈတ္တံ အရူပသညီ

---

အဆင်းရှိကုန်သော တခဲနက်ညိုကုန်သော အညိုရောင်ရှိကုန်သော ရုပ်တို့ကို ရှုပြီးအံ့၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ "သိအံ့မြင်အံ့ဟု အကယ်၍ အမှတ်သညာ ရှိသည်ဖြစ်ငြားအံ့၊ [၆]မိမိသန္တာန်၌ ဖြစ်ကုန်သော ရုပ်တို့ကို ရှုမှတ်ခြင်းသညာ မရှိသည်ဖြစ်၍ အပသန္တာန်၌ ဖြစ်ကုန်သော ဝါရွှေကုန်သော ဝါရွှေသော အဆင်းရှိကုန်သော တခဲနက်ဝါရွှေကုန်သော ဝါရွှေသောအရောင် ရှိကုန်သောရုပ်တို့ကို ရှုငြားအံ့၊ ထိုရုပ်တို့ကိုလွှမ်းမိုး၍ "သိအံ့ မြင်အံ့"ဟု အကယ်၍ အမှတ်သညာရှိသည်ဖြစ်ငြားအံ့။ [၇]မိမိသန္တာန်၌ ဖြစ်ကုန်သောရုပ်တို့ကို ရှုမှတ်ခြင်းသညာမရှိသည်ဖြစ်၍ အပသန္တာန်၌ဖြစ်ကုန်သော နီကုန်သော နီသော အဆင်းရှိကုန်သော တခဲနက်နီကုန်သော အနီရောင်ရှိကုန်သောရုပ်တို့ကိုရှုငြားအံ့၊ထိုရုပ်တို့ကိုလွှမ်းမိုး၍ "သိအံ့မြင်အံ့"ဟု အကယ်၍ အမှတ်သညာရှိသည် ဖြစ်ငြားအံ့။ [၈]မိမိသန္တာန်၌ ဖြစ်ကုန်သော ရုပ်တို့ကို ရှုမှတ်ခြင်းသညာမရှိသည်ဖြစ်၍ အပသန္တာန်၌ ဖြစ်ကုန်သော ဖြူကုန်သော ဖြူသောအဆင်းရှိကုန်သော တခဲနက်ဖြူကုန်သော အဖြူရောင်ရှိကုန်သောရုပ်တို့ကို ရှုငြားအံ့၊ထိုရုပ်တို့ကိုလွှမ်းမိုး၍ "သိအံ့မြင်အံ့"ဟု အကယ်၍ အမှတ်သညာ ရှိသည်ဖြစ်ငြားအံ့။ (၄၆-၅၃)

၄၃၅-၄၄၂။ [၁]ရုပ်ဈာန်ရှိသော ပုဂ္ဂိုလ်သည် ရုပ်တို့ကို ရှုငြားအံ့။ [၂]အဇ္ဈတ္တသန္တာန်၌ ဖြစ်ကုန်သော ရုပ်တို့ကို ရှုမှတ်ခြင်းသညာ မရှိမူ၍ အပ

ဗဟိဒ္ဓါ ရူပါနိ ပဿတိ။ [၃]''သုဘ''န္တေဝ အဓိမုတ္တော ဟောတိ။ [၄]သဗ္ဗသော ရူပသညာနံ သမတိက္ကမာ ပဋိဃသညာနံ အတ္ထင်္ဂမာ နာနတ္တသညာနံ အမနသိကာရာ ''အနန္တော အာကာသော''တိ အာကာသာနဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ [၅]သဗ္ဗသော အာကာသာနဉ္စာယတနံ သမတိက္ကမ္မ ''အနန္တံ ဝိညာဏ''န္တိ ဝိညာဏဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ [၆]သဗ္ဗသော ဝိညာဏဉ္စာယတနံ သမတိက္ကမ္မ ''နတ္ထိ ကိဉ္စိ''တိ အာကိဉ္စညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ [၇]သဗ္ဗသော အာကိဉ္စညာယတနံ သမတိက္ကမ္မ နေဝသညာနာသညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ [၈]သဗ္ဗသော နေဝသညာနာသညာယတနံ သမတိက္ကမ္မ သညာဝေဒယိတနိရောဓံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ (၅၄-၆၁)

---

သန္တာန်၌ ဖြစ်ကုန်သော ရုပ်တို့ကိုရှုငြားအံ့။ [၃]''တင့်တယ်၏'' ဟူ၍သာလျှင် နှလုံးသွင်းငြားအံ့။ [၄]ရူပါဝစရဈာန်နှင့် စပ်လျဉ်းသော ရှုမှတ်ခြင်းရူပသညာတို့ကို အလုံးစုံသော အခြင်းအရာဖြင့်လွန်မြောက်ခြင်းကြောင့် ဝတ္ထုအာရုံတို့၏ ထိခိုက်ခြင်းကြောင့်ဖြစ်သော ပဋိဃသညာတို့၏ ချုပ်ခြင်းကြောင့် အမျိုးမျိုးသောအာရုံ၌ ဖြစ်သော အမှတ်အသားတို့ကို နှလုံးမသွင်းခြင်းကြောင့် ''ကောင်းကင် ပညတ်သည် အဆုံးအပိုင်အခြား မရှိ''ဟု စီးဖြန်းပြီးလျှင် အာကာသာနဉ္စာယတနဈာန်သို့ရောက်၍နေငြားအံ့။ [၅]အာကာသာနဉ္စာယတနဈာန်ကိုလွန်မြောက်၍ ''ပဌမာရုပ္ပဝိညာဏ်သည် အပိုင်းအခြားမရှိ''ဟု စီးဖြန်းပြီးလျှင် ဝိညာဏဉ္စာယတနဈာန်သို့ ရောက်၍ နေငြားအံ့။ [၆]ဝိညာဏဉ္စာယတနဈာန်ကို အလုံးစုံသော အခြင်းအရာဖြင့် လွန်မြောက်၍ ''ပဌမာရုပ္ပဝိညာဏ်သည် တစုံတရာမျှမရှိ''ဟုစီးဖြန်းပြီးလျှင် အာကိဉ္စညာယတနဈာန်သို့ ရောက်၍နေငြားအံ့။ [၇]အာကိဉ္စညာယတနဈာန်ကို အလုံးစုံသော အခြင်းအရာဖြင့် လွန်မြောက်၍ နေဝသညာနာသညာယတနဈာန်သို့ ရောက်၍ နေငြားအံ့။ [၈]နေဝသညာနာသညာယတနဈာန်ကို အလုံးစုံသော အခြင်းအရာဖြင့် လွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ခြင်းဟု ဆိုအပ်သော နိရောဓသမာပတ်သို့ ရောက်၍နေငြားအံ့။ (၅၄-၆၁)

၄၄၃-၄၅၂။ ပထဝီကသိဏံ ဘာဝေတိ။ အာပေါကသိဏံ ဘာဝေတိ။ တေဇောကသိဏံ ဘာဝေတိ။ ဝါယောကသိဏံ ဘာဝေတိ။ နီလကသိဏံ ဘာဝေတိ။ ပီတကသိဏံ ဘာဝေတိ။ လောဟိတကသိဏံ ဘာဝေတိ။ ဩဒါတကသိဏံ ဘာဝေတိ။ အာကာသကသိဏံ ဘာဝေတိ။ ဝိညာဏကသိဏံ ဘာဝေတိ။ (၆၂-၇၁)

၄၅၃-၄၆၂။ [၁]အသုဘသညံ ဘာဝေတိ။ [၂]မရဏသညံ ဘာဝေတိ။ [၃]အာဟာရေ ပဋိကူလသညံ ဘာဝေတိ။ [၄]သဗ္ဗလောကေ အနဘိရတိသညံ ဘာဝေတိ။ [၅]အနိစ္စသညံ ဘာဝေတိ။ [၆]အနိစ္စေ ဒုက္ခသညံ ဘာဝေတိ။ [၇]ဒုက္ခေ အနတ္တသညံ ဘာဝေတိ။ [၈]ပဟာနသညံ ဘာဝေတိ။ [၉]ဝိရာဂသညံ ဘာဝေတိ။ [၁၀]နိရောဓသညံ ဘာဝေတိ။ (၇၂-၈၁)

---

၄၄၃-၄၅၂။ ပထဝီ ကသိုဏ်းလျှင် အာရုံရှိသောဈာန်ကို ပွါးများငြားအံ့။ အာပေါ။ တေဇော။ ဝါယော။ နီလ။ ပီတ။ လောဟိတ။ ဩဒါတ။ အာကာသ။ ဝိညာဏကသိုဏ်းလျှင် အာရုံရှိသောဈာန်ကို ပွါးများငြားအံ့။ (၆၂-၇၁)

၄၅၃-၄၆၂။ [၁]မတင့်တယ်သော အာရုံ၌ဖြစ်သော အသုဘသညာကို ပွါးများငြားအံ့။ [၂]သေခြင်းကို အာရုံပြု၍ဖြစ်သော မရဏသညာကို ပွါးများငြားအံ့။ [၃]အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟု ဆင်ခြင်သော အာဟာရေပဋိကူလသညာကို ပွါးများငြားအံ့။ [၄]လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု ရှုမှတ်သော သဗ္ဗလောကေ အနဘိရတိသညာကို ပွါးများငြားအံ့။ [၅]ခန္ဓာငါးပါးတို့၌ အမြဲမရှိဟု ရှုမှတ်သောအနိစ္စသညာကို ပွါးများငြားအံ့။ [၆]အမြဲမရှိသော ခန္ဓာငါးပါး၌ဆင်းရဲ၏ဟု ရှုမှတ်သော ဒုက္ခသညာကို ပွါးများငြားအံ့။ [၇]ဆင်းရဲသော ခန္ဓာငါးပါး၌ အလိုသို့လိုက်သော အတ္တမဟုတ်ဟု ရှုမှတ်သော အနတ္တသညာကို ပွါးများငြားအံ့။ [၈]ကိလေသာပယ်ခြင်းကို အာရုံပြု၍ဖြစ်သော ပဟာနသညာကို ပွါးများငြားအံ့။ [၉]ရာဂကင်းခြင်းကို အာရုံပြု၍ဖြစ်သော ဝိရာဂသညာကိုပွါးများငြားအံ့၊ [၁၀]သင်္ခါရတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော နိရောဓသညာကို ပွါးများငြားအံ့။ (၇၂-၈၀)

၄၆၃-၄၇၂။ [၁]အနိစ္စသညံ ဘာဝေတိ။ [၂]အနတ္တ သညံ ဘာဝေတိ။ [၃]မရဏသညံ ဘာဝေတိ။ [၄]အာဟာရေ ပဋိကူလသညံ ဘာဝေတိ။ [၅]သဗ္ဗလောကေ အနဘိရတိသညံ ဘာဝေတိ။ [၆]အဋ္ဌိကသညံ ဘာဝေတိ။ [၇]ပုဠဝကသညံ ဘာဝေတိ။ [၈]ဝိနီလကသညံ ဘာဝေတိ။ [၉]ဝိစ္ဆိဒ္ဒကသညံ ဘာဝေတိ။ [၁၀]ဥဒ္ဓုမာတကသညံ ဘာဝေတိ။ (၈၂-၉၁)

၄၇၃-၄၈၂။ [၁]ဗုဒ္ဓါနုဿတိံ ဘာဝေတိ။ [၂]ဓမ္မာနုဿတိံ ဘာဝေတိ။ [၃]သံဃာနုဿတိံ ဘာဝေတိ။ [၄]သီလာနုဿတိံ ဘာဝေတိ။ [၅]စာဂါနုဿတိံ ဘာဝေတိ။ [၆]ဒေဝတာနုဿတိံ

---

၄၆၃-၄၇၂။ [၁]ခန္ဓာငါးပါးတို့၌ အမြဲမရှိဟု ရှုမှတ်သော အနိစ္စသညာကို ပွါးများငြားအံ့။ [၂]ခန္ဓာငါးပါးတို့၌ အလိုမလိုက်ဟု ရှုမှတ်သော အနတ္တသညာကို ပွါးများငြားအံ့။ [၃]သေခြင်းကို အာရုံပြု၍ဖြစ်သော မရဏသညာကို ပွါးများငြားအံ့။ [၄]အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟု ဆင်ခြင်သော အာဟာရေပဋိကူလသညာကို ပွါးများငြားအံ့။ [၅]လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု ရှုမှတ်သော သဗ္ဗလောကေ အနဘိရတိသညာကို ပွါးများငြားအံ့။ [၆]အရိုးစုကို အာရုံပြု၍ ဖြစ်သော အဋ္ဌိကသညာကို ပွါးများငြားအံ့။ [၇]ပိုးလောက်ဖြင့် ပြည့်သည်ဖြစ်၍ စက်ဆုပ်ရွံရှာဖွယ်ကို အာရုံပြု၍ ဖြစ်သော ပုဠဝကသညာကို ပွါးများငြားအံ့။ [၈]အဖြူအနီစသည် ရောလျက် များသော အားဖြင့် ညိုသောအဆင်း ရှိသည်ဖြစ်၍ စက်ဆုပ်ရွံရှာဖွယ်ကို အာရုံပြု၍ ဖြစ်သော ဝိနီလကသညာကို ပွါးများငြားအံ့။ [၉]အလယ်၌ နှစ်ပိုင်းပြတ်လျက် စက်ဆုပ်ရွံရှာဖွယ်ကို အာရုံပြု၍ဖြစ်သော ဝိစ္ဆိဒ္ဒကသညာကို ပွါးများငြားအံ့။ [၁၀]သေသည်မှအထက် နောက်ကာလ၌ လေဖြင့်ပြည့်သော သားရေအိတ်ကဲ့သို့ ဖူးဖူးရောင်၍ စက်ဆုပ်ရွံရှာဖွယ်ကို အာရုံပြု၍ ဖြစ်သော ဥဒ္ဓုမာတကသညာကို ပွါးများငြားအံ့။ (၈၂-၉၁)

၄၇၃-၄၈၂။ [၁]ဘုရားဂုဏ်တော်ကို အာရုံပြု၍ အဖန်တလဲလဲ အောက်မေ့ခြင်း ဗုဒ္ဓါနုဿတိကို ပွါးများငြားအံ့။ [၂]တရားဂုဏ်တော်ကို အာရုံပြု၍ အဖန်တလဲလဲ အောက်မေ့ခြင်း ဓမ္မာနုဿတိကိုပွါးများငြားအံ့။ [၃]သံဃာဂုဏ်တော်ကို အာရုံပြု၍ အဖန်တလဲလဲအောက်မေ့ခြင်း သံဃာနုဿတိကို ပွါးများငြားအံ့။ [၄]မိမိသီလဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်း သီလာနုဿတိကို ပွါးများငြားအံ့။ [၅]စွန့်ကြဲခြင်းဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း စာဂါနုဿတိကို ပွါးများငြားအံ့။ [၆]နတ်တို့၏သဒ္ဓါစသော ဂုဏ်နှင့်တူသော မိမိ၏ သဒ္ဓါစသော

ဘာဝေတိ။ [၇]အာနာပါနဿတိံ ဘာဝေတိ။ [၈]မရဏဿတိံ ဘာဝေတိ။ [၉]ကာယဂတာသတိံ ဘာဝေတိ။ [၁၀]ဥပသမာနုဿတိံ ဘာဝေတိ။ (၉၂-၁၀၁)

၄၇၃-၄၉၂။ [၁]ပဌမဈာနသဟဂတံ သဒ္ဓိန္ဒြိယံ ဘာဝေတိ။ ဝီရိယိန္ဒြိယံ ဘာဝေတိ။ သတိန္ဒြိယံ ဘာဝေတိ။ သမာဓိန္ဒြိယံ ဘာဝေတိ။ ပညိန္ဒြိယံ ဘာဝေတိ။ [၂]သဒ္ဓါဗလံ ဘာဝေတိ။ ဝီရိယဗလံ ဘာဝေတိ။ သတိဗလံ ဘာဝေတိ။ သမာဓိဗလံ ဘာဝေတိ။ ပညာဗလံ ဘာဝေတိ။ (၁၀၂-၁၁၁)

၄၉၃ ၅၆၂။ [၁]ဒုတိယဈာနသဟဂတံ။ပ။တတိယဈာနသဟဂတံ။ ပ။ စတုတ္ထဈာနသဟဂတံ။ပ။ မေတ္တာသဟဂတံ။ပ။ ကရုဏာသဟဂတံ။ ပ။ မုဒိတာသဟဂတံ။ပ။ ဥပေက္ခာသဟဂတံ သဒ္ဓိန္ဒြိယံ ဘာဝေတိ။ ဝီရိယိန္ဒြိယံ ဘာဝေတိ။ သတိန္ဒြိယံ ဘာဝေတိ။ သမာဓိန္ဒြိယံ ဘာဝေတိ။ ပညိန္ဒြိယံ ဘာဝေတိ။ [၂]သဒ္ဓါဗလံ ဘာဝေတိ။ ဝီရိယဗလံ ဘာဝေတိ။

ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း ဒေဝတာနုဿတိကို ပွါးများဖြားအံ့၊ [၇]ထွက်သက်ဝင်သက်လေကို အဖန်တလဲလဲ အောက်မေ့ခြင်း အာနာပါနဿတိကို ပွါးများဖြားအံ့၊ [၈]သေခြင်းကို အဖန်တလဲလဲ အောက်မေ့ခြင်း မရဏဿတိကို ပွါးများဖြားအံ့၊ [၉]ဆံစသော ရုပ်အပေါင်း၌ တဖန်တလဲလဲ အောက်မေ့ခြင်း ကာယဂတာသတိကို ပွါးများဖြားအံ့၊ [၁၀]နိဗ္ဗာန်ကို အဖန်တလဲလဲ အောက်မေ့ခြင်း ဥပသမာနုဿတိကို ပွါးများဖြားအံ့။ (၉၂-၁၀၁)

၄၇၃-၄၉၂။ [၁]ပဌမဈာန်နှင့်တကွဖြစ်သော သဒ္ဓိန္ဒြေကို ပွါးများဖြားအံ့၊ ဝီရိယိန္ဒြေကို ပွါးများဖြားအံ့၊ သတိန္ဒြေကို ပွါးများဖြားအံ့၊ သမာဓိန္ဒြေကို ပွါးများဖြားအံ့၊ ပညိန္ဒြေကို ပွါးများဖြားအံ့၊ [၂]သဒ္ဓါဗိုလ်ကို ပွါးများဖြားအံ့၊ ဝီရိယဗိုလ်ကို ပွါးများဖြားအံ့၊ သတိဗိုလ်ကို ပွါးများဖြားအံ့၊ သမာဓိဗိုလ်ကို ပွါးများဖြားအံ့၊ ပညာဗိုလ်ကို ပွါးများဖြားအံ့။ (၁၀၂-၁၁၁)

၄၉၃-၅၆၂။ [၁]ဒုတိယဈာန်နှင့်တကွဖြစ်သော။ပ။ တတိယဈာန်နှင့်တကွ ဖြစ်သော။ပ။ စတုတ္ထဈာန်နှင့်တကွ ဖြစ်သော။ပ။ မေတ္တာဈာန်နှင့်တကွဖြစ်သော။ပ။ ကရုဏာဈာန်နှင့်တကွ ဖြစ်သော။ပ။ မုဒိတာဈာန်နှင့်တကွ ဖြစ်သော။ပ။ ဥပေက္ခာဈာန်နှင့်တကွ ဖြစ်သော သဒ္ဓိန္ဒြေကို ပွါးများဖြားအံ့။

သတိဗလံ ဘာဝေတိ။ သမာဓိဗလံ ဘာဝေတိ။ ပညာဗလံ ဘာဝေတိ။ ²အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာ-နော ဝိဟရတိ သတ္ထုသာသနကရော ဩဝါဒပတိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ။ ³ကော ပန ဝါဒေါ ယေ နံ ဗဟုလီကရောန္တီတိ။ (၁၁၂-၁၈၁)

(အပရအစ္ဆရာသင်္ဃာတဝဂ္ဂေါ။)

## ၁၉-ကာယဂတာသတိဝဂ္ဂ

၅၆၃။ ¹ယဿ ကဿစိ ဘိက္ခဝေ မဟာသမုဒ္ဒေါ စေတသာ ဖုဋော၊ ²အန္တောဂဓာ တဿ ကုန္နဒိယော ယာ ကာစိ သမုဒ္ဒင်္ဂမာ။ ³ဧဝမေဝ ဘိက္ခဝေ ယဿ ကဿစိ

ဝီရိယိန္ဒြေကို ပွါးများငြားအံ့။ သတိန္ဒြေကို ပွါးများငြားအံ့။ သမာဓိန္ဒြေကို ပွါးများငြားအံ့။ ပညိန္ဒြေကို ပွါးများငြားအံ့။ ²သဒ္ဓါဗိုလ်ကို ပွါးများငြားအံ့။ ဝီရိယဗိုလ်ကို ပွါးများငြားအံ့။ သတိဗိုလ်ကိုပွါးများငြားအံ့။ သမာဓိဗိုလ်ကို ပွါးများငြားအံ့။ ပညာဗိုလ်ကို ပွါးများငြားအံ့။ ³ရဟန်းတို့ ဤ ရဟန်းကို ဈာန်မှ ဆိတ်သုဉ်းခြင်း မရှိမူ၍ နေသော ရဟန်းဟူ၍၎င်း မြတ်စွာဘုရား၏ သွန်သင်မှုကို လိုက်နာ၍ နေသော ရဟန်းဟူ၍၎င်း မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာ၍ နေသော ရဟန်းဟူ၍၎င်း ပြည်သူတို့ ဆွမ်းကို အချည်းနှီး မဖြစ်စေပဲ စားသုံးသော ရဟန်းဟူ၍၎င်း ဆိုထိုက်၏၊ ⁴ထိုဥပေက္ခာဈာန်နှင့်တကွဖြစ်သော ပညာဗိုလ်ကို အဖန်ဖန် အလေ့အလာ ပြုကုန်သော ရဟန်းတို့၌ကား အဘယ်ဆိုဘွယ်ရာရှိအံ့နည်း ဟု(မိန့်တော်မူ၏) (၁၁၂-၁၈၁)

(အပရအစ္ဆရာသင်္ဃာတဝဂ် ပြီး၏။

၅၆၃။ ¹ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို မဟာသမုဒ္ဒရာကို စိတ်(၁)ဖြင့် ပျံ့နှံ့အောင် ရှုနိုင်ငြားအံ့။ ²သမုဒ္ဒရာသို့ သက်ဆင်းကုန်သော မြစ်ငယ်ဟူသမျှ တို့သည် ထိုသူ၏(စိတ်၌) အတွင်းဝင်ပြီး ဖြစ်ကုန်သကဲ့သို့ ³ရဟန်းတို့ထို့အတူ ပင်လျှင် မည်သည့်ပုဂ္ဂိုလ်မဆို ဆံစသော ရုပ်အပေါင်း၌ဖြစ်သော ကာယ

---

၁—အာပေါ ကသိုဏ်းစီးဖြန်းသော ဘာဝနာစိတ်နှင့် ဒိဗ္ဗစက္ခု အဘိညာဉ်စိတ်။

ကာယဂတာ သတိ ဘာဝိတာ ဗဟုလီကတာ၊ [၄]အန္တော-ဂဓာ တဿ ကုသလာ ဓမ္မာ ယေ ကေစိ ဝိဇ္ဇာဘာဂိ-ယာတိ။ (၁)

၅၆၄-၅၇၀။ [၁]ဧကဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟု-လီကတော မဟတော သံဝေဂါယ သံဝတ္တတိ။[၂]မဟတော အတ္ထာယ သံဝတ္တတိ။ [၃]မဟတော ယောဂက္ခေမာယ သံဝတ္တတိ၊[၄]သတိသမ္ပဇညာယ သံဝတ္တတိ။[၅]ဉာဏဒဿနပ္ပဋိ-လာဘာယ သံဝတ္တတိ။ [၆]ဒိဋ္ဌဓမ္မသုခဝိဟာရာယ သံဝတ္တတိ။ [၇]ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာယ သံဝတ္တတိ။ [၈]ကတမော ဧကဓမ္မော၊ ကာယဂတာ သတိ။ [၉]အယံ ခေါ ဘိက္ခဝေ ဧကဓမ္မော ဘာဝိတော ဗဟုလီကတော မဟတော သံဝေဂါယ သံဝတ္တတိ။ [၁၀]မဟတော အတ္ထာယ သံဝတ္တတိ။ [၁၁]မဟတော ယောဂက္ခေမာယ သံဝတ္တတိ။ [၁၂]သတိသမ္ပဇ-ညာယ သံဝတ္တတိ။[၁၃]ဉာဏဒဿနပ္ပဋိလာဘာယ သံဝတ္တတိ။

---

ဂတာသတိကို ပွါးများနိုင်ငြားအံ့၊ အဖန်ဖန် အလေ့အလာ ပြုနိုင်ငြားအံ့၊ [၄]ဝိဇ္ဇာ (၁) အဖို့အစု၌ ဖြစ်ကုန်သော ကုသိုလ်တရားဟူသမျှတို့သည် ထိုသူ၏ (ဘာဝနာစိတ်၌)အတွင်းဝင်ပြီး ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။ (၁)

၅၆၄-၅၇၀။ [၁]ရဟန်းတို့ တခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာ ပြုအပ်သည်ရှိသော် ကြီးစွာသော ထိတ်လန့်ခြင်း သံဝေဂ ဉာဏ်(၂)အလို့ငှါဖြစ်၏။ [၂]ကြီးစွာသောအကျိုး(၃)ကို ရရှိခြင်းငှါ ဖြစ်၏။ [၃]ကြီးစွာသော ယောဂလေးပါးကုန်ရာ (၄) သို့ ရောက်ခြင်းငှါဖြစ်၏၊ [၄]သတိသမ္ပဇဉ်အလို့ငှါဖြစ်၏။ [၅]ဉာဏ်အမြင်(၅)ကို ရခြင်းငှါဖြစ်၏။ [၆]မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းငှါ ဖြစ်၏။ [၇]ဝိဇ္ဇာ(၆)ဝိမုတ္တိ (၇) ဖိုလ်(၈) တို့ကို မျက်မှောက်ပြုခြင်းငှါဖြစ်၏။ [၈]တခုသော တရားဟူသည် အဘယ်နည်းဟူမူ—ဆံအစရှိသော ရုပ်အပေါင်း၌ဖြစ်သော အောက်မေ့ခြင်း ကာယဂတာသတိ

---

၁-ဝိပဿနာဉာဏ်မနောမယိဒ္ဓိဉာဏ်နှင့် အဘိညာဉ်ခြောက်ပါးအားဖြင့်ဝိဇ္ဇာရှစ်ပါး။ ။၂-ဝိပဿနာဉာဏ်မဂ်ဉာဏ်။ ။၃-ဖိုလ်ဉာဏ်လေးပါး။ ။၄-နိဗ္ဗာန်။ ။၅-ဒိဗ္ဗစက္ခုအဘိညာဉ်။ ။၆-မဂ်ဉာဏ်။ ။၇-မဂ်နှင့်ယှဉ်သောတရား။ ။၈-အရဟတ္တဖိုလ်။

[14]ဒိဋ္ဌဓမ္မသုခဝိဟာရာယ သံဝတ္တတိ။[15]ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာယ သံဝတ္တတီတိ။ (၂-၈)

၅၇၁။ [1]ဧကဓမ္မေ ဘိက္ခဝေ ဘာဝိတေ ဗဟုလီကတေ ကာယောပိ ပဿမ္ဘတိ၊ စိတ္တမ္ပိ ပဿမ္ဘတိ၊ ဝိတက္ကဝိစာရာပိ ဝူပသမ္မန္တိ၊[2]ကေဝလာပိ ဝိဇ္ဇာဘာဂိယာ ဓမ္မာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ။[3]ကတမသ္မိံ ဧကဓမ္မေ၊ ကာယဂတာယ သတိယာ။[4]ဣမသ္မိံ ခေါ ဘိက္ခဝေ ဧကဓမ္မေ ဘာဝိတေ ဗဟုလီကတေ ကာယောပိ ပဿမ္ဘတိ၊ စိတ္တမ္ပိ ပဿမ္ဘတိ၊ ဝိတက္ကဝိစာရာပိ ဝူပသမ္မန္တိ၊ [5]ကေဝလာပိ ဝိဇ္ဇာဘာဂိယာ ဓမ္မာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တီတိ။ (၉)

---

ပေတည်း၊ [9] ရဟန်းတို့ တခုသောတရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည်ရှိသော် ကြီးစွာသောထိတ်လန့်ခြင်း သံဝေဂဉာဏ် အလို့ငှါ ဖြစ်၏။ [10] ကြီးစွာသောအကျိုးကို ရရှိခြင်းငှါဖြစ်၏၊ [11] ကြီးစွာသော ယောဂလေးပါးကုန်ရာသို့ ရောက်ခြင်းငှါ ဖြစ်၏၊ [12] သတိသမ္ပဇဉ်အလို့ငှါ ဖြစ်၏၊ [13]ဉာဏ်အမြင်ကိုရခြင်းငှါ ဖြစ်၏၊ [14]မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းငှါ ဖြစ်၏၊ [15] ဝိဇ္ဇာဝိမုတ္တိ ဖိုလ်တို့ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။ (၂-၈)

၅၇၁။ [1] ရဟန်းတို့ တခုသောတရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည်ရှိသော် နာမကာယ ရူပကာယသည်လည်း ငြိမ်းအေး၏၊ စိတ်သည်လည်းငြိမ်းအေး၏၊ ကြံစည်ခြင်း'ဝိတက်'သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ' တို့သည်သည်း ငြိမ်းအေးကုန်၏၊ [2] အလုံးစုံသော ဝိဇ္ဇာအဖို့အစု၌ ဖြစ်ကုန်သော တရားတို့သည်လည်း ပွါးများခြင်းပြည့်စုံခြင်းသို့ရောက်ကုန်၏။ [3] ထိုတခုသော တရားဟူသည် အဘယ်နည်းဟူမူ—ဆံအစရှိသော ရုပ်အပေါင်း၌ ဖြစ်သော အောက်မေ့ခြင်းကာယဂတာသတိတည်း။ [4] ရဟန်းတို့ ဤတခုသောတရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာ ပြုအပ်သည်ရှိသော် နာမကာယ ရူပကာယသည်လည်း ငြိမ်းအေး၏၊ စိတ်သည်လည်း ငြိမ်းအေး၏၊ ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ဆင်ခြင်ခြင်း' ဝိစာရ' တို့သည်လည်း ငြိမ်းအေးကုန်၏၊ [5]အလုံးစုံသော ဝိဇ္ဇာအဖို့အစု၌ဖြစ်ကုန်သော တရားတို့သည်လည်း ပွါးများခြင်း ပြည့်စုံခြင်းသို့ ရောက်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၉)

၅၇၂။ [၁]ကေဝမ္ဗေ ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ နုပ္ပဇ္ဇန္တိ၊ [၂]ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပဟီယန္တိ။ [၃]ကတမသ္မိံ ဧကဓမ္မေ၊ ကာယဂတာယ သတိယာ။ [၄]ဣမသ္မိံ ခေါ ဘိက္ခဝေ ဧကဓမ္မေ ဘာဝိတေ ဗဟုလီကတေ အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ နုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပဟီယန္တီတိ။ (၁၀)

၅၇၃။ [၁]ဧကဓမ္မေ ဘိက္ခဝေ ဘာဝိတေ ဗဟုလီကတေ အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ [၂]ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တိ။ [၃]ကတမသ္မိံ ဧကဓမ္မေ၊ ကာယဂတာယ သတိယာ။ [၄]ဣမသ္မိံ ခေါ ဘိက္ခဝေ ဧကဓမ္မေ ဘာဝိတေ ဗဟုလီကတေ အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ [၅]ဥပ္ပန္နာ စ ကုသ-

၅၇၂။ [၁]ရဟန်းတို့ တခုသောတရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာ ပြုအပ်သည်ရှိသော် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း မဖြစ်ပေါ်ကုန်၊ [၂]ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏။ [၃]ထိုတခုသော တရားဟူသည် အဘယ်နည်းဟူမူ—ဆံအစရှိသော ရုပ်အပေါင်း၌ဖြစ်သော အောက်မေ့ခြင်း ကာယဂတာသတိတည်း။ [၄]ရဟန်းတို့ ဤတခုသောတရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာ ပြုအပ်သည်ရှိသော် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း မဖြစ်ပေါ်ကုန်၊ [၅]ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၁၀)

၅၇၃။ [၁]ရဟန်းတို့ တခုသောတရားကို ပွါးများအပ် အဖန်ဖန်အလေ့အလာပြုအပ်သည်ရှိသော် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ [၂]ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း အဖန်ဖန်ပြန့်ပြောစွာ ဖြစ်ခြင်းငှါဖြစ်ကုန်၏။ [၃]ထိုတခုသောတရားဟူသည် အဘယ်နည်းဟူမူ—ဆံအစရှိသော ရုပ်အပေါင်း၌ဖြစ်သော အောက်မေ့ခြင်း ကာယဂတာသတိတည်း။ [၄]ရဟန်းတို့ ဤတခုသောတရားကိုပွါးများအပ် အဖန်ဖန်အလေ့အလာပြုအပ်သည်ရှိသော် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း

လာ ဓမ္မာ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တီတိ။ (၁၁)

၅၇၄။ [1]ကေဓမ္မေ ဘိက္ခဝေ ဘာဝိတေ ဗဟုလီကတေ အဝိဇ္ဇာ ပဟီယတိ၊ဝိဇ္ဇာ ဥပ္ပဇ္ဇတိ၊ အသ္မိမာနော ပဟီယတိ၊ အနုသယာ သမုဂ္ဃါတံ ဂစ္ဆန္တိ၊ သံယောဇနာ ပဟီယန္တိ။ [2]ကတမသ္မိံ ဧကဓမ္မေ၊ ကာယဂတာယ သတိယာ။ [3]ဣမသ္မိံ ခေါ ဘိက္ခဝေ ဧကဓမ္မေ ဘာဝိတေ ဗဟုလီကတေ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ၊ အသ္မိမာနော ပဟီယတိ၊ အနုသယာ သမုဂ္ဃါတံ ဂစ္ဆန္တိ၊ သံယောဇနာ ပဟီယန္တီတိ။ (၁၂)

---

ဖြစ်ပေါ်ကုန်၏၊ [3] ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၁၁)

၅၇၄။ [1] ရဟန်းတို့ တခုသောတရားကို ပွါးများအပ် အဖန်ဖန်အလေ့ အလာပြုအပ်သည် ရှိသော်အဝိဇ္ဇာ(၁)သည်ကင်းပျောက်၏၊ဝိဇ္ဇာ(၂)သည်ဖြစ်ပေါ်၏၊ အသ္မိမာန(၃)သည်ကင်းပျောက်၏၊ အနုသယ(၄)တို့သည်အကြွင်းမဲ့ ကင်းကွာခြင်းသို့ရောက်ကုန်၏၊ သံယောဇဉ် (၅)တို့သည် ကင်းပျောက်ကုန်၏၊ [2]ထိုတခုသောတရားဟူသည် အဘယ်နည်းဟူမူ—ဆံအစရှိသော ရုပ်အပေါင်း၌ ဖြစ်သော အောက်မေ့ခြင်း ကာယဂတာသတိတည်း။ [3] ရဟန်းတို့ဤတခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည်ရှိသော် အဝိဇ္ဇာ သည် ကင်းပျောက်၏၊ ဝိဇ္ဇာသည် ဖြစ်ပေါ်၏၊ အသ္မိမာနသည် ကင်းပျောက် ၏၊ အနုသယတို့သည် အကြွင်းမဲ့ကင်းကွာခြင်းသို့ရောက်ကုန်၏၊ သံယောဇဉ် တို့သည် ကင်းပျောက်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၁၂)

---

၁-သစ္စာလေးပါးကို မသိအောင်ဖုံးလွှမ်းသော မောဟမှောင် တိုက်ကိုဆိုလိုသည်။ ။၂-မောဟမှောင်တိုက်ကိုထွင်းဖေါက်သိမြင် နိုင်သော အရဟတ္တမဂ်ဉာဏ်ကို ဆိုသည်။ ။၃-ငါမြတ်သည် ငါယုတ်သည် စသည်ဖြင့်ဖြစ်သော ကိုးမျိုးသောထောင်လွှားမှုကို ဆိုသည်။ ။၄-ကာမရာဂစသည် ၇-မျိုးသော အခြေခံအငုတ် ခေတ်များ။ ။၅-ကာမရာဂစသည့် ဆယ်မျိုးသောအနှောင်အဖွဲ့ ခေတ်များ။

၅၇၅-၅၇၆။ [1]ဧကဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ပညာပဘေဒါယ သံဝတ္တတိ။ အနုပါဒါပရိနိဗ္ဗာနာယ သံဝတ္တတိ။ [2]ကတမော ဧကဓမ္မော၊ ကာယဂတာ သတိ။ [3]အယံ ခေါ ဘိက္ခဝေ ဧကဓမ္မော ဘာဝိတော ဗဟုလီကတော ပညာပဘေဒါယ သံဝတ္တတိ။ အနုပါဒါပရိနိဗ္ဗာနာယ သံဝတ္တတီတိ။ (၁၃-၁၄)

၅၇၇-၅၇၈။ [1]ဧကဓမ္မေ ဘိက္ခဝေ ဘာဝိတေ ဗဟုလီကတေ အနေကဓာတုပဋိဝေဓော ဟောတိ။ နာနာဓာတုပဋိဝေဓော ဟောတိ။ အနေကဓာတုပဋိသမ္ဘိဒါ ဟောတိ။ [2]ကတမသ္မိံ ဧကဓမ္မေ၊ ကာယဂတာယ သတိယာ။ [3]ဣမသ္မိံ ခေါ ဘိက္ခဝေ ဧကဓမ္မေ ဘာဝိတေ ဗဟုလီကတေ အနေ-

---

၅၇၅-၅၇၆။ [1]ရဟန်းတို့ တခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာ ပြုအပ်သည်ရှိသော် ပညာဖြင့်ခွဲဖောက် သိမြင်ခြင်းသို့ ရောက်ခြင်းငှါဖြစ်၏။ အကြောင်းကင်းသော ပရိနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ [2]တခုသော တရားဟူသည် အဘယ်နည်း ဟူမူ-ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိတည်း။ [3]ရဟန်းတို့ဤတခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာ ပြုအပ်သည်ရှိသော် ပညာဖြင့်ခွဲဖောက်သိမြင်ခြင်းသို့ ရောက်ခြင်းငှါဖြစ်၏။ အကြောင်းကင်းသော ပရိနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၁၃-၁၄)

၅၇၆–၅၇၈။ [1]ရဟန်းတို့ တခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည်ရှိသော် များစွာသော ဓာတ်(၁)တို့ကို ထိုးထွင်း၍သိနိုင်၏၊ အမျိုးမျိုးသော ဓာတ်(၂)တို့ကို ထိုးထွင်း၍ သိနိုင်၏၊ များစွာသော ဓာတ်တို့ကိုခွဲခြမ်း၍(၃)သိနိုင်၏၊ [2]တခုသောတရားဟူသည် အဘယ်နည်းဟူမူ ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာ သတိတည်း၊

---

၁-စက္ခုစသော ၁၈-ပါးသော ဓာတ်တို့၏လက္ခဏာကိုသိခြင်း ၂-ယင်းတဆယ့်ရှစ်ပါးသော ဓာတ်တို့၏ အမျိုးမျိုးသော လက္ခဏာကို သိခြင်း။ ၃-ဤဓာတ်ပြန့်ပြောလျှင် ဤအကျိုးဖြစ်၏ဟု ခွဲခြမ်း၍ သိခြင်း။

ကဓာတုပဋိဝေဓော ဟောတိ။ နာနာဓာတုပဋိဝေဓော ဟောတိ။ အနေကဓာတုပဋိသမ္ဘိဒါ ဟောတီတိ။ (၁၅-၁၇)

၅၈၀-၅၈၃။ [၁]ဧကဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော သောတာပတ္တိဖလသစ္ဆိကိရိယာယ သံဝတ္တတိ။ သကဒါဂါမိဖလသစ္ဆိကိရိယာယ သံဝတ္တတိ။ အနာဂါမိဖလသစ္ဆိကိရိယာယ သံဝတ္တတိ။ အရဟတ္တဖလသစ္ဆိကိရိယာယ သံဝတ္တတိ။ [၂]ကတမော ဧကဓမ္မော၊ ကာယဂတာသတိ။ [၃]အယံ ခေါ ဘိက္ခဝေ ဧကဓမ္မော ဘာဝိတော ဗဟုလီကတော သောတာပတ္တိဖလသစ္ဆိကိရိယာယ သံဝတ္တတိ။ သကဒါဂါမိဖလသစ္ဆိကိရိယာယ သံဝတ္တတိ။ အနာဂါမိဖလသစ္ဆိကိရိယာယ သံဝတ္တတိ။ အရဟတ္တဖလသစ္ဆိကိရိယာယ သံဝတ္တတီတိ။ (၁၈-၂၁)

---

[၃]ရဟန်းတို့ ဤတခုသောတရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည်ရှိသော် များစွာသော ဓာတ်တို့ကို ထိုးထွင်း၍သိနိုင်၏။ အမျိုးမျိုးသော ဓာတ်တို့ကို ထိုးထွင်း၍သိနိုင်၏။ များစွာသောဓာတ်တို့ကို ခွဲခြမ်း၍ သိနိုင်၏ ဟု (မိန့်တော်မူ၏)။ (၁၅-၁၇)

၅၈၀-၅၈၃။ [၁]ရဟန်းတို့ တခုသောတရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာ ပြုအပ်သည်ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါဖြစ်၏။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါဖြစ်၏။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါဖြစ်၏။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါဖြစ်၏။ [၂]တခုသော တရားဟူသည် အဘယ်နည်းဟူမူ–ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိပင်တည်း။ [၃]ရဟန်းတို့ ဤတခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာ ပြုအပ်သည်ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၁၈-၂၁)

၅၇၄-၅၉၉။ [၁]ဧကဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ပညာပဋိလာဘာယ သံဝတ္တတိ။ ပညာဝုဒ္ဓိယာ သံဝတ္တတိ။[၂]ပညာဝေပုလ္လာယ သံဝတ္တတိ။ မဟာပညတာယ သံဝတ္တတိ။ [၃]ပုထုပညတာယ သံဝတ္တတိ။ ဝိပုလပညတာယ သံဝတ္တတိ။ [၄]ဂမ္ဘီရပညတာယ သံဝတ္တတိ။ အသမတ္တပညတာယ သံဝတ္တတိ။ [၅]ဘူရိပညတာယ သံဝတ္တတိ။ ပညာဗာဟုလ္လာယ သံဝတ္တတိ။ [၆]သီဃပညတာယ သံဝတ္တတိ။ လဟုပညတာယ သံဝတ္တတိ။[၇]ဟာသပညတာယ သံဝတ္တတိ၊ ဇဝနပညတာယ သံဝတ္တတိ၊ [၈]တိက္ခပညတာယ သံဝတ္တတိ။ နိဗ္ဗေဓိကပညတာယ သံဝတ္တတိ။ [၉]ကတမော ဧကဓမ္မော၊ ကာယဂတာ သတိ။ [၁၀]အယံ ခေါ ဘိက္ခဝေ ဧကဓမ္မော ဘာဝိတော ဗဟုလီကတော ပညာပဋိလာဘာယ သံဝတ္တတိ။ ပညာဝုဒ္ဓိယာ သံဝတ္တတိ။ [၁၁]ပညာဝေပုလ္လာယ သံဝတ္တတိ။မဟာပညတာယ သံဝတ္တတိ။ [၁၂]ပုထုပညတာယ သံဝတ္တတိ။ဝိပုလပညတာယ သံဝတ္တတိ။ [၁၃]ဂမ္ဘီရပညတာယ

၅၇၄-၅၉၉။ [၁]ရဟန်းတို့ တခုသော တရားကို ပွါးများအပ် အဖန်ဖန်အလေ့အလာပြုအပ်သည်ရှိသော် ပညာ(၁)ကိုရခြင်းငှါ ဖြစ်၏။ ပညာ၏တိုးပွါးခြင်းငှါ ဖြစ်၏။ [၂]ပညာ၏ပြန့်ပြောခြင်းငှါ ဖြစ်၏။ မြတ်သော ပညာအလို့ငှါဖြစ်၏။ [၃]ကြီးကျယ်သော ပညာအလို့ငှါ ဖြစ်၏။ ပြန့်ပြောသော ပညာအလို့ငှါဖြစ်၏။ [၄]နက်နဲသော ပညာအလို့ငှါ ဖြစ်၏။ မည်သည့်ပုဂ္ဂိုလ်၏ပညာနှင့်မျှ မနီးကပ် (မယှဉ်သာ) သော ပညာအလို့ငှါဖြစ်၏။ [၅]မြေကြီးအထုနှင့်တူသော ပညာအလို့ငှါဖြစ်၏။ ပညာ၏ များခြင်းအလို့ငှါ ဖြစ်၏။ [၆]လျင်သော ပညာအလို့ငှါ ဖြစ်၏။ ပေါ့ပါးသော ပညာအလို့ငှါ ဖြစ်၏။ [၇]ရွှင်သောပညာအလို့ငှါဖြစ်၏။ မြန်သော ပညာအလို့ငှါ ဖြစ်၏။ [၈]ထက်သော ပညာအလို့ငှါ ဖြစ်၏။ (ကိလေသာအထုကို) ဖေါက်ခွဲနိုင်သော ပညာအလို့ငှါ ဖြစ်၏။ [၉]ထိုတခုသော တရားဟူသည် အဘယ်နည်းဟူမူ— ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိတည်း၊

၁-ဤမှစ၍ ၁၅-သုတ်တို့၌ လာသော ပညာဟူသည် မဂ်ဥာဏ် ဖိုလ်ဥာဏ် ပဋိသမ္ဘိဒါဥာဏ် သေည်ကို ဆိုသည်။

သံဝတ္တတိ။အသမန္တပညတာယ သံဝတ္တတိ။ [၁၄]ဘူရိပညတာယ သံဝတ္တတိ။ ပညာဗာဟုလ္လာယ သံဝတ္တတိ။ [၁၅]သီဃပညတာယ သံဝတ္တတိ။လဟုပညတာယ သံဝတ္တတိ။ [၁၆]ဟာသပညတာယ သံဝတ္တတိ။ဇဝနပညတာယ သံဝတ္တတိ။[၁၇]တိက္ခပညတာယ သံဝတ္တတိ။နိဗ္ဗေဓိကပညတာယ သံဝတ္တတီတိ။ (၂၂-၃၇)

(ကာယဂတာသတိဝဂ္ဂေါ။)

## ၂၀-အမတဝဂ္ဂ

၆၀၀။ [၁]အမတံ တေ ဘိက္ခဝေ န ပရိဘုဉ္ဇန္တိ။ ယေ ကာယဂတာသတိံ န ဘုဉ္ဇန္တိ။ [၂]အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာသတိံ ပရိဘုဉ္ဇန္တီတိ။ (၁)

[၁၀]ရဟန်းတို့ ဤတခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည်ရှိသော် ပညာကိုရခြင်းငှါ ဖြစ်၏။ ပညာ၏ တိုးပွါးခြင်းငှါ ဖြစ်၏။ [၁၁]ပညာ၏ ပြန့်ပြောခြင်းငှါ ဖြစ်၏။မြတ်သော ပညာအလို့ငှါဖြစ်၏။ [၁၂]ကြီးကျယ်သောပညာအလို့ငှါ ဖြစ်၏။ ပြန့်ပြောသော ပညာအလို့ငှါ ဖြစ်၏။[၁၃]နက်နဲသောပညာအလို့ငှါ ဖြစ်၏။ မည်သည့်ပုဂ္ဂိုလ်၏ ပညာနှင့်မျှ မနီးကပ် (မယှဉ်သာ)သော ပညာအလို့ငှါ ဖြစ်၏။[၁၄]မြေကြီးအထုနှင့်တူသော ပညာအလို့ငှါ ဖြစ်၏။ ပညာ၏များခြင်း အလို့ငှါ ဖြစ်၏။[၁၅]လျင်သော ပညာအလို့ငှါ ဖြစ်၏။ ပေါ့ပါးသော ပညာအလို့ငှါ ဖြစ်၏။ [၁၆]ရွှင်သော ပညာအလို့ငှါ ဖြစ်၏။ မြန်သော ပညာအလို့ငှါဖြစ်၏။ [၁၇]ထက်သော ပညာအလို့ငှါ ဖြစ်၏။(ကိလေသာအထုကို) ဖေါက်ခွဲနိုင်သော ပညာအလို့ငှါ ဖြစ်၏။ ဟု (မိန့်တော်မူ၏။) (၂၂-၃၇)

ကာယဂတာသတိဝဂ် ပြီး၏။

၆၀၀။ [၁]ရဟန်းတို့ အကြင် သူတို့သည် ဆံ အစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မသုံးဆောင်ကုန်။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မသုံးဆောင်ရသည် မည်ကုန်၏။ [၂]ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို သုံးဆောင်ကုန်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ရသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၁)

၆၀၁။ ¹အမတံ တေသံ ဘိက္ခဝေ အပရိဘုတ္တံ၊ ယေသံ ကာယဂတာသတိ အပရိဘုတ္တာ။ ²အမတံ တေသံ ဘိက္ခဝေ ပရိဘုတ္တံ၊ ယေသံ ကာယဂတာသတိ ပရိဘုတ္တာတိ။ (၂)

၆၀၂။ ¹အမတံ တေသံ ဘိက္ခဝေ ပရိဟီနံ၊ ယေသံ ကာယဂတာသတိ ပရိဟီနာ။ ²အမတံ တေသံ ဘိက္ခဝေ အပရိဟီနံ၊ ယေသံ ကာယဂတာသတိ အပရိဟီနာတိ။ (၃)

၆၀၃။ ¹အမတံ တေသံ ဘိက္ခဝေ ဝိရဒ္ဓံ၊ ယေသံ ကာယဂတာသတိ ဝိရဒ္ဓါ။ ²အမတံ တေသံ ဘိက္ခဝေ အာရဒ္ဓံ၊ ယေသံ ကာယဂတာသတိ အာရဒ္ဓါတိ။ (၄)

---

၆၀၁။ ¹ရဟန်းတို့ အကြင် သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မသုံးဆောင်အပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန် မသုံးဆောင်အပ်သည် မည်၏။ ²ရဟန်းတို့ အကြင် သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို သုံးဆောင်အပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်အပ်သည် မည်၏ ဟု (မိန့်တော်မူ၏)။ (၂)

၆၀၂။ ¹ရဟန်းတို့ အကြင် သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို ဆုတ်ယုတ်စေအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ဆုတ်ယုတ်စေအပ်သည် မည်၏။ ²ရဟန်းတို့ အကြင် သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မဆုတ်ယုတ်စေအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မဆုတ်ယုတ်စေအပ်သည် မည်၏ ဟု (မိန့်တော်မူ၏)။ (၃)

၆၀၃။ ¹ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို ချွတ်ယွင်းစေအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ချွတ်ယွင်းစေအပ်သည် မည်၏။ ²ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မချွတ်ယွင်းစေအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မချွတ်ယွင်းစေအပ်သည် မည်၏ဟု (မိန့်တော်မူ၏)။ (၄)

၆၀၄။ [၁]အမတံ တေ ဘိက္ခဝေ ပမာဒိံသု၊ ယေ ကာယဂတာသတိံ ပမာဒိံသု။ [၂]အမတံ တေ ဘိက္ခဝေ န ပမာဒိံသု၊ ယေ ကာယဂတာသတိံ န ပမာဒိံသု။ (၅)

၆၀၅။ [၁]အမတံ တေသံ ဘိက္ခဝေ ပမုဋ္ဌံ၊ ယေသံ ကာယဂတာသတိ ပမုဋ္ဌာ။ [၂]အမတံ တေသံ ဘိက္ခဝေ အပ္ပမုဋ္ဌံ၊ ယေသံ ကာယဂတာသတိ အပ္ပမုဋ္ဌာတိ။ (၆)

၆၀၆။ [၁]အမတံ တေသံ ဘိက္ခဝေ အနာသေဝိတံ၊ ယေသံ ကာယဂတာသတိ အနာသေဝိတာ။ [၂]အမတံ တေသံ ဘိက္ခဝေ အာသေဝိတံ၊ ယေသံ ကာယဂတာသတိ အာသေဝိတာတိ။ (၇)

---

၆၀၄။ [၁]ရဟန်းတို့ အကြင် သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မေ့လျော့ကုန်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မေ့လျော့သည် မည်ကုန်၏။ [၂]ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မမေ့မလျော့ကုန်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မမေ့မလျော့သည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၅)

၆၀၅။ [၁]ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို ပျောက်ပျက်စေအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ပျောက်ပျက်စေအပ်သည် မည်၏။ [၂]ရဟန်းတို့ အကြင် သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မပျောက်ပျက်စေအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မပျောက်ပျက်စေအပ်သည်မည်၏ ဟု (မိန့်တော်မူ၏)။ (၆)

၆၀၆။ [၁]ရဟန်းတို့ အကြင် သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မမှီဝဲအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မမှီဝဲအပ်သည် မည်၏။ [၂]ရဟန်းတို့ အကြင် သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မှီဝဲအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မှီဝဲအပ်သည် မည်၏ ဟု (မိန့်တော်မူ၏)။ (၇)

၆၀၇။ ᐟအမတံ တေသံ ဘိက္ခဝေ အဘာဝိတံ၊ ယေသံ ကာယဂတာသတိ အဘာဝိတာ။ᐟအမတံ တေသံ ဘိက္ခဝေ ဘာဝိတံ၊ ယေသံ ကာယဂတာသတိ ဘာဝိတာတိ။ (၈)

၆၀၈။ ᐟအမတံ တေသံ ဘိက္ခဝေ အဗဟုလီကတံ၊ ယေသံ ကာယဂတာသတိ အဗဟုလီကတာ။ ᐟအမတံ တေသံ ဘိက္ခဝေ ဗဟုလီကတံ၊ ယေသံ ကာယဂတာသတိ ဗဟုလီကတာတိ။ (၉)

၆၀၉။ ᐟအမတံ တေသံ ဘိက္ခဝေ အနဘိညာတံ၊ ယေသံ ကာယဂတာသတိ အနဘိညာတာ။ ᐟအမတံ တေသံ ဘိက္ခဝေ အဘိညာတံ၊ ယေသံ ကာယဂတာသတိ အဘိညာတာတိ။ (၁၀)

---

၆၀၇။ ᐟရဟန်းတို့ အကြင် သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မပွါးများအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မပွါးများအပ်သည် မည်၏၊ ᐟရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသောရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို ပွါးများအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ပွါးများအပ်သည် မည်၏ ဟု (မိန့်တော်မူ၏)။ (၈)

၆၀၈။ ᐟရဟန်းတို့ အကြင် သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို အဖန်ဖန် အလေ့အလာ မပြုအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို အဖန်ဖန် အလေ့အလာ မပြုအပ်သည်မည်၏။ ᐟရဟန်းတို့ အကြင် သူတို့သည်ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို အဖန်ဖန် အလေ့အလာ ပြုအပ်၏။ ထိုသူတို့သည်အမြိုက်နိဗ္ဗာန်ကို အဖန်ဖန် အလေ့အလာ ပြုအပ်သည် မည်၏ ဟု (မိန့်တော်မူ၏)။ (၉)

၆၀၉။ ᐟရဟန်းတို့ အကြင် သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို ထူးသောဉာဏ်ဖြင့် မသိအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ထူးသောဉာဏ်ဖြင့် မသိအပ်သည်မည်၏။ᐟရဟန်းတို့ အကြင် သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို ထူးသောဉာဏ်ဖြင့် သိအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ထူးသောဉာဏ်ဖြင့် သိအပ်သည် မည်၏ ဟု (မိန့်တော်မူ၏)။ (၁၀)

၆၁၀။ [1]အမတံ တေသံ ဘိက္ခဝေ အပရိညာတံ၊ ယေသံ ကာယဂတာသတိ အပရိညာတာ။ [2]အမတံ တေသံ ဘိက္ခဝေ ပရိညာတံ၊ ယေသံ ကာယဂတာသတိ ပရိညာတာတိ။ (၁၁)

၆၁၁။ [1]အမတံ တေသံ ဘိက္ခဝေ အသစ္ဆိကတံ၊ ယေသံ ကာယဂတာသတိ အသစ္ဆိကတာ။ [2]အမတံ တေသံ ဘိက္ခဝေ သစ္ဆိကတံ၊ ယေသံ ကာယဂတာသတိ သစ္ဆိကတာတိ။ (၁၂)

(ဣဒမဝေါစ ဘဂဝါ။ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။)

(အမတဝဂ္ဂေါ)

**ဧကကနိပါတပါဠိ နိဋ္ဌိတာ။**

၆၁၀။ ရဟန်းတို့ အကြင် သူတို့သည် ဆံအစရှိသော ရုပ်အပေါင်းနှင့် အောက်မေ့ခြင်း ကာယဂတာသတိကို ပိုင်းခြား၍ မသိအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ပိုင်းခြား၍ မသိအပ်သည် မည်၏၊ [2]ရဟန်းတို့ အကြင် သူတို့သည် ဆံအစရှိသော ရုပ်အပေါင်းနှင့် အောက်မေ့ခြင်း ကာယဂတာသတိကို ပိုင်းခြား၍ သိအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ပိုင်းခြား၍ သိအပ်သည် မည်၏ ဟု (မိန့်တော်မူ၏)။ (၁၁)

၆၁၁။ [1]ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်းနှင့် အောက်မေ့ခြင်း ကာယဂတာသတိကို မျက်မှောက် မပြုအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မျက်မှောက် မပြုအပ်သည် မည်၏။ [2]ရဟန်းတို့ အကြင် သူတို့သည် ဆံအစရှိသော ရုပ်အပေါင်းနှင့် အောက်မေ့ခြင်း ကာယဂတာသတိကို မျက်မှောက် ပြုအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မျက်မှောက် ပြုအပ်သည် မည်၏ ဟု (မိန့်တော်မူ၏)။ (၁၂)

(မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။)

အမတဝဂ် ပြီး၏။

**ဧကကနိပါတ် ပြီး၏။**

နောက်ဆက်တွဲ

# အခြေခံပါဠိစီကုံးနည်း

ညောင်တုန်းမြို့ရွှေဟင်္သာတောရ
ပါဠိတက္ကသိုလ်ကျောင်းတိုက်စာချကထိက

**အရှင်စန္ဒမုခါဘိဝံသ**
**စီရင်သည်။**

## အခြေခံပါဠိစီကုံးနည်း

### ပဋိညာဉ်-ဥယျောဇဉ်

---

(က) မာလီ ဝိကိရဏံ ပုပ္ဖံ၊
သုတ္တေ ဂန္ထေတိ ပါဏိနာ။
ပါဠိမ္ပိဟံ ဂန္ထေဿာမိ၊
ဝိစိတ္တ နယ တန္တုနာ။ ။

(ခ) ဂန္ထိတံ မာလျံ နာရီ၊
ယထာ မဏ္ဍေတိ သီသကေ။
မဏ္ဍယန္တု တထာ ပါဠိံ၊
သောတာရာ ပါဠိကာမိကာ။ ။

# အခြေခံ-ပါဠိ စီကုံးနည်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

ပါဠိ စီကုံးနည်းသည်–(၁)ကတ္တားဟော စီကုံးနည်း, (၂)ကံဟော စီကုံးနည်း, (၃)ဘောဟော စီကုံးနည်း-ဟု သုံးမျိုးရှိသည်၊ ထိုတွင်–

(၁) ကတ္တားဟော စီကုံးနည်း ဟူသည်ကား-အဆုံးသတ် ကြိယာမှာ''တတ်''ဟူသော စကားပါသော်၎င်း, ''အပ်''ဟူသော စကားမပါသော်၎င်း ကတ္တားဟော ဝါကျဟု သိပါ။

ကတ္တားဟော ဝါကျဟု သိရလျှင် ကတ္တား၏ ယောဂကိုကြည့်၍ ထိုယောဂအတိုင်း ကြိယာမှာ ဝိဘတ်တပ်ပါ၊ ဥပမာ–ကတ္တားက နာမယောဂ''သု''ကတ္တားဖြစ်လျှင် ကြိယာမှာ နာမယောဂဆိုင်ရာ ဝိဘတ်တပ်ရမည်။ ကတ္တားက တုမှယောဂ''သင်''ကတ္တားဖြစ်လျှင် ကြိယာမှာ တုမှယောဂဆိုင်ရာ ဝိဘတ်တပ်ရမည်။ ကတ္တားက အမှယောဂ ''ငါ'' ကတ္တားဖြစ်လျှင် ကြိယာမှာ အမှယောဂ ဆိုင်ရာဝိဘတ်တပ်ရမည်–ဟူလို။

ကတ္တားဟော ဝါကျ၌ ကတ္တားမှာ ပဌမာဝိဘတ်သက်ရသည်၊ကံမှာ ဒုတိယာဝိဘတ် သက်ရသည်။

ဆောင်။ ။ကြိယာတတ်၊ မြင်တိုင်းလတ်မူ၊ပ-ကတ္တားမှာ၊ဒု-ကံ လာလေ့။

---

## ယောဂကို သိနည်း

(က) ကတ္တားမှာ သင်,မင်း, နင်,ရှင်, အရှင်ဘုရား,ခင်ဗျား-စသည် ရှိလျှင် ထိုကတ္တားမျိုးကို တုမှယောဂ''သင်''ကတ္တားဟု မှတ်ပါ။

(ခ) ကတ္တားမှာ ငါ,ကျွန်ုပ်,ကျုပ်,ကျွန်တော်, ကျွန်မ,တပည့်တော်-စသည်ရှိလျှင် ထိုကတ္တားမျိုးကို အမှယောဂ ''ငါ''ကတ္တားဟု မှတ်ပါ။

(ဂ) ကတ္တားမှာ အထက်ပါ ''သင်+ငါ'' နှစ်မျိုးမှ တပါးသော ''သက်ရှိ+သက်မဲ့'' အမည်အမျိုးမျိုးရှိလျှင် ထိုကတ္တားမျိုးကို နာမယောဂ''သု''ကတ္တားဟု မှတ်ပါလေ။

---

## ကတ္တားဟောဝါကျအတွက် ကြိယာ၌တပ်ဆင်ရမည့် ပရဿပုဒ်ဝိဘတ်များ

| ဝိဘတ်အမည် | နာမယောဂ ''သူ'' ကတ္တား အတွက် | | တုမှယောဂ ''သင်'' ကတ္တား အတွက် | | အမှယောဂ ''ငါ'' ကတ္တား အတွက် | | ကာလ |
|---|---|---|---|---|---|---|---|
| ဝတ္တမာန် | တိ | အန္တိ | သိ | ထ | မိ | မ | ပစ္စုပ္ပန် |
| ပဉ္စမီ | တု | အန္တု | ဟိ | ထ | မိ | မ | 〃 |
| သတ္တမီ | ဧယျ | ဧယျုံ | ဧယျာသိ | ဧယျာထ | ဧယျာမိ | ဧယျာမ | 〃 |
| ပရောက္ခာ | အ | ဥ | ဧ | တ္ထ | အံ | မှ | အတိတ် |
| ဟိယျတ္တနီ | အာ | ဦ | ဩ | တ္ထ | အံ | မှာ | 〃 |
| အဇ္ဇတ္တနီ | ဤ | ဥံ | ဩ | တ္ထ | ဣံ | မှာ | 〃 |
| ကာလာတိပတ္တိ | ဿာ | ဿံသု | ဿေ | ဿထ | ဿံ | ဿာမှာ | 〃 |
| ဘဝိဿန္တိ | ဿတိ | ဿန္တိ | ဿသိ | ဿထ | ဿာမိ | ဿာမ | အနာဂတ် |

## အာချတ်ဝိဘတ်၌ယောဂခွဲပုံ

အာချာတ်ဝိဘတ်များ၌ ပရဿပုဒ်, အတ္တနောပုဒ်ဟု နှစ်မျိုးစီရှိရာ ပရဿပုဒ် ၆-လုံးတွင် ပဌမနှစ်လုံးသည် နာမယောဂ,ဒုတိယနှစ်လုံးသည် တုမှယောဂ,တတိယနှစ်လုံးသည် အမှယောဂဝိဘတ်များ ဖြစ်ကြသည်၊ ထိုပရဿပုဒ် ဝိဘတ်များသည် ကတ္တားကိုသာ ဟောကြသည် ဖြစ်၍ ကတ္တား၏ယောဂကိုကြည့်ကာ ဆိုင်ရာဝိဘတ်သက်ရသည်။

---

## ငယ်သားအတွက် ညွှန်ကြားချက်

အထက်ပါဝိဘတ်(၈)မျိုးတွင် တမျိုး ဇ မျိုး၌ ဝိဘတ် ၆-လုံးစီရှိရာ ရှေ့ကသုံးလုံးစီကို ဧကဝုစ်,နောက်ကသုံးလုံးစီကို ဗဟုဝုစ်ဟု မှတ်ပါ၊ ဥပမာ—

ဝတ္တမာန်ဝိဘတ်၌ တိ,သိ,မိဟူသော ရှေ့သုံးလုံးကို ဧကဝုစ်။

အန္တိ,ထ,မ-ဟူသောနောက်သုံးလုံးကို ဗဟုဝုစ်ဟုမှတ်ပါ-ဟူလို။

ကြွင်းသော ဝိဘတ်တို့ကိုလည်း ဝတ္တမာန်ဝိဘတ်အတိုင်းသိပါ၊ ထိုသို့ သိပြီးနောက် ဧကဝုစ်(တဦးတည်း)ကတ္တားအတွက် ဧကဝုစ်ဝိဘတ်တို့ကို ယောဂအားလျော်စွာ ကြိယာ၌ တပ်ဆင်ပါ၊ ဗဟုဝုစ် အများကတ္တားအတွက် ဗဟုဝုစ်ဝိဘတ်တို့ကို ယောဂအားလျော်စွာ ကြိယာ၌ တပ်ဆင်ပါ။

ဝိဘတ် ၈-မျိုးတို့တွင်—

ဝတ္တမာန်,ပဉ္စမီ,သတ္တမီ ဝိဘတ်တို့ကို ပစ္စုပ္ပန်ကာလ (ယခု မျက်မှောက်လောလောဆယ်အချိန်)အတွက် အသုံးပြုပါ။

ပရောက္ခာ, ဟိယျတ္တနီ, အဇ္ဇတ္တနီ, ကာလာတိပတ္တိဝိဘတ်တို့ကိုအတိတ်ကာလ(လွန်ခဲ့ပြီးအချိန်)အတွက် အသုံးပြုပါ။

ဘဝိဿန္တိဝိဘတ်ကို အနာဂတ်ကာလ (လွန်ပြီးရောက်ဆဲမဟုတ်သော လာလတ္တံ့အချိန်)အတွက်အသုံးပြုပါ။

---

## ဝိဘတ်များကိုအသုံးပြုနည်း

(က) ဝတ္တမာန်ဝိဘတ်ကို မျက်မှောက်ရောက်ဆဲ လောလောဆယ် အချိန်အတွင်း သွား,လာ,နေထိုင်ခြင်းစသော ရိုးရိုးကြိယာများ၌ အသုံးပြုရသည်။

( ခ ) ပဥ္စမီဝိဘတ်ကို စေခိုင်းခြင်း, တောင့်တခြင်းစသော ကြိယာများ၌အသုံးပြုရသည်။

( ဂ ) သတ္တမီဝိဘတ်ကို ခွင့်ပြုခြင်း, ကြံစည်တွေးတောခြင်းစသော ကြိယာများ၌ အသုံးပြုရသည်။

(ဃ) ပရောက္ခာဝိဘတ်ကို မျက်စိ,နား-စသော ဣန္ဒြေငါးပါး၏ ကွယ်ရာ လွန်ခဲ့ပြီးသော ကြိယာမျိုး၌ အသုံးပြုရသည်။

( င) ဟိယျတ္တနီဝိဘတ်ကို ယမန်နေ့(ဒုတိယနေ့)မှ အထက်ဖြစ်သော လွန်ခဲ့ပြီးရာ အချိန်အခါမျိုး၌ အသုံးပြုရသည်။

( စ ) အဇ္ဇတ္တနီဝိဘတ်ကို အနီးကပ်ဆုံးဖြစ်သော ယနေ့မှစ၍ လွန်ခဲ့ပြီးရာ အချိန်အခါမျိုး၌ အသုံးပြုရသည်။

(ဆ) ကာလာတိပတ္တိဝိဘတ်ကို အကြောင်းမညီညွတ်သဖြင့် ဖြစ်ခွင့်ရှိသောကြိယာမဖြစ်ရဘဲ လွန်သွားရာ၌ အသုံးပြုရသည်။

( ဇ ) ဘဝိဿန္တိဝိဘတ်ကို မဖြစ်သေးသော ကြိယာမျိုး၌ အသုံးပြုရသည်။

---

## ကတ္တားဟော ဝါကျစိကိုးပုံ

"မောင်ဘသည် ထမင်းကိုစား၏"၊ ဤဝါကျသည် စား၏ဟူသော ကြိယာဝယ်"အပ်"ဟူသော အသံမပါသောကြောင့် (တတ်-ဟူသော အသံမပါစေကာမူ) ကတ္တားဟော ဝါကျဖြစ်၏၊ ထိုကြိယာက ဟောသော စားသူကတ္တားမှာ"မောင်ဘ"ဖြစ်၏၊ ထိုကတ္တားသည် သင်+ငါမှတပါး သူ-ကတ္တားဖြစ်သောကြောင့်၎င်း, တဦးတည်းဖြစ်၍ ဧကဝုစ်ဖြစ်သောကြောင့်၎င်း, "စား၏"ဟူသော ကြိယာ သည်လည်း စေခိုင်းခြင်း စသည်မပါ၊ ရိုးရိုးပစ္စုပ္ပန်ကြိယာ ဖြစ်သောကြောင့်၎င်း, "စား"ဟူသော "ဘုဇ္"ကြိယာတွင် ဝတ္တမာန်ဝိဘတ် နာမယောဂ ဧကဝုစ် တိ-ဝိဘတ်တပ်ဆင်၍"ဘုဉ္ဇတိ"-ဟု စိကိုးရသည်၊"ပ-ကတ္တား မှာ၊ ဒု-ကံလာလော့"ဟု ဆိုခဲ့သည့်အတိုင်း "မောင်ဘသည်"ဟူသော ကတ္တား၌ ပဌမာ ဝိဘတ်သက်၍ "မောင်ဘနာမကော" ဟု ၎င်း, မောင်ဘ၏ အစားကို ခံရသော "ထမင်းကို"ဟူသောကံ၌ ဒုတိယာ ဝိဘတ်သက်၍ "ဘတ္တံ"ဟု၎င်း စီကိုးရသည်၊ ထို့ကြောင့်—

ကံဟော ဝါကျအတွက် ကြိယာ၌ တပ်ဆင်ရမည့်
အတ္တနောပုဒ်ဝိဘတ်များ

| ဝိဘတ်အမည် | နာမယောဂ ကံအတွက် | | တုမှယောဂ ကံအတွက် | | အမှယောဂ ကံအတွက် | | ကာလ |
|---|---|---|---|---|---|---|---|
| ဝတ္တမာန် | တေ | အန္တေ | သေ | ဝှေ | ဧ | မှေ | ပစ္စုပ္ပန် |
| ပဉ္စမီ | တံ | အန္တံ | ဿု | ဝှော | ဧ | အာမသေ | - |
| သတ္တမီ | ဧထ | ဧရံ | ဧထော | ဧယျာဝှော | ဧယျံ | ဧယျာမှေ | - |
| ပရောက္ခာ | တ္ထ | ရေ | တ္ထော | ဝှော | ဣံ | မှေ | အတိတ် |
| ဟိယျတ္တနီ | တ္ထ | တ္ထုံ | သေ | ဝှံ | ဣံ | မှသေ | - |
| အဇ္ဇတ္တနီ | အာ | ဦ | သေ | ဝှံ | အံ | မှေ | - |
| ကာလာတိပတ္တိ | ဿထ | ဿိသု | ဿသေ | ဿဝှေ | ဿိံ | ဿာမှသေ | - |
| ဘဝိဿန္တိ | ဿတေ | ဿန္တေ | ဿသေ | ဿဝှေ | ဿံ | ဿာမှေ | အနာဂတ် |

[ဇယားကွက် ညွှန်ကြားချက်ကို ကတ္တားဟော စိကုံးနည်းအတိုင်းသိပါ။]

"မောင်ဘနာမကော ဘတ္တံ ဘုဉ္ဇတိ"

ဟု ပါဠိဝါကျ ဖြစ်၏။

အထက်ပါစီကုံးနည်းအရ အောက်ပါမြန်မာဝါကျတို့ကို စီကုံးကြည့်ပါ။

၁။ သင်သည် ယနေ့ မြို့သို့သွား၏။

...........................

၂။ ငါသည် ဘုရားကို ရှိခိုး၏။

........................

၃။ သစ်ပင်သည် မြေ၌ ပေါက်၏။

...........................

၄။ ဘုရားအလောင်းသည် တောသို့ သွား၏။

...........................

၅။ မျောက်တို့သည် သရက်သီးကို စားကြ၏။

................................

---

## ကံဟော ဝါကျစီကုံးနည်း

ကံဟောစီကုံးနည်းဟူသည် အဆုံးသတ်ကြိယာမှာ "အင်" ဟူသော စကားပါလျှင် "ကံဟောဝါကျ" ဟုသိပါ။ သိရလျှင် ကံ၏ယောဂကို ကြည့်၍ ထိုယောဂအတိုင်း ကြိယာမှာ ဝိဘတ်တပ်ပါ၊ ဥပမာ-

ကံပုဒ်က နာမယောဂဖြစ်လျှင် ကြိယာမှာ နာမယောဂ ဆိုင်ရာ ဝိဘတ်တပ်ရမည်။

ကံပုဒ်က တုမှယောဂဖြစ်လျှင် ကြိယာမှာ တုမှယောဂ ဆိုင်ရာဝိဘတ်,

အမှယောဂဖြစ်လျှင် ကြိယာမှာ အမှယောဂဆိုင်ရာ ဝိဘတ် တပ်ရမည်-ဟူလို။

ကံဟောဝါကျ၌ ကတ္တားမှာ တတိယာဝိဘတ်သက်ရသည်၊ ကံ-မှာ ပဌမာဝိဘတ် သက်ရသည်။

ဆောင်။ ။ကြိယာ အင်၊မြင်တုံလတ်မူ၊တ—ကတ္တားမှာ၊ ပ-ကံလာလေ့။

## ကံဟောကြိယာ၌ ဝိဘတ်တပ်ပုံ

အတ္တနောပုဒ် ၆-လုံးတွင် ပဌမနှစ်လုံးသည် နာမယောဂ, ဒုတိယ နှစ်လုံးသည် တုမှယောဂ, တတိယနှစ်လုံးသည် အမှယောဂဝိဘတ်များ ဖြစ်ကြသည်၊ ထိုအတ္တနောပုဒ်ဝိဘတ်များသည် ဘော, ကံ, ကတ္တား ၃- ပါးလုံးကိုဟောကြရာ များသောအားဖြင့် ဘော,ကံ အရာ၌သာ အသုံး ပြုကြသည်၊ ထို့ကြောင့် ကံဟောဝါကျ၏ ကြိယာ၌ ကံ၏ယောဂကို ကြည့်ကာ ဆိုင်ရာဝိဘတ်သက်ရမည်။

---

## ကံဟောဝါကျစီကုံးပုံ

''မောင်ဘသည် ထမင်းကို စားအပ်၏၊ ဤဝါကျသည် ''စား'' ဟူ သော ကြိယာ၌ ''အပ်'' ဟူသော အသံပါရှိသောကြောင့် ''ကံဟော ဝါကျ''ဖြစ်၏၊ ထိုကြိယာကဟောသောကံမှာ ''ထမင်း''ဖြစ်၏၊ ထိုကံ သည် သင်+ငါမှတပါး ''သူ''ကံဖြစ်သောကြောင့်၎င်း, တခုတည်းဖြစ် ၍ ဧကဝုစ်ဖြစ်သောကြောင့်၎င်း, စားခြင်း ကြိယာသည်လည်း စေ့ိုင်း ခြင်း စသည်မပါ ပစ္စုပ္ပန်ကြိယာ ဖြစ်သောကြောင့်၎င်း စား-ဟူသော ဘုဇ-ကြိယာတွင် ဝတ္တမာန် အတ္တနောပုဒ် နာမယောဂ ဧကဝုစ် တေ ဝိဘတ်တပ်ဆင်၍ ''ဘုဥ္ဇတေ''ဟု စီကုံးရသည်။

[ထို''ဘုဥ္ဇတေ''တွင် ကံဟောကြိယာ ထင်ရှားအောင် ဘာဝ ကမ္မေသုယော-ဖြင့် ကံအနက်၌ ယ ပစ္စည်းသက်၊ ဝဂ္ဂန္တာဂမောဝါ- ဖြင့် ဥအထက်၌ ဤ-လာ၍ ''ဘုဥ္ဇီယတေ''ဟု အမြဲစီကုံးရသည်၊ ထို့ အတူ အခြားကံဟောကြိယာများကိုလည်း ဤအတိုင်းသိပါလေ။]

''တ-ကတ္တားမှာ၊ ပ-ကံလာလေ့ဟု ဆိုခဲ့သည့်အတိုင်း ''မောင် ဘသည်''ဟူသော ကတ္တား၌ တတိယာ နာဝိဘတ်သက်၍ ''မောင်ဘ နာမကေန''ဟူ၍၎င်း ''ထမင်းကို''ဟူသောကံ၌ ပဌမာသိဝိဘတ်သက်၍ ''ဩဒနော''ဟူ၍၎င်း စီကုံးရသည်၊ ထို့ကြောင့်–

''မောင်ဘနာမကေန ဩဒနော ဘုဥ္ဇီယတေ''

ဟု ပါဠိဝါကျဖြစ်၏။

အထက်ပါ စီကုံးနည်းအရ အောက်ပါ မြန်မာဝါကျတို့ကို စီကုံး ကြည့်ပါ။

၁။ သင်သည် ယနေ့ မြို့သို့သွားအပ်၏။

.... .... .... .... .... .... .... ....

၂။ ငါသည် ဘုရားကို ရှိခိုးအပ်၏။

.... .... .... .... .... .........

၃။ ဘုရားအလောင်းသည် တောသို့ သွားအပ်၏။

.... .... .... .... .... .... .... .... .... ....

၄။ မျောက်တို့သည် သရက်သီးကို စားအပ်၏။

.... .... .... .... .... .... .... .... ....

၅။ ငါသည် ဆရာထံသို့ သွားအပ်၏။

.... .... .... .... .... .... ....

---

### ဘောဟောဝါကျစီကုံးနည်း

ဘောဟော စီကုံးနည်း ဟူသည် အဆုံးသတ် ကြိယာမှာ "ခြင်း+ ရာ"ဟူသော စကားပါလျှင် ဘောဟောဝါကျဟုသိပါ၊ ဘောဟော ဝါကျဟုသိရလျှင် ကြိယာ၌(ကတ္တားဟော, ကံဟော ဝါကျများ စီကုံး နည်းကဲ့သို့ ယောဂကို ကြည့်နေစရာမလို၊) အတ္တနောပုဒ် နာမယောဂ ကေဝုစ် ဝိဘတ်ကိုသာ တပ်ဆင်ရတော့သည်။

ဘောဟောဝါကျ၌ ကတ္တားမှာ တတိယာ ဝိဘတ် သက်ရသည်၊ ကံမှာ ဒုတိယာဝိဘတ်သော်၎င်း, ဆဋ္ဌီဝိဘတ်သော်၎င်း သက်ရသည်။

ဆောင်။ ။ခြင်း—ရာနှစ်ပါး၊ ဘောမြင်ငြားမူ။ ကတ္တားကား တ၊ ဒု-ကံ ဆ၊ သက်ရမှန်မလွဲ။

---

### ဘောဟောဝါကျစီကုံးပုံ

"မောင်ဘသည် ထမင်းကိုစားခြင်း၊ သို့မဟုတ် စားရာ၏" ဟူသော ဝါကျသည် စား-ဟူသော ကြိယာ၌ "ခြင်း+ရာ" ဟူသော အသံ ပါသောကြောင့် ဘောဟောဝါကျဖြစ်၏၊ ဘောဟောဟုသိလျှင် ကြိယာ ကို နောက်ကပြဆိုခဲ့သည့်အတိုင်း ဝတ္တမာန် အတ္တနောပုဒ် နာမယောဂ ကေဝုစ်တေဝိဘတ်သက်၊ ဘောဟော ထင်ရှားအောင် ယ-ပစ္စည်း သက်၊

ဌာ-လာ၍ဘုဥ္စိယတေ-ဟု စီကုံးရသည်၊ ကတ္တားမှာ တတိယာ နာဝိဘတ်သက်၍ "မောင်ဘနာမကေန"ဟုရှင်း, ကံမှာ ဒုတိယာဝိဘတ်၊ သို့မဟုတ် ဆဋ္ဌီဝိဘတ်သက် "ဩဒနံ"၊ သို့မဟုတ်"ဩဒနဿ"ဟုရှင်း စီကုံးရသည်၊ ထို့ကြောင့်-

"မောင်ဘနာမကေန ဩဒနံ ဩဒနဿ ဝါ ဘုဥ္ဇိယတေ"

ဟု ပါဠိဝါကျဖြစ်၏။

အောက်ပါ မြန်မာဝါကျတို့ကို အထက်က ညွှန်ပြခဲ့သည့် အတိုင်း စီကုံးကြည့်ပါ။

၁။ သင်သည် ယနေ့ မြို့သို့ သွားခြင်း(သို့)သွားရာ၏၊

.... .... .... .... .... .... .... .... .... .... .... ....

၂။ ငါသည် ဘုရားကို ရှိခိုးခြင်း(သို့)ရှိခိုးရာ၏၊

.... .... .... .... .... .... .... .... ....

၃။ ဘုရားအလောင်းသည် တောသို့သွားခြင်း(သို့)သွားရာ၏၊

.... .... .... .... .... .... .... .... .... ... .... ....

၄။ မျောက်တို့သည် သရက်သီးကိုစားခြင်း(သို့)စားရာ၏၊

.... .... .... .... .... .... .... .... .... .... ....

၅။ ငါသည် ဆရာထံသို့သွားခြင်း(သို့)သွားရာ၏၊

.... .... .... .... .... .... .... .... .... ....

---

## ကိတ်ကြိယာဖြင့် စီကုံးနည်း

### ကတ္တားဟော စီကုံးပုံ

ကိတ်ကြိယာ တို့သည် သူတို့ ဟောအပ်သော ပုဒ်၏ လိင်သို့ လိုက်ကြ၏၊ "လိုက်ကြ၏" ဆိုသည်မှာ-ကိတ်ကြိယာတို့ ဟောသော ကတ္တားပုဒ်က ပုံလိင်ဖြစ်လျှင် ကိတ်ကြိယာမှာလည်း ပုံလိင်နှင့်ထား, ကတ္တားက ဣတ္ထိလိင်ဖြစ်လျှင် ကြိယာမှာလည်း ဣတ္ထိလိင်နှင့်ထား, ကတ္တားက နပုံလိင်ဖြစ်လျှင် ကြိယာမှာလည်း နပုံလိင်နှင့်ထားရခြင်းကို ဆိုသည်၊ ဥပမာ-"ပုရိသော မဂ္ဂံ ဂတော"၌ ဂတ-ဟူသော ကိတ်ကြိယာက ပုရိသော ကတ္တားကိုဟော၏၊ ထိုကတ္တားက ပုံလိင် ဧကဝုစ်ဖြစ်သောကြောင့် ဂတ-ကြိယာကိုလည်း (ကတ္တား၏လိင်, ဝုစ်နှင့်

အလားတူ) ပုံလိန် ကေစုစ်နှင့်ပင် ဂတော-ဟု ထားရသည်၊ "ကညာ မဂ္ဂံ ဂတာ၊ ကုလံ မဂ္ဂံ ဂတံ"တို့၌လည်း ပုံလိန်ဝါကျကို နည်းမှီ၍ သိပါလေ။

အောက်ပါ မြန်မာဝါကျတို့ကို ကိတ်ကြိယာဖြင့် စီကုံးကြည့်ပါ။

၁။ လူသည် ထမင်းကို စားပြီ။

.... .... .... .... ....

၂။ သူငယ်မသည် ထမင်းကို စားပြီ။

.... .... .... .... .... ....

၃။ အမျိုးသည် ထမင်းကို စားပြီ။

.... .... .... .... .... ....

## ကံဟောစီကုံးပုံ

ကံဟော စီကုံးရာ၌လည်း ကံ၏ လိန်,ဝုစ်အတိုင်း ကိတ်ကြိယာမှာ ထားရသည်၊ ဥပမာ-"ပုရိသေန မဂ္ဂေါ ဂန္တဗ္ဗော"၌ ဂန္တဗ္ဗကြိယာက မဂ္ဂေါဟူသော ကံကိုဟောသောကြောင့် ထိုကံ၏ လိန်,ဝုစ်အတိုင်း ကိတ်ကြိယာကိုလည်း ဂန္တဗ္ဗော-ဟု ထားရသည်-ဟူလို၊ ထို့အတူ ဣတ္ထိလိန်၌ "ဗုဒ္ဓေန ယာ ဝါစာ ဒေသိတာ၊ နပုံလိန်၌ "အာစရိယေန ဇာဒံ ဝစနံ ကထိတံ"တို့၌လည်း ယာဝါစာကိုငဲ့၍"ဒေသိတာ"ဟုဂုဏ်း, ဇာဒံ ဝစနံကိုငဲ့၍"ကထိတံ"ဟုဂုဏ်း ထားရကြောင်း ပုံလိန်ကို နည်းမှီ၍ သိပါလေ။

## ဝါကျအမျိုးအစားများ

ဝါကျသည် ၁။ အမေးဝါကျ,
၂။ ပယ်မြစ်ဝါကျ,
၃။ ဝိဓေယျန ဝိဓေယျဝါကျ,
၄။ ဥပမာန ဥပမေယျဝါကျ,
၅။ ကောင်းမှာဘဲ(ယန္တုန)ဝါကျ,
၆။ အကယ်၍(ကိစ္စာဝိ) ဒါမေမဲ့(တထာဝိ)ဝါကျ,
၇။ သော်-လတ်သော်(လက္ခဏ)ဝါကျ,
၈။ စဉ်-ခိုက်(အနာဒရ)ဝါကျ,

၉။ ဖြစ်တန်ကောင်းပါရဲ့(အပ္ပေဝနာမ)ဝါကျ,
၁၀။ မတော်ဘူး (နခေါပနေတံ) ဝါကျ,
၁၁။ မဖြစ်နိုင်ပါဘူး (အဋ္ဌာနမေတံ) ဝါကျ, ဖြစ်နိုင်ပါတယ် (ဌာနံခေါပနေတံ) ဝါကျ-

ဟူ၍ သာမညသုံးစွဲရိုးအားဖြင့် ၁၁-မျိုး ရှိလေသည်။

---

၁။ အမေးဝါကျ

(က) အာဘော်မပါအမေး,
(ခ) အာဘော်ပါအမေး-

ဟူ၍ ၂-မျိုး ရှိလေသည်။

(က) အာဘော်မပါ အမေး၌ ဝါကျ၏အစမှာ-ကိံ, ကံ, ကေန, ကဿ,ကုတော, ကသ္မာ, ကဟံ,ကထံ, ကတ္ထ စသော ပုဒ်များကိုထား၍ စီရသည်။

ကိံ—ဘာကို၊ ကံ—ဘယ်သူ့ကို။
ကေန—ဘာဖြင့်၊ ဘာနဲ့၊ဘယ်သူနဲ့။(ဣ-၌ ကာယဟု စီရမည်။)
ကဿ—ဘယ်သူ့အား၏၊ဘာအား၏။(ဣ-၌ကာယ,ကိဿာ။)
ကုတော—ဘယ်မှ၊ ဘယ်က၊ ဘယ်မှာ။
ကသ္မာ—အဘယ့်ကြောင့်၊ ဘာကြောင့်။
ကဟံ—ဘယ်သို့၊ ဘယ်ကို။
ကထံ—ဘယ်လို၊ ဘယ်ပုံ၊ အဘယ့်ကြောင့်၊ ဘာကြောင့်။
ကတ္ထ—အဘယ်အရပ်၌၊ ဘယ်မှာ။

---

ဝါကျစီကုံးပုံ

၁။ သင် ဘာကို အလိုရှိသနည်း။
ကိံ တွံ ဣစ္ဆသိ။
၂။ သင် ဘာနဲ့ လာသလဲ။
ကေန တွံ အာဂစ္ဆသိ။
၃။ သင် ဘယ်သူ့အား ပေးသနည်း။
ကဿ တွံ ဒဒါသိ။
၄။ သင် ဘယ်က လာသလဲ။
ကုတော တွံ အာဂစ္ဆသိ။

၅။ သင် ဘာကြောင့် ငိုသလဲ။
ကသ္မာ တွံ ရောဒသိ။
၆။ သင် ဘယ်ကို သွားမလဲ။
ကဟံ တွံ ဂမိဿသိ။
၇။ သင် ဒီကျမ်းကို ဘယ်လိုရေးသလဲ။
ကထံ တွံ ဣမံ ဂန္ထံ လိခသိ။
၈။ သင် ဘယ်မှာ နေသလဲ။
ကတ္ထ တွံ ဝသသိ။

(ခ) အာဘော်ပါအနေမေး၍—ဝါကျ၏ **အစ**မှာ နု,နုခေါ, **နနု, နနုစ,** ကစ္စိ,ကစ္စိနု—ပုဒ်များကို ထား၍ စီရသည်။

**အထူးမှတ်ရန်။** "နု,နုခေါတို့ဖြင့် စီကုံးလိုလျှင် ၎င်းတို့ကို တပုဒ်နောင်မှာဖြစ်စေ, ဝါကျအဆုံးမှာဖြစ်စေ (များသောအားဖြင့်) ထားရသည်၊ နနု-ဖြင့် စီကုံးလိုလျှင် ၎င်းကို ဝါကျ၏**အစ**၌၎င်း,**အဆုံး**၌၎င်း (များသောအားဖြင့်)ထားရသည်၊ နနုစ,ကစ္စိ,ကစ္စိနု—တို့ဖြင့် စီကုံးလိုလျှင် ၎င်းတို့ကို ဝါကျ၏အစမှာသာ(များသောအားဖြင့်)ထားရ၏။

ဝါကျစီကုံးပုံ

၁။ ဤမကောင်းမှုကို သင် ပြုလုပ်သလား။
ကရောသိနု(နုခေါ)တွံ ဣဒံ ပါပကမ္မံ။
၂။ သင် မနေ့က မြို့သို့ သွားပြီမဟုတ်လား။
နနု တွံ ဟိယျော နဂရံ အဂစ္ဆိ။
(တွံ ဟိယျော နဂရံ အဂစ္ဆိနနု။)
၃။ ဤ တရားတို့သည် ကုသိုလ်တို့ မဟုတ်ကုန်လော။
နနုစ ဣမေ ဓမ္မာ ကုသလာ ဟောန္တိ။
(ကစ္စိ,ကစ္စိနု) ဣမေ ဓမ္မာ ကုသလာ ဟောန္တိ။

---

## ၂။ ပယ်မြစ် (ပဋိသေဓ) ဝါကျ

(က) ရိုးရိုးပယ်,
(ခ) အမိန့်ပေး(စေခိုင်း၍)ပယ် ဟု နှစ်မျိုးရှိသည်၊ ထိုတွင်—

(က) ရှိးရှိးပယ်မြစ်ရာ၌—န,နော-ပုဒ်တို့ဖြင့် ပယ်မြစ်ရာ၏၊ ၎င်းတို့ကို စီကုံးသောဝါကျ၏ အစ၌သော်၎င်း, ကြိယာ၏ရှေ့၌သော်၎င်း ထားရာ၏။

### ဝါကျစီကုံးပုံ

၁။ ပြတ်ပြတ် အသံပြု၍ မစားအံ့။
န စပုစပု ကာရကံ ဘုဥ္ဇိဿာမိ။
၂။ လောသကတိဿသည် အာဟာရကို မရပြီ။
လောသကတိဿော အာဟာရံ န လဘိ။
၃။ ဤ တရားတို့သည် ကုသိုလ်မည်ကြသည် မဟုတ်ကုန်။
ဣမေ ဓမ္မာ ကုသလာနာမ နော ဟောန္တိ။

(ခ) အမိန့်စေခိုင်း၍ ပယ်မြစ်ရာ၌ မာသဒ္ဒါဖြင့် ပယ်မြစ်ရာ၏၊ ၎င်းကို စီကုံးသောဝါကျ၏ အစ၌သော်၎င်း, ကြိယာ၏ ရှေ့၌သော်၎င်း ထားရာ၏၊ အမိန့်ပေးသည်ဖြစ်၍ ကြိယာ၌အာချာတ်ပဉ္စမီဝိဘတ်ကိုသာ ယောဂအားလျော်စွာ သက်ရမည်ကို သတိပြုပါလေ။

### ဝါကျစီကုံးပုံ

၁။ သင် အသံ မပြုနှင့်။
မာ တွံ သဒ္ဒံ ကရောဟိ။
၂။ ရအပ်ပြီးတိုင်းသော စည်းစိမ်မှ မဆုတ်ယုတ်ကြပါစေနှင့်။
ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု။

---

### ၃။ ဝိသေသန+ဝိသေသျ ဝါကျ

မြန်မာ၌ ထသော,သော-ဟူသောစကားတို့သည်ကား အထူးပြုတတ်သော စကားများဖြစ်၍ ၎င်းတို့ကို ဝိသေသနဟု ခေါ်ရသည်၊ ၎င်းတို့၏ နောက်မှ ကပ်လျက်ရှိသောစကားကို အထူးပြုခံရသောကြောင့် ဝိသေသျ-ဟု ခေါ်ရသည်၊ ဥပမာ''ဝါသော+ပန်း''ဟူရာ၌ ဝါသော ဟူသော-စကားသည် နောက်မှာ ကပ်လျက်ရှိသောပန်းကို အခြားသော ပန်းတို့မှ ထူးခြားကွဲလွဲအောင် အထူး ပြုတတ်သောကြောင့် ဝိသေသန-မည်၏၊ ပန်း-ဟူသောစကားသည် အထူးပြုခံရသောကြောင့် ဝိသေသျ မည်၏။

ထိုဝိသေသန+ဝိသေသျ ၂-ပုဒ်လုံးမှာပင် ဝိဘတ် တူထားရမည်၊ ဝိဘတ်တူဆိုသည်မှာ-ဝိသေသျပုဒ်က လိုရင်းဖြစ်၍ ဝိသေသျပုဒ်သို့လိုက်ကာ ဝိသေသနပုဒ်မှာ ဝိဘတ်ထားရမည်၊ ဝိသေသျပုဒ်မှာ "နာ" ဝိဘတ်ထားလျှင် ဝိသေသနပုဒ်မှာလည်း "နာ"ဝိဘတ်နှင့်ပင် ထားရမည်-ဟူလို၊ဝိသေသျပုဒ်က ဝိဘတ်အတိုင်း ဝိသေသနပုဒ်မှာ ထားရမည်ဟု ဆိုလို၏။ ဥပမာ—လှပသော+ပန်းဖြင့်—ဟူရာ၌ ပန်းဖြင့်-ဟူသော ဝိသေသျပုဒ်မှာ "နာ"ဝိဘတ်ရှိသလို လှပသော—ဟူသော ဝိသေသနပုဒ်မှာလည်း "နာ"ဝိဘတ်နှင့်ပင်ရှိရမည်-ဟူသတည်း။

ဆောင်။ ။ထသော-သောပြ၊ ဝိသေသန၊ နောက်မှ ဝိသေသျာ၊
နှစ်ပုဒ်လုံးပေ၊ ဝိဘတ်နေ၊ တူလေ ထားအပ်စွာ။

---

## ဝါကျစီကုံးပုံ

၁။ ငါသည် လှပသော ပန်းကို အလိုရှိ၏။
အဟံ အဘိရူပံ ပုပ္ဖံ ဣစ္ဆာမိ။

၂။ လှပသော မိမ္မပျိုသည် မြို့မှ လာ၏။
အဘိရူပါ ကညာ နဂရာ အာဂစ္ဆတိ။

၃။ အနံ့ကောင်းသော ပန်းဖြင့် ဘုရားအား ပူဇော်၏။
သုဂန္ဓေန ပုပ္ဖေန ဗုဒ္ဓံ ပူဇေတိ။

၄။ လိမ္မာသော သူငယ်အား ဆုပေးပါ။
ကုသလဿ ဒါရကဿ ဝရံ ဒေဟိ။

၅။ ဝေးသော ရွာမှ လာ၏။
ဒူရာ ဂါမာ အာဂစ္ဆတိ။

၆။ ကြည်ညိုဘွယ်ကောင်းသော ကိုရင်၏ သပိတ်၌ ဆွမ်းကို ထည့်ကြပါ။
ပါသာဒိကဿ သာမဏေရဿ ပတ္တေ ဘတ္တံ ပက္ခိပထ။

၇။ အိုသော အိမ်၌ ကျွန်ုပ် မနေလိုပါ။
ဇိဏ္ဏေ ဃရေ အဟံ ဝသိတုံ န ဣစ္ဆာမိ။

---

## ၄။ ဥပမာန+ဥပမေယျ ဝါကျ

မထင်ရှားသော အရာဝတ္ထုကို ထင်ရှားသော အရာဝတ္ထုဖြင့် နှိုင်းယှဉ်ပြသည်ကို "ဥပမာတင်ပြသည်"ဟု ခေါ်ကြသည်၊ ချွဲပြပါအံ့-မိုးချုန်း

သံသည် ထင်ရှား၍ လူအများသိ၏၊ အမြောက်သံကား မထင်ရှား၍ လူအများမသိပေ၊ ထိုမထင်ရှား၍ လူသိနည်းသော အမြောက်သံအကြောင်းကို ပြောပြသောအခါ ထင်ရှား၍ လူသိများသော မိုးချုန်းသံဖြင့် နှိုင်းယှဉ်ပြောပြပါက လူတိုင်းသိနိုင်ပေသည်၊ ထို့ကြောင့်ထင်ရှား၍ လူသိများသော မိုးချုန်းသံကို "ဥပမာန"ဟု မှတ်၍ မထင်ရှား လူသိနည်းသော အမြောက်သံကို "ဥပမေယျ"ဟု မှတ်ခဲ့ပါ။

ထိုသို့နှိုင်းယှဉ်ပြရာ၌ (က) တဝါကျတည်းဖြင့် ပေါင်း၍ နှိုင်းယှဉ်နည်း, (ခ) ဥပမာန တဝါကျ, ဥပမေယျ တဝါကျ၊ ဤသို့ နှစ်ဝါကျခွဲ၍ နှိုင်းယှဉ်နည်းဟု နှစ်မျိုးရှိသည်၊ ထိုတွင်ဤဖားသည် ခြင်္သေ့ကဲ့သို့ဆောင့်ကြောင့်ထိုင်၏-ဟူသော နှိုင်းယှဉ်နည်းသည် (က) အမျိုးအစားမည်၏၊ ခြင်္သေ့သည် ဆောင့်ကြောင့်ထိုင်သကဲ့သို့ ဤဖားသည်လည်း ဆောင့်ကြောင့်ထိုင်၏-ဟူသော နှိုင်းယှဉ်နည်းသည် (ခ) အမျိုးအစားမည်၏။

စိကုံးနည်း စည်းကမ်း ၂၁-(က) အမျိုးအစား၌ ဥပမာန+ဥပမေယျ နှစ်ပုဒ်လုံး၌ ဝိဘတ်တူထားရခြင်း၊ ဥပမာန ပုဒ်၏နောက်၌ (ကဲ့သို့, သလို,လိုအနက်ဟော) ဣဝ, ဝိယ-စသော ဥပမာဇောတက (ဥပမာကို ထွန်းပြ ပြောပြတတ်သော) သဒ္ဒါတို့ကို ထားရခြင်းပင် ဖြစ်သည်။

(ခ) အမျိုးအစား၌ ယထာ-ဟူသော ဥပမာဇောတကသဒ္ဒါဖြင့် စီလိုက ၎င်းကို ဥပမာနဝါကျ၏ အစ၌၎င်း, အဆုံး၌၎င်း ထားရခြင်း၊ ဣဝ,ဝိယ-သဒ္ဒါဖြင့် စီလိုက ၎င်းတို့ကို ဥပမာနဝါကျ၏ အဆုံး၌သာ ထားရခြင်း၊ ဥပမေယျ (နောက်) ဝါကျ၌လည်း (ထို့အတူ, ဤအတူ) အနက်ဟော တထာ, ဧဝံတထာတို့ကို ဝါကျ၏အစ၌၎င်း, တပုဒ်၏ နောက်၌၎င်း ထားရခြင်းပင်ဖြစ်သည်။

ဆောင်။ ။ပမာ,ပမေ၊ ဝိဘတ်နေ၊ တူလေ ထားအပ်စွာ။
ဣဝ,ဝိယ-စသည်က၊ ထားရနောက်ပမာ။
ဝါကျသီးသီး၊ ရေးစီနည်း၊ရှိလည်းရှိအပ်ပါ။
ထိုသို့စီလို၊ ယထာ-ကို၊ ထားသို စ,ဆုံးမှာ။
ဣဝ,ဝိယ၊ နှစ်ဌာန၊ စီက ဆုံး၌သာ။
ဧဝံ,တထာ၊ ထိုနှစ်ဖြာ၊ ထားပါနောက်ပမေ၊
အစတထောက်၊ တပုဒ်နောက်၊ ကျရောက်နေရပေ။ ။

### ဣဝ, ဝိယ, ယထာတို့ဖြင့်
### (က) အမျိုးအစားဝါကျ စီကုံးပုံ

ဤဖားသည် ခြင်္သေ့ကဲ့သို့ ဆောင့်ကြောင့် ထိုင်၏။
အယံ မဏ္ဍူကော သီဟော ဝိယ ဥက္ကုဋိကံ နိသီဒတိ။
[ဣဝ-ဖြင့် စီလျှင်လည်း ဤနည်းပင်တည်း။]

### ယထာဖြင့်
### (ခ) အမျိုးအစားဝါကျ စီကုံးပုံ

ခြင်္သေ့သည် ဆောင့်ကြောင့် ထိုင်သကဲ့သို့၊ ထို့အတူ ဤဖားသည်လည်း ဆောင့်ကြောင့် ထိုင်၏။

ယထာ သီဟော ဥက္ကုဋိကံ နိသီဒတိ။-

(တနဲ) သီဟော ဥက္ကုဋိကံ နိသီဒတိယထာ၊တထာ(ဧဝံ,ဇဝံတထာ) အယံ မဏ္ဍူကောပိ ဥက္ကုဋိကံ နိသီဒတိ။

(တနဲ) အယံ မဏ္ဍူကောပိ တထာ (ဧဝံ,ဇဝံတထာ) ဥက္ကုဋိကံ နိသီဒတိ။

### လိန်ကွဲသော်လည်း ဝိဘတ်တူပုံ

ဥပမာန+ဥပမေယျ နှစ်ပုဒ်တို့သည် လိန်အားဖြင့်ငင်း, ဝုစ်အားဖြင့်ငင်း မတူသော်လည်း ဝိဘတ်ကိုမူ အတူတူထား၍ စီရသည်ဟု မှတ်ပါ။

### ဝါကျစီကုံးပုံ

ဘုရားရှင်၏ မျက်နှာတော်သည် လပြည့်ဝန်းကဲ့သို့ ကြည်လင်တော်မူ၏။

ဗုဒ္ဓဿ အာနနံ ပုဏ္ဏစန္ဒော ဝိယ ပသီဒတိ။

ဤပုံစံ၌-အာနနံ-ဟူသော ဥပမေယျက နပုံလိန်, ပုဏ္ဏစန္ဒော-ဟူသော ဥပမာနက ပုံလိန်၊ ဤသို့ လိန်မတူသော်လည်း ပဌမာဝိဘတ်ချင်းကား တူရမည်-ဟူလို။

ဆောင်။ ။ဥပမာန၊ဥပမေယျ၊ပဒနှစ်ပါး၊လိန်ဝုစ်ပြားလည်း၊ဝိဘတ်ကားမူ၊
တူမြဲဟူ၏။

ဂုဏ်ဝိသေသနပုဒ်တို့ကို ကြိယာလုပ်၍ စီကုံးနည်း၊

လှပသည်, အကြည့်တန်သည်, ဖြူသည်, မဲသည်, ကြမ်းသည်, နူးညံ့သည်, လိမ်မာသည်, မိုက်သည်-စသော စကားများကို ဝိသေသန, ဝိသေသျ စီကုံးနည်း၌ ဝိသေသျကို အထူးပြုတတ်သော ဂုဏ်ဟော ဝိသေသန စကားများဖြစ်ကြောင်းကိုငင်း၊ ထိုစကားများကို ဝိသေသျပုဒ်နှင့် ဝိဘတ်တူထား၍ စီကုံးရမည်ကိုငင်း ပြခဲ့ပြီ၊ •

ယခုတဖန် ၎င်းဂုဏ်ဟော ဝိသေသနပုဒ်များကို ကြိယာအဖြစ်သုံးစွဲစီကုံးလိုပါက အထူးအထွေ ပြုပြင်ပြောင်းလဲဖနေစရာ မလိုပါ၊ ထိုပုဒ်များကို ဝိသေသျ၏ နောက်သို့ ပို့လိုက်ခြင်းဖြင့် ကြိယာအဖြစ်သို့ အလိုလို ရောက်သွားပါသည်၊ ဥပမာ-လှပသော ပန်း-ဟူရာ၌ လှပသော သည် ဝိသေသန,ပန်းသည်-ဝိသေသျ၊ ၎င်းကို ပန်းသည် လှပ၏-ဟု စီလိုလျှင် လှပသော-ဟူသော ဝိသေသနကို ပန်း—ဟူသောဝိသေသျ၏နောက်သို့ ပို့လိုက်ပါက—

ပုပ္ဖံ အဘိရူပံ-ပန်းသည် လှပ၏-ဟု ဖြစ်တော့၏၊
ထို့အတူ ဖြူသောဗျိုင်း-သေတော ဗကော၊
ဗျိုင်းသည် ဖြူ၏-ဗကော သေတော။
မဲသောကျီး-ကဏှော ကာကော။
ကျီးသည် မဲ၏-ကာကော ကဏှော။
လှပသောမိမ္ဗပျို-အဘိရူပါ ကညာ။
မိမ္ဗပျိုသည် လှပ၏-ကညာ အဘိရူပါ-စသည်တည်း။

---

## ၅။ ကောင်းမှာဘဲ (ယန္နူန) ဝါကျ

မြန်မာဝါကျ၌ ကောင်းလေစွ, ကောင်းမှာဘဲ, နိပ်မှာဘဲ-စသော စကားတို့ဖြင့် ရေးသား သုံးစွဲထားသည်ကို တွေ့ပါက (ယန္နူန,အဟော ဝတ, သာဓုဝတ)ဟူသော ပုဒ်တို့ကို ဝါကျ၏အစ၌ ထား၍ စီကုံးရလေသည်၊ စီကုံးနည်းမှာ ထိုဝါကျမျိုး၌ ကတ္တားသည် များသောအားဖြင့် ငါ-ကတ္တားသာ အရှိများလေသည်၊ သို့ဖြစ်၍ ကြိယာ၌ (စိတ်ကူးယဉ် ဝါကျ ဖြစ်သည်အားလျော်စွာ)သတ္တမီဝိဘတ်ဖြင့် ထားရ၏၊ ထို၌လည်း အတ္တနောပုဒ် အမှယောဂဝိဘတ်ဖြင့်သာ ထားရသည်၊ ပရဿပုဒ် အမှယောဂ ဝိဘတ်ဖြင့် ထားလေ့မရှိကြပေ၊အနည်းငယ်အားဖြင့်ကား

နာမယောဂ-ကတ္တားလည်း ရှိပါသည်၊ ရှိလျှင် သတ္တမီ နာမယောဂ ဝိဘတ်ဖြင့် ထားပါလေ။

ဆောင်။ ။ကတ္တားမှာငါ၊ကြိယာ၊ မှတ်ပါသတ္တမီ၊
အတ္တနောပုဒ်၊ဧယျ-ထုတ်၊ ဗဟုစ်ရုံခါမှီ။
များသောအားဖြင့်၊ မှတ်ကုန်လင့်၊ ဉာဏ်ဖြင့် ကြွင်းကိုမှီ။ ။

## ဝါကျစီကုံးပုံ

၁။ ငါနက်ဖန် မြို့သွားရလျှင် ကောင်းမှာဘဲ။
ယန္နူနာဟံ သွေ နဂရံ ဂစ္ဆေယျံ။

၂။ ငါဘုရားကို ပန်းဖြင့် ပူဇော်ရလျှင် ကောင်းမှာဘဲ၊
အဟောဝတာဟံ ဗုဒ္ဓံ မာလာယ ပူဇေယျံ။

၃။ ငါဒီနှစ် စာမေးပွဲအောင်ရင် ကောင်းမှာဘဲ။
သာဓုဝတာဟံ ဣမသ္မိံ ဝဿေ ပဌမုဿဝေ ဇယမာလံ လဘေယျံ။

၄။ ငါဒီနှစ် ပါဠိပါရဂူအောင်ရင် ကောင်းလေစွ။
ယန္နူနာဟံ ဣမသ္မိံ ဝဿေ ပါဠိပါရဂူဇယမာလံ လဘေယျံ။

၅။ ဘုရားရှင်သည် ငါ့ထံသို့ ကြွလာလျှင် ကောင်းလေစွ။
အဟောဝတ ဗုဒ္ဓေါ မမ သန္တိကံ အာဂစ္ဆေယျ။

၆။ ရဟန်းတော်တို့သည် ဤအိမ်သို့ ကြွလာလျှင် ကောင်းလေစွ။
သာဓုဝတ ဘိက္ခဝေါ ဣမံ ဂေဟံ အာဂစ္ဆေယျုံ။

---

## ၆။ အကယ်၍ (ကိဥ္စာပိ)ဝါကျ သို့သော်လည်း(တထာပိ)ဝါကျ

(က) ဤပန်းကလေးသည် လှပါသည်၊ (ခ) သို့သော်လည်းအနံ့မကောင်းပါ-ဆိုရာ၌ (က) ဝါကျသည် ပန်းကလေးကိုမြှောက်ပင့်သည့် (သမ္ဘာဝနာ) စကားဖြစ်သည်၊ (ခ) ဝါကျသည် ပန်းကလေးတဖန်ပြန်၍ နှိမ့်ချသည့်(ဂရဟာ)စကားဖြစ်သည်၊ ဤမြန်မာဝါကျမျိုးကို ပါဠိစီကုံးရာ၌(က)ဝါကျအတွက် အစမှာ ကိဥ္စာပိ,ကာမဥ္စ-စသောပုဒ်တို့ကို ထား၍ စီကုံးရသည်၊ (ခ) ဝါကျအတွက် တထာပိ, အထခေါ, ပန,စ—တို့ကိုထား၍ စီကုံးရသည်၊ ထိုတွင်-တထာပိ,အထခေါတို့ဖြင့် စီကုံးလိုက

ဝါကျ၏အစ၌ ၎င်းတို့ကို ထားရ၏၊ ပန,စ-တို့ဖြင့် စီကုံးလိုက ၎င်းတို့ကို တပုဒ်နောက်မှာ ထားရ၏။

ဆောင်။ ။အကယ်၍ကား၊ ဆိုတုံငြား၊ မှတ်သား ကိဥ္စာပိ။
ဝါကျစတွင်၊ ယင်းကိုယှဉ်၊ ဟွင်ကွင် သုံးလေဘိ။
သို့သော်လည်းဟု၊ ဆိုရိုးပြု၊ စီမှု တထာပိ။
တထာပိကို၊ အစဆို၊ စ-ကို ပုဒ်နောင်ထည့်။ ။

ဝါကျစီကုံးပုံ

၁။ ဤသူသည် အကယ်၍ကား ကောင်းသော အကျင့်ရှိ၏၊ သို့သော် စိတ်ကြမ်းထမ်း၏။
ကိဥ္စာပိ အယံ သုသမာစာရော၊ တထာပိ စိတ္တံ ထဒ္ဓံ ဟောတိ။

၂။ ဤအမျိုးသမီးသည် အကယ်၍ကား ချောမော လှပ၏၊ သို့သော် မကောင်းသောအကျင့်ရှိ၏။
ကိဥ္စာပိ အယံကုလဓီတာ အဘိရူပါ၊ အထခေါ သာ ပါပ-သမာစာရာ။

၃။ ဤသက်နှင်းသည် အနုးညှံဆုံးဖြစ်သော်လည်း အသစ်စက်စက် မဟုတ်။
ကာမဥ္စာယံ စီဝရော မုဒုကတရော၊ အဘိနဝေါ ပန န ဟောတိ။

မှတ်ချက်။ ။မြန်မာစကား၌ ရှေ့ဝါကျဝယ် "အကယ်၍" ဟူသော စကားပါမှမဟုတ်၊ နောက်ဝါကျ၌ သို့သော်, သော်လည်း- ဟူသော စကားများပါလျှင် ပါဠိရေးစီသောအခါ ရှေ့ဝါကျ၏အစ၌ ကိဥ္စာပိ,ကာမဥ္စ-ပုဒ်တို့ကို ထား၍စီရမည်၊ နောက်ဝါကျ၌ တထာပိ, အထခေါ, ပန, စ-တို့ကို(သူတို့၏စည်းကမ်းအတိုင်း)ထား၍ စီရမည်ဟု အပြမှတ်လေ။

---

## ၇။ သော်,လတ်သော်(လက္ခဏ)ဝါကျ

### လက္ခဏ-စသည်တို့၏သဘော

မထင်ရှားတဲ့အခြားကြိယာတမျိုးကို မှတ်သားမှ လက္ခဏဟု ခေါ်ရသည်၊ "ဦးဘက မောင်လှ လာတယ်" ဟု ပြော၏၊ "ဘယ်တုန်းကလဲ" ဟု ဒေါ်မြက မေး၏၊ "ဘုန်းကြီးများ ဆွမ်းခံဝင်ကြတုန်းက" ဟု ဦးဘက ဖြေ၏၊ ဤ၌ ထင်ရှားသော ဆွမ်းခံဝင်ခြင်းကြိယာသည် မထင်ရှားသော မောင်လှ၏လာခြင်းကြိယာကို မှတ်သားပြသောကြောင့် လက္ခဏကြိယာ

မည်၏၊ ဆွမ်းခံဝင်ကြသော ဘုန်းကြီးများသည် ထိုလက္ခဏကြိယာ၏ ကတ္တားဖြစ်သောကြောင့် လက္ခဏဝန္တမည်၏၊ မောင်လှ၏ လာခြင်း ကြိယာသည် ဆွမ်းခံဝင်ခြင်းကြိယာ၏ အမှတ်အသားကို ခံရသောကြောင့် လက္ချကြိယာမည်၏၊ ထိုကြိယာ၏ ကတ္တားဖြစ်သော မောင်လှသည် လက္ချဝန္တမည်၏။

## ဝိဘတ်ထားနည်း

ထိုလေးမျိုးအနက် လက္ခဏနှင့် လက္ခဏဝန္တ (ကတ္တား၊ သို့မဟုတ် ကံ)သည် အမြဲသတ္တမီဝိဘတ်ချင်းတူရမည်၊ လက္ခဏသည် ပဓာနဖြစ်၍ ယင်းလက္ခဏပုဒ်နောက်မှာ သတ္တမီဝိဘတ် အမြဲသက်ရမည်၊ ၎င်းပြင် ထိုလက္ခဏ၏ကတ္တား၊ သို့မဟုတ်ကံဖြစ်သော လက္ခဏဝန္တပုဒ်နောက် မှာလည်း (လက္ခဏပုဒ်က ဝိဘတ်အတိုင်း) သတ္တမီဝိဘတ်ပင် သက်ရ မည်-ဟု ဆိုလို၏၊ လက္ချဝန္တနှင့် လက္ချကြိယာကိုမူ ကတ္တား,ကံပဟော စီနည်းအတိုင်း စီကုံးရ၏။

## အနက်ပေးနည်း

သတ္တမီ ဝိဘတ်သက်ပြီးသော လက္ခဏကြိယာကို သော်ဟုဂင်း,လတ် သော်ဟုဂင်း အနက်ပေးရသည်၊ ၎င်း၏ကတ္တားကို (သတ္တမီဝိဘတ်) ဆိုး နေသော်လည်း "သည်"အနက်ပေး၍ ၎င်း၏ကံကိုလည်း ထုံးစံအတိုင်း "ကို"ဟု အနက်ပေးပါ၊ဝါကျတခုတည်း၌ ကတ္တားနှင့်ကံနှစ်ခုလုံးရှိရမည် မဟုတ်ပေ၊ ကတ္တားသော်ဂင်း,ကံ သော်ဂင်း တခုခုသာ ရှိရမည်မှတ်ပါ။

ဆောင်။ ။သော်-ဟု ထွေ့ကာ၊ လက္ခဏ၊ ထားကြသတ္တမီ။
သော်နှင့်တဖန်၊ ကတ္တား-ကံ၊ အမှန်ဝိဘတ်ညီ။

## ဝါကျစီကုံးပုံ

၁။ နေဝင်သည်ရှိသော် ရဟန်းတို့သည် ဘုရားကို ရှိခိုးကုန်၏။
သူရိယေ အတ္ထင်္ဂတေ ဘိက္ခူ ဗုဒ္ဓံ ဝန္ဒန္တိ။

၂။ ဆရာခေါ်သည်ရှိသော် တပည့်သည် ဆရာ့ထံ လာ၏။
အာစရိယေ ပက္ကောသန္တေ သိဿော အာစရိယဿ သန္တိကံ အာဂစ္ဆတိ။

၃။ တံခါးတို့ကို ဖွင့်အပ်ကုန်သော် လူတို့သည် ထွက်ကုန်၏။
ဒွါရေသု ဝိဝရီယမာနေသု မနုဿာ နိက္ခမန္တိ။

**အထူးမှတ်ရန်**။ ။သော်,လတ်သော်-ဟု အနက်ပေးတိုင်း လက္ခဏာဟု မမှတ်ရ၊ မထင်ရှားတဲ့ ကြိယာကို မှတ်သားပြတဲ့ သဘောမှသာ-လက္ခဏာ-ဟု မှတ်ပါ။ သော်,လတ်သော်-ဟု အနက်ပေးရသော ဤလက္ခဏာ+လက္ခဏဝန္တပါဠိစိကိုးနည်း၌ ကတ္တားနှစ်မျိုး, ကြိယာနှစ်မျိုးရှိသည်ဟု မှတ်သားနိုင်ပါဦး၊ [အထက်ကပြခဲ့သော စိကိုးပုံနမူနာကို ပြန်ကြည့်ပါ။]

"သော်,လတ်သော်"ဟုပေးရသော လက္ခဏာအနက်၌ နာမ်ဝိဘတ်ထည်းမှ သတ္တမီအပြင် ဆဋ္ဌီဝိဘတ်နှင့် ကိတ်ပစ္စည်းထည်းမှ မာန,အန္တပစ္စည်းများလည်း သက်ကြသေးသည်။

**ဆဋ္ဌီဝိဘတ်**။ အာယသ္မာ ဖဂ္ဂုနော အစိရပက္ကန္တဿ ဘဂဝတော ကာလမကာသိ။ [ဤ၌ အစိရပက္ကန္တ ပုဒ်ခေါင်လက္ခဏာအနက်၌ ဆဋ္ဌီဝိဘတ် သက်ထားသည်။]

**မာန-ပစ္စည်း**။ အပေဟိတိ ဝုစ္စမာနော ပက္ကမတိ။ [ဤ၌ဝုစ္စမာနော ဝယ် ဝစ-ဓာတ်နောင်လက္ခဏာအနက်၌ မာနပစ္စည်း သက်ထားသည်။]

**အန္တ-ပစ္စည်း**။ ဂစ္ဆန္တော ဘာရဒွါဇော သော အဒ္ဒသာ အစ္ဆုတံ ဣသိံ။ [ဤ၌ ဂစ္ဆန္တော ဝယ် ဂမု-ဓာတ်နောင် လက္ခဏာအနက်၌ အန္တပစ္စည်း သက်ထားသည်၊ အန္တ ပစ္စည်းက လက္ခဏာအနက်ကိုဟောနေပြီဖြစ်၍ ပဌမာသိဝိဘတ်က ထိုအနက်ကို ထပ်ဟောနေစရာမလို၊ ထုံးစံအတိုင်း လိင်္ဂတ္ထကိုသာ ဟောသည်ဟု မှတ်လေ။]

ထို့ပြင်—မာန,အန္တ ပစ္စယန္တ ပုဒ်များသည် အပ္ပဓာန ဝိသေသနပုဒ်များဖြစ်ကြ၍ ဝိသေသျပုဒ်၏ လိင်,ဝုစ်,ဝိဘတ် အတိုင်းနေကြရသည်လည်း ရှိသေး၏၊ ဤအဓိပ္ပါယ်များမှာ အခြေခံနှင့် မတန်လှ၍ ရှင်းပြရန်မလိုသေးပါ။

---

## ၈။ စဉ့်,ခိုက်(အနာဒရ)ဝါကျ

### အနာဒရစသည်တို့၏ သဘော

ရှိသေလေးစားခြင်းမရှိသူ၏ အပြုအမူကို အနာဒရကြိယာဟု ခေါ်၍ ထို(အနာဒရကြိယာ၏)ကတ္တားကိုအနာဒရဝန္တဟုခေါ်သည်၊ အရှိသေအလေးစား မခံရသူ၏ အပြုအမူကို အနာဒရိယကြိယာဟု ခေါ်၍

ထို(အနာဒရိယကြိယာ)၏ ကတ္တားကို အနာဒရိယဝန္တဟု ခေါ်သည်၊ ထင်ရှားစေပါအံ့- "ဝေဿန္တရာမင်းကြီး ကြည့်နေစဉ် ပုဏ္ဏားသည်- ခေါ်ဆောင်သွား၏"၊ ဤ၌ ပုဏ္ဏားသည် ဝေဿန္တရာမင်းကြီးကိုမရိုသေ မလေးစားသူဖြစ်၏၊ သူ၏အမှုအရာဟူသည် ခေါ်ဆောင်သွားခြင်းပင် တည်း။

ဝေဿန္တရာမင်းကြီးသည် ပုဏ္ဏား၏အရိုသေ အလေးစားကို မခံရသူ ဖြစ်၏၊ သူ၏အပြုအမူဟူသည် ကြည့်နေခြင်းပင်တည်း၊ ဤစကားအရ ခေါ်ဆောင်သွားခြင်း ကြိယာသည် (မရိုသေမလေးစားသောပုဏ္ဏား၏ အပြုအမူဖြစ်၍) အနာဒရကြိယာမည်၏၊ ပုဏ္ဏားသည် ထိုအနာဒရ ကြိယာ၏ ကတ္တားဖြစ်၍ အနာဒရဝန္တမည်၏၊ ကြည့်နေခြင်းကြိယာသည် (အရိုသေအလေးစားမခံရသော ဝေဿန္တရာမင်းကြီး၏ အပြုအမူဖြစ်၍) အနာဒရိယကြိယာမည်၏၊ ဝေဿန္တရာမင်းကြီးသည် (ထိုအနာဒရိယ ကြိယာ၏ ကတ္တားဖြစ်၍) အနာဒရိယဝန္တမည်၏။

## ဝိဘတ်ထားနည်း

ထိုလေးမျိုးအနက် အနာဒရိယ+အနာဒရိယဝန္တ တို့သည် အမြဲ ဆဋ္ဌီ၊ သို့မဟုတ် သတ္တမီဝိဘတ်ချင်း တူရမည်၊ အနာဒရိယသည် လိုရင်း ဖြစ်၍ ယင်းပုဒ်၏ နောက်မှာ ဆဋ္ဌီ၊ သို့မဟုတ် သတ္တမီ ဝိဘတ်အမြဲ သက်ရမည်၊ ၎င်းပြင် ထိုအနာဒရိယ၏ ကတ္တားဖြစ်သော အနာဒရိယ ဝန္တပုဒ်နောက်မှာလည်း ဆဋ္ဌီ၊ သို့မဟုတ် သတ္တမီဝိဘတ်ပင် သက်ရမည်၊ အနာဒရကြိယာနှင့်အနာဒရဝန္တကိုမူ ကတ္တား,ကံဟောစီနည်းအတိုင်း ပင် စီရ၏။

## အနက်ပေးနည်းမှတ်ရန်

ဆဋ္ဌီ၊ သို့မဟုတ် သတ္တမီဝိဘတ် သက်ပြီးသော အနာဒရိယကြိယာကို စဉ်ဟုရင်း, ခိုက်-ဟုရင်း, တုန်း-ဟုရင်း အနက်ပေးရသည်၊ ၎င်း၏ ကတ္တား(အနာဒရိယဝန္တ)ကို ဆဋ္ဌီ၊ သို့မဟုတ် သတ္တမီဝိဘတ် ဆုံးနေ သော်လည်း သည်-ဟုပင် အနက်ပေးရသည်။

ဆောင်။ ။စဉ်,ခိုက်,တုန်း—နှင့်၊ တွေ့ကြုံလင့်၊ မှတ်သင့် အနာဒရာ။
အနာဒရီ၊ ကတ္တားညှိ၊ တူဘိ ဆဋ်-သတ်ပါ။

ဝါကျစိ ကုံးပုံ

၁။ ဝေဿန္တရာမင်းကြီး ကြည့်နေစဉ် ပုဏ္ဏားသည် ခေါ်ဆောင်သွား၏။

ဝေဿန္တရဿ ပေက္ခတော ဗြာဟ္မဏော နေတိ။

၂။ သူငယ်ကလေး ငိုနေစဉ် မိခင်သည် အိမ်မှ ထွက်ပြီ။
ဒါရကဿ ရုဒတော မာတာ ဂေဟာ နိက္ခမိ။

၃။ ဆရာက မဖြတ်ပါနဲ့ဟု ပြောနေစဉ် တပည့်သည် ဖြတ်ပြီ၊
အာစရိယဿ မာ ဆိန္ဒာတိ ကထေန္တဿ သိဿော ဆိန္ဒိ၊

အထူးမှတ်ရန်

စဉ်,တုန်း,ခိုက်ဟုအနက်ပေးတိုင်းအနာဒရိယဟုမမှတ်ရ၊(က)အရိုသေ အလေးစားခံ ကတ္တား+ကြိယာနှင့်(ခ)ရိုသေ လေးစား တတ်သော ကတ္တား+ကြိယာဟု နှစ်မျိုးရှိရာ (က) အမျိုးအစားကလည်း အရိုအသေ အလေးအစားကို မခံရပါမှ (ခ) အမျိုးအစားကလည်း တကယ့်ကို မရိုသေ မလေးစားပါမှ အနာဒရိယဟုမှတ်ပါ၊ စဉ်-ဟု အနက်ပေးရသော အနာဒရိယ+အနာဒရိယဝန္တ ပါဠိစိကုံးနည်း၌ ကတ္တားနှစ်မျိုး,ကြိယာနှစ်မျိုးရှိရသည်ဟု မှတ်သားနှင့်ပါဦး၊ [အထက်ကပြခဲ့သော စိကုံးပုံ နမူနာကိုပြန်ကြည့်ပါ]

---

၉။ ဖြစ်နိုင်တန်ကောင်းပါရဲ့ (အပေ့ဝနာသ) ဝါကျ

"ဖြစ်နိုင်တန် ကောင်းပါရဲ့" ဆိုသောစကားမှာ ကိန်းသေဖြစ်မည်ကို ပြောသောစကားမဟုတ်၊ အဆင်သင့် (အကြောင်းညီညွတ်) လျှင် ဖြစ်နိုင်စရာရှိကြောင်းကို ကြံစည်စိတ်ကူး၍ပြောသော ပရိကပ္ပစကားဖြစ်သည်၊ ထို့ကြောင့် ကြိယာ၌ ပရိကပ္ပအနက်မှာသက်သော သတ္တမီဝိဘတ်ကို ကတ္တား၏ယောဂနှင့် ၎စ်ကိုကြည့်၍ တပ်ဆင်ရမည်၊"ဥပမာ" ကတ္တားက နာမယောဂ ဧကဝုစ်ဖြစ်အံ့၊ ကြိယာမှာ-နာမယောဂ ဧကဝုစ် ယျေဝိဘတ်၊ ကတ္တားက တုမှယောဂ ဗဟုဝုစ်ဖြစ်အံ့၊ ကြိယာမှာ တုမှယောဂဗဟုဝုစ်ယျာထဝိဘတ်၊ ကတ္တားက အမှယောဂ ဧကဝုစ်ဖြစ်အံ့၊ ကြိယာမှာ အမှယောဂ ဧကဝုစ်ဧယျာမိဝိဘတ် တပ်ဆင်ရသည်-

ဟူလို၊ ဝါကျ၏အစမှာလည်း သံသယအနက်ကို ညွှန်ပြသည့် ''အပ္ပေဝနာမ''ဟူသော နိပါတ်ပုဒ်ကိုထား၍ စီကုံးရသည်။

ဝါကျစီကုံးပုံ

၁။ ငါသည် ထိုရဟန်းကို ဤမြိုမှ စရိယမှ ရွှေလျောစေနိုင်တန်ကောင်းပါရဲ့။
အပ္ပေဝနာမ နံ ဣမမှာ ဗြဟ္မစရိယာ စာဝေယျံ။

၂။ ငါတို့ကလဲ ဒကာတို့ကို ပေးကမ်းစရာ အနဲအကျဉ်းကို ပေးနိုင်ကောင်း ပေးနိုင်ပါလိမ့်မယ်။
အပ္ပေဝနာမ မယမ္ပိ အာယသ္မန္တာနံ ကိဉ္စိမတ္တံ အနုပဒဇ္ဇေယျာမ။

၃။ အကြောင်းညီညွတ်ရင်တော့ သံဃာတော်များ မင်းတို့ရွာကြွနိုင်တန် ကောင်းပါရဲ့။
အပ္ပေဝနာမ ဘိက္ခုသံဃော တုမှာကံ ဂါမံ အာဂစ္ဆေယျ ကာလဉ္စ သမယဉ္စ ဥပါဒါယ။

၄။ လမ်းကောင်းရင် မင်းတို့ဆီ ငါလာနိုင်ကောင်းပါရဲ့။
အပ္ပေဝနာမ တုမှာကံ သန္တိကံ အာဂစ္ဆေယျံ သုပ္ပထံ ဥပါဒါယ။

---

### ၁၀။ ဒါ မတော်ပါဘူး (နခေါပနေတံ) ဝါကျ

ဤဝါကျသည် ပယ်မြစ်ဝါကျနှင့် သဘောတူသော်လည်း စီကုံးရေးသားပုံချင်း မတူတတ်၍ သီးခြား ရေးလိုက်သည်၊ ဤဝါကျ၌ အကြောင်းပြစကားတရပ်,အကျိုးပြစကားတရပ်ဟု ၂-မျိုးရှိသည်၊စီကုံးသည့်အခါ အကြောင်းပြစကားကို နောက်ကထား, အကျိုးပြစကားကို ရှေ့ကထားရသည်၊ အကြောင်းပြစကားသည်လည်း ဧကန်မဟုတ် ကြံစည်တွေးခတာခြင်း ''ပရိကပ္ပ''မျှ ဖြစ်သောကြောင့် ထိုအကြောင်းပြစကား၏ ကြိယာ၌ များသောအားဖြင့် သတ္တမီဝိဘတ်ကို ကတ္တား၏ ယောဂအားလျော်စွာ တပ်ဆင်ရသည်၊ ထို့အပြင် အကြောင်းပြဝါကျ၏အစ၌ ''ယ'' သဗ္ဗနာမ်ပုဒ်ကို လိန်အားလျော်စွာ ကတ္တားနှင့်တွဲစပ်ထားရသေးသည်၊ အကျိုးပြစကားကိုမူ ပြောင်းလွဲခြင်းမရှိ၊ ''နခေါပနေတံ ပဋိရူပံ''ဟူသော စကားတမျိုးထည်းကိုသာ ရှေ့ဆုံးကထား၍ ရေးသား စီကုံးရလေသည်။

ဥပမာ "ငါဟာ အမျိုးကောင်းသားတယောက် ဖြစ်လျက် ဒီလို မကောင်းမှုပြုလုပ်ထာ မတော်ဘူး "နခေါ ပနေတံ ပဋိရူပံ-ယွာဟံ ကုလ ပုတ္တော သမာနော ဝေရူပံ ပါပကမ္မံ ကရေယျံ" ဤဝါကျ၌ "ငါဟာ" မှစ၍ "ပြုလုပ်ထာ"အထိ စကားရပ်သည် အကြောင်းပြု စကားဖြစ်၏၊ ထိုစကား၌ပါသော အလုပ်ကို ကေန်ပြုလုပ်မည်မဟုတ်၊ ပြုလုပ်လျှင် မတော်ကြောင်း ကြံစည်တွေးတောခြင်း ပရိကပ္ပမျှသာဖြစ်၍ ကရေ ယျံ-ဟု "ငါကတ္တား၏ ယောဂ" အားလျော်စွာ သတ္တမီယ်ံဝိဘတ်နှင့် ထားရသည်၊ ထိုဝါကျ၏အစ၌လည်း ယ–သဗ္ဗနာမ်ပုဒ်ကို အဟံကတ္တား နှင့် တွဲစပ်၍ "ယွာဟံ"ဟု ထားရသေးသည်၊ မြန်မာစကား၌ "မတော်ပါဘူး" ဟူသော အကျိုးပြစကားသည် နောက်ဆုံးကနေ သော်လည်း ပါဠိစီကုံးသောအခါ ၎င်းကိုအကြောင်းပြစကားပ်ရှေ့ဆုံး ကထား၍ "န ခေါ ပနေတံ ပဋိရူပံ"ဟု စီကုံးရမည် ဟူလို။

### ဝါကျစီကုံးပုံ

၁။ မင်းဟာ ကိုရင်လုပ်နေပြီး ဒီလိုသူ့အသက်သတ်ထာ မတော် ပါဘူး။

န ခေါ ပနေတံ ပဋိရူပံ-ယော တွံ သာမဏေရော သမာနော ဝေရူပံ ပါဏာတိပါတကမ္မံ ကရေယျာသိ။

၂။ ငါသည် ဆင်းရဲနေသော မိဘတို့ကို မပြုစု မလုပ်ကျွေးဘဲ နေ ခြင်းငှါ မသင့်လျော်ပေ။

န ခေါ ပနေတံ ပဋိရူပံ-ယွာဟံ ဒုက္ခိတေ မာတာပိတရော အပရိဝိသိတွာ ဝသေယျံ။

၃။ မိတ်ဆွေ···· မင်းဟာ အမျိုးကောင်းသားဖြစ်လျက် ဒီလို မကောင်းတဲ့အလုပ်ကို လုပ်ထာ မတော်ဘူး။

န ခေါ ပနေတံ ပဋိရူပံ-ယော တွံ သမ္မ ကုလပုတ္တော သမာနော ဝေရူပံ ပါပကံ ကမ္မံ ကရေယျာသိ။

---

## ၁၁။ (က) မဖြစ်နိုင်ပါဘူး (အဋ္ဌာနမေတံ)
## (ခ) ဖြစ်နိုင်ပါတယ်(ဌာနမေတံ)ဝါကျ

ဆင်ကန္နံ့ပြည်စုတ်ငှက်ကလေးကို နင်းသတ်သည်မှာ သဘာဝကျ၍ ဖြစ်နိုင်၏၊ ဤသို့ဖြစ်နိုင်သည့်ကိစ္စကို ''ဖြစ်နိုင်တယ်''ဟု ပြောဆိုရာ၌ ဌာနံခေါပနေတံ ဝိဇ္ဇတိ-ဟု ပြောရသည်၊ နှံပြည်စုတ်ငှက်က ဆင်ကို နင်းသတ်သည်ဆိုရာ၌ သဘာဝမကျ၍ မဖြစ်နိုင်သည့်ကိစ္စကို''မဖြစ်နိုင်'' ဟု ပြောဆိုရာ၌ ပါဠိလို ''အဋ္ဌာနမေတံ အနဝကာသော''ဟု ပြောရ သည်။

စီကုံးနည်းမှာ—နခေါပနေတံ ဝါကျစီကုံးသလိုပင် စကား နှစ်ရပ်ခွဲ၍ နောက်စကားရပ်၏ ကြိယာများမှာ သတ္တမီဝိဘတ်နှင့် ထားရခြင်း,ဝါကျ ၏ အစမှာ ကြိယာနှင့်တွဲစပ်အနက်ပေးရသည့်''ယံ''ပုဒ်တို့ကို ထားရ ခြင်း,ရှေ့စကားရပ်ကို''အဋ္ဌာနမေတံ အနဝကာသော ဌာနံ ခေါပနေတံ ဝိဇ္ဇတိ''ဟူ၍ အမြဲရေးသား စီကုံးရခြင်းအားဖြင့် န ခေါပနေတံ ဝါကျ စီကုံးနည်းနှင့် များစွာ မထူးခြားလှပေ။

### (က) ဝါကျစီကုံးပုံ

၁။ နှံပြည်စုတ်ငှက်က ဆင်ကိုနင်းသတ်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး။
အဋ္ဌာနမေတံ အနဝကာသော-ယံ လာပေါ ဟတ္ထိ မဒ္ဒိတွာ ဟနေယျ။

၂။ ခွေးက ကျားကို ကိုက်တယ်ဆိုတာ မဟုတ်နိုင်။
အဋ္ဌာနမေတံ အနဝကာသော-ယံ သုနခေါ ဗျဂ္ဃံ ခါဒေယျ။

၃။ ရဟန္တာကြီးက သူ့အသက်ကိုသတ်တယ်ဆိုတာ မဟုတ်နိုင်ပါ။
အဋ္ဌာနမေတံ အနဝကာသော-ယံ အရဟာ ပရံ ဇီဝိတာ ဝေါရောပေယျ။

### (ခ) ဝါကျစီကုံးပုံ

၁။ ထောပတ်က အားကိုဖြစ်စေတယ်ဆိုတာ ဟုတ်နိုင်ပါတယ်။
ဌာနံ ခေါပနေတံ ဝိဇ္ဇတိ-ယံ သပ္ပိ ဗလံ ဥပ္ပါဒေယျ။

၂။ မိဘများက သားသမီးတွေကို ချစ်တယ်ဆိုတာ ထုံးစံပဲ။
ဌာနံ ခေါပနေတံ ဝိဇ္ဇတိ-ယံ မာတာပိတရော ပုတ္တေ ပိယေယျုံ။

၃။ မိမ္မတွေ သားဖွားကြတယ်ဆိုတာ ထုံးတမ်းစဉ်လာ ဓမ္မတာဘဲ။
ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ-ယံ ဣတ္ထိယော ပုတ္တံ ဝိဇာယေယျုံ။

၄။ ခြင်္သေ့မင်းသည် မြက်ကိုမစားဘဲ တောဒ္ဒလှည့်လည်၍ သား ကောင်တို့ကို ရှာဖွေစားသောက်တယ်ဆိုတာ ဟုတ်မှန်ပါတယ်။
ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ-ယံ သီဟရာဇာ တိဏံ အခါဒိတွာ ဝနေ ဝိစရိတွာ မိဂေ ပရိဿယသန္တော ခါဒေယျ။

ဤပြဆိုအပ်ခဲ့ပြီးသော နည်းများအတိုင်း မှန်ကန်သွက်လက်စွာစီကုံး နိုင်လျှင် အတော်အတန် အခြေခံရလောက်ပြီဖြစ်၍ ဤတွင် အဆုံးသတ် လိုက်ပါပြီ။

## နိဂုံး

(က) စန္ဒမုခါဘိဝံသေန၊
ဉောင်တိုး နဂရဝါသိနာ။
တတောယံ ပါဒကော ဂန္ထော၊
အနာယာသေန နိဋ္ဌိတော။

( ခ ) နေတ္တစိတ္တေ သုနိက္ခိတွာ၊
သဇ္ဇနန္တော ပေတ္တ ဂန္ထကေ။
အယုတ္တံ အသုဒ္ဓံ ဝါစံ၊
သန္တော မံ သောဓယန္တု တံ။

(ခ) ဧတ္တေ ဂန္ထကေ နေတ္တစိတ္တေ သုနိက္ခိတွာ သဇ္ဇနန္တောပိ အယုတ္တာ ယုတ္တရဟိတာ အသုဒ္ဓါ သုဒ္ဓရဟိတာ ယာ ဝါစာ ဧ အတ္ထိ၊ မံ မမ အယုတ္တံ အသုဒ္ဓံ တံ ဝါစံ သပ္ပုရိသာ သောဓယန္တုတိ ယောဇနာ။

အခြေခံ ပါဠိစီကုံးနည်း ပြီး၏။

## ကံ ကတ္တား ဝါကျ ပြောင်းလဲပုံများ

# လေ့ကျင့်ရန်

### အကာရန္တ ပုလ္လိင် ကတ္တု-ကမ္မဝါကျ

၁။ ပုရိသော ဗုဒ္ဓံ+ဗုဒ္ဓေ ဝါ ဝန္ဒတိ (ဝန္ဒကော ဝါ၊)
၂။ ပုရိသေ+ပုရိသေဟိ ဝါ ဗုဒ္ဓေါ ဝန္ဒိယတေ (ဝန္ဒိတဗ္ဗော ဝါ။)
၃။ ပုရိသာ+ ဗုဒ္ဓံ+ဗုဒ္ဓေ ဝါ ဝန္ဒန္တိ (ဝန္ဒကာ ဝါ။)
၄။ ပုရိသေန+ပုရိသေဟိ ဝါ ဗုဒ္ဓါ ဝန္ဒိယန္တေ (ဝန္ဒိတဗ္ဗာ ဝါ။)

### ဣကာရန္တ ပုလ္လိင် ကတ္တု-ကမ္မဝါကျ

၁။ အဂ္ဂိ ဝီဟိံ+ဝီဟယော ဝါ ဒဟတိ (ဒါဟကော ဝါ။)
၂။ အဂ္ဂိနာ+အဂ္ဂီဟိ ဝါ ဝီဟိ ဒယှတေ (ဒယှော ဝါ။)
၃။ အဂ္ဂယော ဝီဟိံ+ဝီဟယော ဝါ ဒဟန္တိ (ဒါဟကာ ဝါ။)
၄။ အဂ္ဂိနာ+အဂ္ဂီဟိ ဝါ ဝီဟယော ဒယှန္တေ (ဒယှာ ဝါ။)

### အကာရန္တ နပုလ္လိင် ကတ္တု-ကမ္မဝါကျ

၁။ စိတ္တံ အာရမ္မဏံ+အာရမ္မဏာနိ ဝါ စိန္တေတိ (စိန္တကံ ဝါ။)
၂။ စိတ္တေန+စိတ္တေဟိ ဝါ အာရမ္မဏံ စိန္တိယတေ (စိန္တိတဗ္ဗံ ဝါ။)
၃။ စိတ္တာနိ အာရမ္မဏံ+အာရမ္မဏာနိ ဝါ စိန္တေန္တိ (စိန္တကာနိ ဝါ။)
၄။ စိတ္တေန+စိတ္တေဟိ ဝါ အာရမ္မဏာနိ စိန္တိယန္တေ (စိန္တိတဗ္ဗာနိ ဝါ။)

### ဣကာရန္တ နပုလ္လိင် ကတ္တု-ကမ္မဝါကျ

၁။ အက္ခိ အင်္ဂုံ+အင်္ဂူနိ ဝါ ပဿတိ (ပဿကံ ဝါ။)
၂။ အက္ခိနာ+အက္ခီဟိ ဝါ အင်္ဂု ပဿိယတေ (ပဿိတဗ္ဗံ ဝါ။)
၃။ အက္ခီနိ အင်္ဂုံ+အင်္ဂူနိ ဝါ ပဿန္တိ (ပဿကာနိ ဝါ။)
၄။ အက္ခိနာ+အက္ခီဟိ ဝါ အင်္ဂူနိ ပဿီယန္တေ (ပဿိတဗ္ဗာနိ ဝါ။)

### အာကာရန္တ ဣတ္ထိလိင် ကတ္တု-ကမ္မဝါကျ

၁။ ကညာ မာလံ+မာလာယော ဝါ ဓာရေတိ (ဓာရိကာ ဝါ။)
၂။ ကညာယ+ကညာဟိ ဝါ မာလာ ဓာရီယတေ (ဓာရိတဗ္ဗာ ဝါ။)
၃။ ကညာယော မာလံ+မာလာယော ဝါ ဓာရေန္တိ (ဓာရိကာ ဝါ။)

၄။ ကညာယ+ကညာဟိဝါ **မာလာယော** ခါရိယန္တေ (ခါရိ-တဗ္ဗာဝါ။)

### ဣကာရန္တ ဣတ္ထိလိင် ကတ္တုကမ္မဝါကျ

၁။ ဗုဒ္ဓိ ပါဠိံ+ပါဠိယော ဝါစေတိ(ဝါစိကာဝါ။)
၂။ ဗုဒ္ဓိယာ+ဗုဒ္ဓိဟိဝါ **ပါဠိ** ဝါစီယတေ (ဝါစိတဗ္ဗာဝါ။)
၃။ **ဗုဒ္ဓိယော** ပါဠိံ+ပါဠိယောဝါ ဝါစေန္တိ (ဝါစိကာဝါ။)
၄။ ဗုဒ္ဓိယာ+ဗုဒ္ဓိဟိဝါ **ပါဠိယော** ဝါစီယန္တေ (ဝါစိတဗ္ဗာဝါ။)

### တုမှ,နာမယောဂ ကတ္တု-ကမ္မဝါကျ

၁။ **တွံ** ဂါမံ+ဂါမေဝါ ဂစ္ဆသိ (ဂတောဝါ။)
၂။ တယာ+တုမှေဟိဝါ **ဂါမော** ဂစ္ဆီယတေ (ဂန္တဗ္ဗောဝါ။)
၃။ **တုမှေ** ဂါမံ+ဂါမေဝါ ဂစ္ဆထ(ဂတာဝါ။)
၄။ တယာ တုမှေဟိဝါ **ဂါမာ** ဂစ္ဆီယန္တေ(ဂန္တဗ္ဗာဝါ။)

### အမှ,နာမယောဂ ကတ္တု-ကမ္မဝါကျ

၁။ **အဟံ** ကမ္မံ+ကမ္မာနိဝါ ကရောမိ(ကာရကောဝါ။)
၂။ မယာ+အမှေဟိဝါ **ကမ္မံ** ကရီယတေ (ကတ္တဗ္ဗံဝါ။)
၃။ **မယံ** ကမ္မံ+ကမ္မာနိဝါ ကရောမ (ကာရကာဝါ။)
၄။ မယာ+အမှေဟိဝါ **ကမ္မာနိ** ကရီယန္တေ (ကတ္တဗ္ဗာနိဝါ။)

### တုမှ,အမှ ကတ္တုကမ္မဝါကျ

၁။ **အဟံ** တံ+တုမှေဝါ ရက္ခာမိ (ရက္ခကောဝါ။)
၂။ မယာ+အမှေဟိဝါ **တွံ** ရက္ခီယသေ (ရက္ခိတဗ္ဗောဝါ။)
၃။ **မယံ** တံ+တုမှေဝါ ရက္ခာမ (ရက္ခကာဝါ။)
၄။ မယာ+အမှေဟိဝါ **တုမှေ** ရက္ခီယဝှေ (ရက္ခိတဗ္ဗာဝါ။)

**မှတ်ချက်။** ။အထက်ပါ ကတ္တုဝါကျ ကမ္မဝါကျပြောင်းလဲပုံတို့တွင် အမှတ် ၁-၃- ဝါကျများသည် ကတ္တားဟော ဧကဝုစ်, ဗဟုဝုစ်ဝါကျများဖြစ်၍ ၂-၄-ဝါကျများသည် ကံဟော ဧကဝုစ်,ဗဟုဝုစ်ဝါကျများဖြစ်ကြသည်။

ကြိယာပုဒ်က ကတ္တားကိုဟောလျှင် ၎င်းကြိယာပုဒ်နှင့် ကတ္တားပုဒ်တို့ ဝုစ်, ယောဂ, ပုရိသ်-ညီညွတ်စေ၍

ပဥ္စမာဝိဘတ်နှင့်လည်း ယှဉ်စေရမည်၊ မဟောသော ကံပုဒ်နှင့်မူကား ဝုစ်,ယောဂ,ပုရိသ်- ညီညွတ်စေရန် မလို၊ ဒုတိယာဝိဘတ် ယှဉ်စေရန်သာ လိုသည်။

ကြိယာပုဒ်က ကံကိုဟောလျှင် ၎င်းကြိယာပုဒ်နှင့် ကံပုဒ်တို့ ဝုစ်,ယောဂ, ပုရိသ်-ညီညွတ်စေ၍ ပဥ္စမာဝိဘတ်နှင့်လည်း ယှဉ်စေရမည်၊ မဟောသော ကတ္တားပုဒ်နှင့်မူကား ဝုစ်, ယောဂ, ပုရိသ်-ညီညွတ်စေရန် မလို၊ တတိယာဝိဘတ် ယှဉ်စေရန်သာ လိုသည်။

အာချာတ်ကြိယာနှင့်စီကုံးသောအခါ ၎င်းကြိယာပုဒ်သည် လိင်မရှိသည့် အ-လိင်မျိုးဖြစ်၍ အာချာတ်ကြိယာ ပုဒ်နေပုဒ်ထား အပြောင်းအလဲမရှိ၊ ကိတ်ကြိယာနှင့်စီကုံးသောအခါ ၎င်းကြိယာပုဒ်သည် ဟောအပ်သောလိင်သို့လိုက်သောလိင်ရှိသည့် အဘိဓေယျလိင်္ဂကမျိုးဖြစ်၍ ကြိယာပုဒ်နေပုဒ်ထားမှာလည်း မိမိဟောသော ကတ္တားပုဒ်, ကံပုဒ်တို့နှင့် လိင်, ဝုစ်, ဝိဘတ် ညီညွတ်စေရသည်။

အထူးမှာ ယု,ဏျ, တု ပစ္စယန္တ ကိတ်ကြိယာပုဒ် တို့ဖြင့် စီကုံးမှု အဝုတ္တကံပုဒ်သည် ဒုတိယာကံ မဖြစ်စေသင့်၊ ဆမ္ဗန္ဓာကံသာ ဖြစ်စေသင့်သည်။

ကြိယာသည် ဟောအပ်သောဝုတ္တကတ္တားပုဒ်, ဝုတ္တကံပုဒ်တို့ကို စာလုံးမဲဖြင့်ပြ၍ ကိတ်ကြိယာပုဒ်တို့ကို လက်သည်းကွင်းဖြင့် ပြသထားပါသည်။

[ဤကံ-ကတ္တားဝါကျ ပြောင်းလဲပုံ ကလေးကို သောတုဇဉ်တို့ လေ့လာ နိုင်စေခြင်းအကျိုးငှါ ဟံသာဝတီက သီးခြား ဖော်ပြခြင်း ဖြစ်ပါသည်။]

ဟံသာဝတီစာအုပ်တိုက်
၃၅၇-ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်မြို့
တအုပ် ၂-ကျပ် ၅၀-ပြား။